www.burmeseclassic.com



# ဦးကျော်ဇေယျ

# အမှုအခင်းရှေ့နေနှင့် တရားခွင် ဟာသများ

www.burmeseclassic.com

**အမှုအခင်း၊ ရွှေနေနှင့် တရားခွင်ဟာသများ**

စာအုပ်စာတမ်းစာနယ်ဇင်း
ကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
[၉၅၄/၉၉(၁၀)]

မျက်နှာဖုံး ကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
[၆၂၁/၉၉ (၁၀)]

**မျက်နှာဖုံးပန်းချီ** - ဇော်မောင်

**ပုံနှိပ်ခြင်း** - ပထမအကြိမ်

**အုပ်ရေ** - ၁၀၀၀

**ထုတ်ဝေသည့်ကာလ**

၁၉၉၉ ခုနှစ်၊ နိုဝင်ဘာ

**ရောင်းဈေး**

၅၀၀ ကျပ်

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**

စာပေလောက ပုံနှိပ်တိုက်၊ ဒေါ်ခင်လှ (၀၁၅၈၇)

အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးကျော်ဇေယျ (၀၃၂၈၄)၊ စကားပြောနေသူများစာပေ

အမှတ် ၁၂၄၊ အခန်း ၁၀ (ပ)ထပ်

ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

## ဦးရေနည်းလို့

ရှေ့နေမိတ်ဆွေနှစ်ဦး တစ်ချိန်တည်း ကွယ်လွန်သွားခဲ့ကြသည်။ တစ်ယောက်မှာ နတ်ပြည်သို့ရောက်ပြီး တစ်ယောက်မှာ ငရဲပြည်သို့ ရောက်သည်။

တစ်နေ့သော နတ်ပြည်ရောက်ရှေ့နေက ငရဲပြည်ရောက်ရှေ့နေကို ဖုန်းဆက်၍ မေးသည်။

'မင်းနေရထိုင်ရတာ အဆင်ပြေရဲ့လားကွ'

'ပြောရင် ယုံချင်မှ ယုံမယ်၊ အင်မတန် ဇိမ်ကျတယ်ကွ၊ ရောက်ရောက်ချင်း ဝတ်စုံနီဝတ်ခိုင်းပြီး မီးကိုဆွဖို့ သံချောင်းတစ်ချောင်း ပေးတယ်၊ အဲဒီနောက်မှာ သောက်ပွဲစားပွဲတွေ၊ ကခုန်ပွဲတွေနဲ့ ပျော်စရာကြီးပဲ၊ ကောင်မလေးတွေလဲအများကြီး၊ လူ့ပြည်တုံးက ခက်ခက်ခဲခဲ ဟာတွေချည်း စုမိရက်သားဆိုပါတော့၊ လူ့ဘဝမှာ မတွေ့ခဲ့ရတာတွေ၊ မရခဲ့ရတာတွေ ဒီမှာ အကုန်လုံးရတယ်၊ မကျေနပ်စရာ အဆင်မပြေစရာ ဘာမှ မရှိဘူး၊ အကုန်လုံး အိုကေမှာ စိုပြေပဲ'

နတ်ပြည်ရောက်ရှေ့နေ သက်ပြင်းချပြီး ယခုလို ပြန်ဖြေသည်။

www.burmeseclassic.com



'ငါကတော့ ဒီမှာ ပင်ပန်းသလား မပြောပါနဲ့ကွာ၊ တစ်ခါမှ ဒီလောက်ပင်ပင်ပန်းပန်း မလုပ်ဘူးတာတွေ လုပ်နေရတယ်၊ နေ့တိုင်း နဂါးငွေ့တန်းဆီ နို့သွားသွားပို့ရတယ်၊ ကြယ်တွေကို တိုက်ချွတ်ရတယ်၊ တိမ်တွေကို ဖယ်ရှားရတယ်၊ ကုန်ကုန်ပြောမယ်၊ အလုပ်လုပ်ရလွန်းလို့ အားတွေတောင် ကုန်လှပါပြီ သူငယ်ချင်းရယ်'

'ဘာဖြစ်လို့ ဒီလောက် အလုပ်လုပ်ရတာလဲကွ'

'တို့ဆီမှာက သုံးလေးယောက်လောက်ပဲရှိတာ မဟုတ်လား၊ လုပ်ရမယ့်အလုပ်က များပြီး ဦးရေက နည်းနေတော့ ဘယ်သက်သာပါ့ မလဲကွာ'

www.burmeseclassic.com



## ငါကယ်ခဲ့လို့

ရေကြီးသဖြင့် လူအများ ကုန်းနေရာသို့ ရွှေ့ကြသည်။ ကိုလူလှတစ်ဦး တည်းသာ ပက်လက်ကုလားထိုင်တွင် အေးအေးဆေးဆေး ထိုင်၍ နေသည်။ ကယ်ဆယ်ရေးအဖွဲ့ဝင်များက ၎င်းကို လှမ်းအော်သည်။

'ဟေ့လူ၊ ကျွန်တော်တို့ကားပေါ် မြန်မြန်တက်၊ ဒါ နောက်ဆုံး ကားပဲ'

'ကျေးဇူးပါပဲဗျာ၊ သွားကြပါ၊ သွားကြပါ၊ ငါ့အတွက်တော့ မပူကြနဲ့ ငါ့ကို ငါ့ရှေ့နေ လာကယ်လိမ့်မယ်'

ကားထွက်သွားသည်။ ရေမှတ်သည် တဖြည်းဖြည်း မြင့်တက်၍ လာသည်။ ကိုလူလှ၏ အိမ်ထဲသို့ ရေဝင်စပြုလာသည်။ အိမ်အနားသို့ လှေတစ်စင်း ထိုးရပ်လာသည်။ လှေပေါ်က ကယ်ဆယ်ရေးသမားက အော်ပြောသည်။

'ကိုလူလှ လှေထဲ မြန်မြန်ဆင်းခဲ့၊ နေရာလွတ် တစ်နေရာ ရှိသေးတယ်'

'သွားကြ၊ သွားကြ၊ ငါ့ကို ငါ့ရှေ့နေ လာကယ်လိမ့်မယ်'

လှေထွက်သွားသည်။ အိမ်ထဲတွင် နေမရတော့သဖြင့် ကိုလူလှ အိမ်ခေါင်မိုးပေါ်သို့ တက်သည်။ အိမ်ခေါင်မိုးမှာ မကြာမီ ရေမြုပ်စပြုလာသည်။ ထိုစဉ် ရဟတ်ယာဉ်တစ်စင်း ရောက်လာပြီး အိမ်ခေါင်မိုးပေါ်သို့ ကြိုးလှေကားချပေးသည်။ အပေါ်မှ ကယ်ဆယ်ရေးသမားက အော်ပြောသည်။

'ကိုလူလှ၊ ကြိုးလှေကားကို မြဲမြဲကိုင်ပြီး တက်လာခဲ့ပါ၊ ဒါ နောက်ဆုံးအခွင့်အရေးပဲ'

'သွားကြပါ၊ သွားကြပါ၊ ငါ့ကို ငါ့ရှေ့နေက အချိန်မီ လာကယ်မှာပါ'

ထိုအချိန်တွင် ရေလုံးကြီးက ကိုလူလှကို တိုက်ချလိုက်သည်။ ကိုလူလှ ရေအောက်သို့ ရောက်သွားသည်။

ဘဝတစ်ခုသို့ ကူးပြောင်း၍ ရောက်ရှိသွားသည်။ ထိုဘဝတွင် ကိုလူလှသည် ၎င်း၏ ရှေ့နေကို မမျှော်လင့်ဘဲ ပြန်တွေ့ရသည်။

'ဘယ်လိုလုပ်လိုက်တာလဲ ရှေ့နေမင်းရယ်၊ ခင်ဗျားလာကယ်မယ်ဆိုလို့ ကျွန်တော်ဖြင့် စောင့်ရင်း စောင့်ရင်း ရေအောက်ကို ရောက်သွားခဲ့ရတယ်၊ ခင်ဗျားကို လုံးလုံးမကျေနပ်နိုင်ဘူး'

'ဘာပြောတယ်၊ အသုံးမကျတဲ့ကောင်၊ မင်း ဒီဘက်ဘဝကို ရောက်အောင် ဘယ်သူက ကယ်တင်ခဲ့ရတယ်ထင်သလဲ'

## ပျင်းတောင် ပျင်းသေး

တရားခွင်တွင် လာရောက်နားထောင်သူနှစ်ဦး၏ ပြောသံဖြစ်သည်။

'ဒီဘက်က ရှေ့နေကြီး တော်တော်ဆိုးတယ်၊ တရားခွင်မှာ သမ်းသမ်းပြနေတာ နှစ်ခါတောင်ရှိသွားပြီ'

'အဲဒါ ဟိုဘက်က ရှေ့နေကြီး အမှုစစ်နေတာကို ပျင်းတောင် ပျင်းသေးတယ်ဆိုတဲ့ အမူအရာနဲ့ လုပ်ပြနေတာ၊ မင်း ဘာသိလို့လဲ'

## ဖအေတူသား

သမီး။ 'မေမေ၊ မောင်လေး ဖေဖေ့ ဥပဒေစာအုပ်တွေကို ဝါးဝါးစား နေတယ်၊ လုပ်ပါဦး'

အမေ။ 'အဲဒါ ဘာမှမဟုတ်ဘူး၊ သမီးတို့အဖေက ဥပဒေကို ဝါးစား နေကျဆိုတော့ အဖေကိုတုပြီး လိုက်လုပ်ကြည့်တာ နေမှာပေါ့'

## မလိုလဲ လိုလဲ

အပ်ချုပ်ဆရာ။ မိတ်ဆွေက ရှေ့နေလားဟင်။
အထည်အပ်သူ။ ဟုတ်ပါတယ်။
အပ်ချုပ်ဆရာ။ ဒါဆိုရင် အပေါ်အင်္ကျီမှာ လျှို့ဝှက်အိတ်ထောင်
တစ်ခု ထည့်ချုပ်ပေးလိုက်မယ်နော်။

## အိပ်ချင်လို့ပါ

သားကို အမေက နှိုးသည်။

'သား ထတော့လေ၊ ရုံးတက်ရတော့မယ့်အချိန် ရောက်နေပြီ'

'သား ဒီနေ့ ရုံးမတက်ချင်ဘူး မေမေ'

'ဘယ်ဖြစ်ပါ့မလဲ သားရယ်၊ သားက ရုံးမှာ တရားသူကြီး ဆိုတာလဲ မမေ့နဲ့ဦးလေ'

## မရှုံးသူ

ဗျူးဆရာ။ ရွှေ့နေလိုက်ခဲ့တဲ့ သက်တမ်း တစ်လျှောက်မှာ ရွှေ့နေမင်း ဘယ်နှစ်မှုလောက် ရှုံးနိမ့်ခဲ့ဖူးပါသလဲ။

ရွှေ့နေ။ ကျွန်တော် တစ်မှုမှ မရှုံးနိမ့်သေးပါဘူး။

ဗျူးဆရာ။ ဒါဖြင့် ဆရာ့အမှုသည်တွေ ဟန်ကျကြမှာပဲနော်။

ရွှေ့နေ။ ကျွန်တော့်အနေနဲ့ အမှုမရှုံးနိမ့်တာကို ပြောတာပါ၊ အမှုသည်တွေကတော့ အမှုရှုံးကြလို့ ဟန်ကျချင်မှ ကျကြမှာပါ။

## မတော်တဆ အမှုလိုက်ခ

နားလေးသော အမှုသည်တစ်ယောက် ရွှေ့နေထံ အမှုလာငှားသည်။

နားလေး အမှုသည်။ ကျွန်တော့် အမှုအတွက် အမှုလိုက်ခ ဘယ်လောက်ပါပဲ ဆရာ။

ရွှေ့နေ။ တစ်သောင်းကျပါတယ်။

နားလေးအမှုသည်။ နှစ်သောင်း၊ ဟုတ်လားဆရာ။

ရွှေ့နေ။ ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။

## မသိလိုက်လို့

| | |
|---|---|
| ပထမရှေ့နေ။ | ကျုပ်ရဲ့ ရှေ့နေသက်တမ်း တစ်လျှောက်လုံးမှာ ခွင့်မလွှတ်နိုင်တဲ့ အမှားတစ်ခုကို ကျုပ်လုပ်ခဲ့ပါတယ်။ |
| ဒုတိယရှေ့နေ။ | ဘယ်လိုအမှားမျိုးလုပ်ခဲ့လို့လဲ။ |
| ပထမရှေ့နေ။ | အမှုတစ်ခုလုံး ရုံးချိန်းနှစ်ချိန်းထဲနဲ့ ပြတ်အောင် ကျုပ်လိုက်ပေးလိုက်တယ်။ နောက်မှ သိရတာက ကျုပ်လိုက်ပေးလိုက်တဲ့ အမှုသည်ဟာ ကုဋေကြွယ် သူဌေးကြီးမှန်း သိလိုက်ရတဲ့ အမှားပါပဲ။ |

## ရှေ့နေ၏ ပထမဆုံးဆန္ဒ

သိပ္ပံပညာရှင်တစ်ဦးသည် သက်မဲ့ပစ္စည်းကို အသက်ဝင်စေနိုင်သည့် ဆေးရည်တစ်မျိုးကို တီထွင်လိုက်သည်။

စမ်းသပ်သည့်အနေဖြင့် ရှေ့နေတစ်ဦး၏ ရုပ်တုကို ဆေးရည် ဖျန်းလိုက်သည်။ ချက်ချင်းဆိုသလို ထိုင်နေသည့် ရှေ့နေရုပ်တုသည် မတ်တတ်ရပ်လိုက်သည်။

သိပ္ပံပညာရှင်က မေးသည်။

'ရှေ့နေမင်းခင်ဗျား၊ ရှေ့နေမင်းရဲ့ ပထမဆုံးဆန္ဒကို ပြောပြပါ'

'ကျုပ်ရဲ့ လျှာကို နှစ်ခွဖြစ်အောင် ပထမဦးဆုံး လုပ်ပေးကြပါခင်ဗျား'

## အိပ်မက်အဆုံးပိုင်း

ဧည့်သည်များရှေ့တွင် ရှေ့နေတစ်ဦးက အခြား ရှေ့နေတစ်ဦးကို ပြက်ရယ်ပြုရန် ရည်ရွယ်ချက်ဖြင့်

'တလောက ငါ အိပ်မက်မက်တယ်ကွ၊ ငါနဲ့ မင်းနဲ့ အတောင်တွေ ပေါက်ပြီး ထပျံပြောကြသတဲ့၊ ဒါပေမယ့် ဝေးဝေး မပျံနိုင်ဘဲ မြေပေါ်ကို ပြန်ကျသတဲ့၊ အဲဒီလို ပြန်အကျမှာ ငါက ပျားရည်အပြည့်ရှိတဲ့ တွင်းထဲကျပြီး မင်းကတော့ အညစ်အကြေးတွေ စွန့်ပစ်ထားတဲ့ တွင်းထဲ ကျသွားသတဲ့ကွာ'

ဟာသဉာဏ်ရှိသော ကျန်ရှေ့နေက ချက်ချင်း ပြန်ပြောသည်။

'အံ့သြစရာကောင်းလိုက်တာ၊ ငါလဲ အဲဒီအိပ်မက်ကို အဲဒီအတိုင်း မက်တယ်၊ ဒါပေမယ့် ငါက ရှေ့ဆက်ပြီး ဆုံးတဲ့အထိ မက်ခဲ့သေးတာ'

'ဘာတွေ ဆက်ပြီး မက်ခဲ့လို့လဲ'

'ငါတို့တစ်တွေ တွင်းအသီးသီးက ပြန်ထွက်လာကြပြီးတဲ့နောက် တစ်ယောက်ကို တစ်ယောက် လျှာနဲ့ အပြန်အလှန် လျက်ကြတယ်လေ'

## တစ်ယောက်တည်းပဲ

'ယောက်ျားတွေကို လုံးဝ မယုံနဲ့၊ သူတို့အားလုံး လူလိမ်လူညာတွေချည်းပဲ'

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမှာလဲ၊ ချစ်လှချည်ရဲ့၊ ကြိုက်လှချည်ရဲ့လို့ ယောက်ျားတွေ အများကြီးက ကျွန်မကို ပြောခဲ့တယ်လေ၊ ဟော ခုတော့ တစ်ယောက်တည်းကပဲ ကျွန်မကို လက်ထပ်ခဲ့တယ်'

## နိုင်သွားပါပြီ

လုံးဝမဖြစ်နိုင်သော ကိစ္စအကြောင်း ပြောကြေးဟု အထက်အရပ် ရှေ့နေနှင့် အောက်အရပ်ရှေ့နေ နှစ်ဦး အလောင်းအစားလုပ်ကြသည်။ မဲနှိုက်ရာ အထက်အရပ်ရှေ့နေက စပြောခွင့်ရသည်။

'ဟိုး ရှေးရှေးတုန်းက အင်မတန် ဉာဏ်ကောင်းပြီး အင်မတန် လည်း ချောသော ကြံ့ခိုင်တဲ့ ရှေ့နေတစ်ဦး အထက်အရပ်မှာ ရှိခဲ့လေသတဲ့'

'ဟိုး ဟိုး၊ ဆက်မပြောနဲ့တော့၊ ခင်ဗျား နိုင်သွားပါပြီ'

## သူ့ထက်ကဲ

မြို့ကလေးတစ်မြို့၏ မြစ်ဆိပ်၌ လူ၏အသက်ကို ရက်စက်စွာ သတ်ဖြတ်စားသောက်လေ့ရှိသော မိကျောင်းတစ်ကောင် ရှိသဖြင့် လူအများတို့သည် ထိုမိကျောင်းကို များစွာကြောက်လန့်ကာ မြစ်ထဲ၌ ရေမချိုးဝံ့သလောက် ရှိကြသည်။

ထိုမိကျောင်းမှာလည်း လူကို ကိုက်နေကျ စားနေကျ ဖြစ်၍ များစွာ ရဲရင့်ကာ ရေချိုးသောသူကိုတွေ့တိုင်း ဘယ်အခါမှ ကြောက်ရွံ့ခြင်းမရှိဘဲ ကိုက်ဖမ်းစားသောက်လေ့ရှိသည်။

တစ်နေ့သ၌ ရန်ကုန်မြို့မှ ဝတ်လုံတစ်ယောက်သည် ထိုမြို့ကလေးသို့ အမှုလိုက်သွားရင်း မိကျောင်းရဲသည်ကို မသိသဖြင့် မိမိ၏ အဝတ်အစားနှင့် ဝတ်လုံအင်္ကျီကို ရေစပ်ရှိ တံတားတန်းကလေးပေါ်တွင် တင်၍ မြစ်ဆိပ်တွင် ရေဆင်းချိုးရာ မိကျောင်းသည် မိမိ၏အစာကိုမြင်သဖြင့် ကြောက်ရွံ့ခြင်းမရှိဘဲရေအောက်မှ ကူးလာသည်ကို အရိပ်ပြရုပ်ရှင်၌ ပြသကဲ့သို့ ထင်ရှားစွာ မြင်ရလျှင်ကား များစွာ အသည်းယားစရာကောင်းသဖြင့် ဝတ်လုံ၏အသက်သည် မိနစ်အနည်းငယ်အတွင်း ဆုံးရှုံးရတော့မည်ကဲ့သို့ ရှိလေ၏။

ဤသို့ ကူးလာပြီးလျှင် ကိုက်တော့မည်ဟု ဝတ်လုံ၏အနားသို့ ချဉ်းကပ်၍ ပါးစပ်ကို ဟမည်အပြုတွင် တန်းပေါ်၌ တင်၍ထားသော ဝတ်လုံ၏ အဝတ်အစားကို မြင်လာလျှင် ငါ့ထက်ရဲတဲ့ သတ္တဝါ ဒီကိုရောက်နေပြီ လစ်မှဟု တွေး၍ ဝေးရာသို့ အသော့ပြေးလေ၏။

## ရှေ့နေ၏ဆင်ခြေကောင်း

ရှေ့နေ။ 'ကျွန်တော်မျိုး၏အမှုသည် တရားခံမှာ အိမ်ဖောက်ထွင်းမှု မဖြစ်နိုင်၊ အဘယ့်ကြောင့်ဆိုသော် ပြတင်းပေါက်မှာ အသင့် ပွင့်နေလျက်ရှိလေရာ အပြင်ဘက်မှနေ၍ လက်ဖြင့် နှိုက်ယူခြင်းအမှု ဖြစ်ပေသည်။ ထို့ကြောင့် အပြစ်မရှိပါ'

ရုံးမင်း။ 'ထိုသို့ဖြစ်လျှင် လူကို အပြစ်မပေးထိုက်ပေ၊ သို့ရာတွင် အပြစ်ကျူးလွန်သော လက်ကို ထောင်ဒဏ် အလုပ်ကြမ်းနှင့် သုံးလ ကျခံစေ' ဟု အမိန့်ချမှတ်လေ၏။

ထိုအခါ တရားခံသည် ဝမ်းမြောက်ဝမ်းသာစွာဖြင့် မိမိ၏ ကိုယ်ပေါ်တွင် ဝက်အူများဖြင့် စုတ်တွယ်၍ထားသော ဖော့လက်အတုကို အသာကလေး ဖြုတ်၍ စားပွဲပေါ်၌ တင်ထားခဲ့ပြီးနောက် ရုံးခန်းမှ ထွက်သွားလေ၏။

## အာဂသက်သေ

ရှေ့နေ။ 'မင်းတို့အမျိုးထဲမှာ မုသားပြောတတ်တဲ့သူ ရှိတယ် မဟုတ်လား'

သက်သေ။ (အတန်ကြာစဉ်းစားပြီးနောက်) 'ဟုတ်ကဲ့၊ သို့သော် များများတော့ မရှိဘူး၊ ကျွန်တော့်ဦးလေးတစ်ယောက်ပဲ ရှေ့နေလုပ်နေတာ ရှိပါတယ်'

## အထင်နှင့် စွဲတာ

အလွန်တရာလျှာရှည်သော ဝတ်လုံပေါက်စကလေးတစ်ယောက်သည် သက်သေစစ်မေးရာ၌ ဖျတ်ဖျတ်လတ်လတ်ရှိလှသော်လည်း ရပ်ရမည့် နေရာတွင် မရပ်မိသဖြင့် အမှုပြန်ပတ်မိခြင်းကား

ဝတ်လုံ။ (သက်သေလူရိုးအား အခြောက်အလှန့်နှင့်မေးလျှင် သင့်အံ့ဟု) 'ခင်ဗျားဟာ စူးတတ်တဲ့ကျမ်းကြီးကိုင် ကိုင်ပြီး သက်သေခံ ရတာနော်၊ သတိထားပြောပါ၊ ဒီ ကျွန်တော့်တရားခံက ခင်ဗျားရဲ့ ခိုကို သေနတ်နဲ့ ပစ်တာ ခင်ဗျား မျက်စိနှင့်မြင်ရသလား ပြောပါ'

တရားလို။ (အလွန်လန့်သောအမူအရာဖြင့်) 'ကျွန်တော့်မျက်စိနှင့် ဒီ၌မြင်တယ်လို့ မဆိုလိုပါ၊ အထင်နှင့်စွပ်စွဲတာပါ'

ဝတ်လုံ။ (မေးခွန်း ဤတွင် ရပ်သင့်လျက် မရပ်ဘဲ ဝမ်းသာ အားရနှင့်) 'အင်း၊ လိုရင်းအချက်တော့ရောက်လာပြီ၊ ခင်ဗျားအနေနဲ့ ဘယ်အတွက်ကြောင့် တရားခံက ခင်ဗျားခိုတွေကို ပစ်ခတ်ယူတယ်လို့ ထင်ရတာလဲ'

တရားလို။ 'ထင်ရတာ ပထမအချက်က ကျွန်တော့်ခြံထဲမှာ တရားခံကို သေနတ်ကိုင်လျက်တွေ့ရလို့၊ ဒုတိယ သေနတ်သံကြားရပြီး ခိုတွေ မြေပေါ်ကို လိမ့်ကျလာ တာကို တွေ့ရလို့၊ တတိယ ကျွန်တော့်ခိုလေးကောင် ကို တရားခံရဲ့ လွယ်အိတ်ထဲမှာ တွေ့ရလို့၊ ဒီတော့ ဒီခိုလေးကောင်ဟာ သူတို့အလိုအလျောက် သေနတ် ကျည်ဆံရာနဲ့ တရားခံရဲ့ လွယ်အိတ်ထဲကို ဝင်မသွားကြ ပေဘူးလို့ ထင်ပါတယ်၊ ဒါကြောင့် အထင်နှင့်စွဲတာပါ'

တရားခံဝတ်လုံမှာ ထပ်၍ မမေးဝံ့ဘဲ ထိုင်လိုက်ရလေ၏။

## ဆင်းရဲသားကို ညှာတာပုံ

နာမည်ကျော် မင်းတိုင်ပင်အမတ် တိုင်းပြည်ခေါင်းဆောင် ဝတ်လုံတော်ရ ရှေ့နေကြီးတစ်ယောက်ထံ သတင်းစာကိုယ်စားလှယ်တစ်ဦး သွားရောက်၍ ၎င်းဝတ်လုံတော်ရရှေ့နေကြီး၏ တိုင်းပြည်အကျိုး၊ ဆင်းရဲသားအကျိုးကို မည်မျှ သယ်ပိုးရွက်ဆောင်ကြောင်း မေးမြန်းသည်။

သတင်းစာကိုယ်စားလှယ်။ ‘ဝတ်လုံကြီးဟာ ဆင်းရဲသားတို့အတွက် အမှုလိုက်တဲ့အခါမှာ အခကြေးငွေလို့ သဘောမထားဘဲ ဘယ်လို ဆောင်ရွက်ပေးပါသလဲ’

ဝတ်လုံ။ ‘အရင်လထဲကပဲ လယ်ကူလီ တစ်ယောက် ကျွန်တော့်ဆီကို အမှုလာအပ်တော့ ရှေ့နေခတော့ သူ့မှာ ဘာမှ ပေးစရာမလိုဘူး၊ သူပိုင်ဆိုလို့ ကြက်မကြီး နှစ်ကောင်ပဲ ရှိတယ်လို့ ပြောတာနဲ့ပဲ အဲဒီ ကြက်မနှစ်ကောင်ကိုပဲယူပြီး အမှုလိုက်ပေးလိုက်ပါတယ်’

## စာအုပ်ထူထူထဲက ဥပဒေနဲ့

ဝတ်လုံစာမေးပွဲ အောင်မြင်ပြီးသော်လည်း အမှုကောင်းစွာ လိုက်ပါရခြင်းမရှိခိုက် သူဌေးကတော်တစ်ဦးက အမှုလာရောက်ငှားရမ်းရာ အမှုလိုက်ခကို အဆမတန် တောင်းလိုက်သည်။

သူဌေးကတော်။ 'အမှုက ပြောပလောက်တဲ့အမှုမှ မဟုတ်ဘဲ၊ ရှေ့နေခတောင်းတာ မများလွန်းဘူးလားရှင်၊ တခြားရှေ့နေတွေဆို ဒီလောက် မတောင်းတတ်ကြပါဘူး'

ဝတ်လုံတော်ရ။ 'ဘယ်တူမလဲ အစ်မကြီးရယ်၊ သူတို့ရှေ့နေလိုက်တယ်ဆိုတာ ဟောဟို စာအုပ်ပါးပါးလေးတွေထဲက ဥပဒေမျိုးနဲ့ အမှုလိုက်ကြတာ၊ ကျွန်တော်ဆို ဟောဒီ စာအုပ်ထူထူကြီးတွေထဲက ဥပဒေမျိုးနဲ့ အစ်မကြီးအမှုကို လိုက်ပေးမှာမို့ပါ'

## တိုင်ပင်ခ ပြန်မစပါ

လက်ဖက်ရည်ဆိုင်ရှင်။ ခွေးက ပစ္စည်းတစ်ခုခုကို အကျိုးပျက်စီး အောင် လုပ်ရင် ခွေးရှင်မှာ တာဝန်ရှိပါသလား။

ရှေ့နေ။ ရှိတာပေါ့၊ ခွေးအပြစ်လုပ်ရင် ခွေးရှင်တာဝန်ပဲ။

လက်ဖက်ရည်ဆိုင်ရှင်။ ဒါဖြင့် ဝတ်လုံကြီးရဲ့ ခွေးက ကျွန်တော့် ဆိုင်ထဲက ကိတ်မုန့်တစ်လုံးကို စားပစ်လိုက်ပါပြီ၊ ဒီအတွက် ငွေ ၅၀ဝိ/- ကျေးဇူးပြုပါ။

ရှေ့နေ။ ဒါဆို ရှေ့နေထံ လာရောက်တိုင်ပင်ဆွေးနွေးခက ငွေ ၃၀၀ဝိ/- ကျပါတယ်၊ မုန့်ဖိုး ၅၀ဝိ/-နုတ်ပြီး ရှေ့နေခ ၂၅၀ဝိ/- ပြန်မစပါခင်ဗျား။

## ကိုယ့်မေးခွန်းနဲ့ ကိုယ်ထိ

ရှေ့နေတစ်ဦးသည် အခြားဘက်မှပါသော သက်သေများကို အကျင့် စာရိတ္တမကောင်းကြောင်း၊ မယုံကြည်ထိုက်ကြောင်း တရားသူကြီးကို သတိပြုလာစေရန် သက်သေအားမေးသည်။

ရှေ့နေ။ မင်း အရင်က ထောင်ကျဖူးတယ် မဟုတ်လား။

သက်သေ။ ကျဖူးပါတယ်။ အမှုမှန်ကြောင့် ကျတာတော့ မဟုတ် ပါဘူး။ ရှေ့နေ အသုံးမကျလို့ကျရတာပါ။ အဲဒီတုန်းက ကျွန်တော့်အမှုကို ရှေ့နေမင်း လိုက်ပေးခဲ့တာပဲ မဟုတ် လား။

## ယုံကြည်ချက်အတွက်

စကားတန်ရှည်၍ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အနိုင်လိုချင်သော ရှေ့နေတစ်ဦးသည် မိမိဘက်က အမှုအနေအထား နေရာမကျဖြစ်နေသော်လည်း မလျော့သောလုံ့လဖြင့် လျှောက်လဲပြောဆိုလျက်ရှိသည်တွင် တရားသူကြီးက စိတ်တိုစွာဖြင့်

တရားသူကြီး။ အမိန့်တော်ရမင်းကို ပြောချင်ပါတယ်၊ ထူးလာမယ့် အချက်တွေကိုသာ ပြောပါ၊ အခုလိုမျိုး (၂)နှစ်လုံး ပေါင်းလို့ (၄) မဖြစ်ဘူးဆိုတာမျိုး ပြောနေလို့ ဘာထူးမှာမို့လဲ။

အမိန့်တော်ရရှေ့နေ။ ထူးမှာပါ ခင်ဗျား၊ (၂) နှစ်လုံး ပေါင်းရင် (၄) မဖြစ်ဘဲ (၂၂) ဖြစ်လာမယ်လို့ ယုံကြည်လို့ပါ ခင်ဗျား။

## တကယ်လိုက်ရမှာဆိုတော့

ရှေ့နေတစ်ယောက်သည် အသင်းတစ်ခုတွင် ဝင်ရောက်လိုကြောင်း အသင်းဥက္ကဋ္ဌထံ ဝင်ရောက်ပြောဆိုသည်။

ဥက္ကဋ္ဌ။ ကျွန်တော်တို့ အသင်းဟာ ကိုယ်ကျိုး မငဲ့ကွက်ဘဲ အသင်းသားအချင်းချင်းနဲ့ တိုင်းသူပြည်သားတွေအပေါ်မှာ ညှာတာနိုင်မယ့်လူကိုသာ ပါဝင်နိုင်ခွင့်ပြုမှာ ဖြစ်ပါတယ်။ ဒီတော့ကာ ခင်ဗျားမှာ ငွေနှစ်သိန်းရှိရင် တိုင်းပြည်နဲ့ လူမျိုးအတွက် ဘယ်လို ဆောင်ရွက်မယ်ဆိုတာ သိချင်ပါတယ်။

ရှေ့နေ။ အသင်းရန်ပုံငွေကို ငွေတစ်သိန်းထည့်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ သာဓုဗျာ၊ ကဲ အိမ်နှစ်လုံးရှိရင်ကောဗျ။

ရှေ့နေ။ အိမ်တစ်လုံးကို အသင်းတိုက်လုပ်ဖို့ လှူမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ကဲ၊ ကောင်းပြီဗျာ၊ အသင်းသားတွေထဲက တစ်ယောက်ယောက် အမှုဖြစ်ပြီဆိုရင်ကောဗျာ၊ ရှေ့နေခ မယူဘဲလိုက်ပေးမှာလား။

ရှေ့နေ။ ဒါတော့ ဖြစ်မယ်မထင်ပါ၊ ငွေတို့ အိမ်တို့က ကျွန်တော့်မှာ တကယ်ရှိတာမှ မဟုတ်တာ၊ ဒါကြောင့် ရရင် တစ်ဝက်လှူမယ်လို့ ပြောရတာ၊ အမှုက ကျွန်တော် တကယ်လိုက်ရမယ့်ကိစ္စမို့ပါ။

## သရုပ်ပြ ထိုးကြပုံ

အလွန်တရာလျှာရှည်သော ဝတ်လုံတစ်ယောက်သည် ထိုးကြိတ်မှုတစ်ခုတွင် တရားလိုဘက်မှ ရွှေ့နေလိုက်သဖြင့် တရားခံအား 'တရားလိုကို ဘယ်လောက်နာအောင် အားစိုက်ပြီးထိုးသလဲ' ဟု မေးသည်။

တရားခံက 'ဖြည်းဖြည်းကလေးပါ၊ ဖြည်းဖြည်းကလေးပါ' ဟု ထပ်ခါ ထပ်ခါ ပြန်ဖြေသည်။

ထိုအခါ ရွှေ့နေက 'အဲဒီ ဖြည်းဖြည်းကလေးဆိုတာ နားလည်ဖို့ ခက်တယ်၊ ဘယ်လောက်ဖြည်းဖြည်းလဲ၊ ဖြည်းဖြည်းကလေးဆိုရင် ကျွန်တော့်ကို ထိုးပြပါ' ဟု ပြောပြီး တရားခံကို ၎င်းအနီးသို့ခေါ်၍ ထိုးပြခိုင်းလေသည်။

တရားခံသည် ဝတ်လုံအနီးသို့ကပ်ကာ တအားကုန်ထိုးကြိတ်ဆွဲဆောင့်လုပ်ပြီးလျှင် ဝတ်လုံ စကားမပြောနိုင်ဖြစ်နေချိန်တွင် ရုံးမင်းဘက်သို့လှည့်၍ ဤသို့ ပြောဆိုလေသည်။

'တရားလိုကို ကျွန်တော်မျိုး ထိုးကြိတ်တာဟာ အခုထိုးပြလိုက်တဲ့ လုပ်ရပ်ရဲ့ အပုံ ၁၀၀ ပုံရင် တစ်ပုံလောက်ပဲ ရှိပါတယ်'

## နတ်ပြည်အဝင်

နတ်ပြည်သို့ အဝင်တံခါးရှေ့တွင် သာသနာပြုနှင့် ရှေ့နေတို့ ရပ်နေကြသည်။

သိကြားမင်းက ၎င်းတို့ကို အတန်ကြာ အကဲခတ်သည်။ အချိန်ယူ စဉ်းစားပြီးနောက် ရှေ့နေကို နတ်ပြည်အတွင်းသို့ ဝင်ခွင့်ပြုလိုက်သည်။

ထိုအခါ သာသနာပြုက မကျေနပ်-

'ဘယ်လိုလုပ်တာလဲ သိကြားမင်းရယ်၊ ကျွန်တော်က တစ်ချိန်လုံး ဘုရားရဲ့ အဆုံးအမတွေကို ဟောတယ်၊ သူကတော့ တစ်ချိန်လုံး ပေါက်တတ်ကရတွေ လျှောက်ပြောပြီး အရေးကြုံမှ ဘုရားတတယ်'

'ခင်ဗျား တရားဟောချိန်မှာ တရားနာသူတွေအားလုံး အိပ်မောကျတယ်၊ သူ့အမှုလိုက်ချိန်မှာတော့ အမှုသည်တွေအားလုံး ဘုရားတကြတယ်၊ ဒါကြောင့် လူသားနဲ့ ဘုရားသခင် ပိုမိုနီးစပ်အောင် သူက ခင်ဗျားထက် ပိုစွမ်းဆောင်နိုင်တယ်လို့ ကျုပ် ယူဆပြီး အခုလို ဆုံးဖြတ်လိုက်တာပဲ'

## စာသုံးစောင်

ကုမ္ပဏီပိုင်ရှင်အဘိုးကြီးသည် မိမိ၏ အရိုက်အရာကို ဆက်ခံမည့် သားဖြစ်သူအား စာအိတ်သုံးခုပေး၍ မှာစရာရှိသည်များကို မှာသည်။

'မင်းကုမ္ပဏီပိုင်ရှင်ဖြစ်လာတဲ့အခါမှာ မင်းကိုယ်တိုင် ဘယ်လိုမှ ဖြေရှင်းလို့မရတဲ့အဆုံး ဒီစာအိတ်တွေကို အမှတ်စဉ်အတိုင်း ဖွင့်ပါ၊ စာအိတ်မှာပါတဲ့ ညွှန်ကြားချက်အတိုင်းလုပ်ပါ' ဟု မှာကြားထားပြီး များမကြာမီ ကွယ်လွန်သွားသည်။

သားလက်ထက်ရောက်သောအခါ ပြဿနာတစ်ခုပြီးတစ်ခု ပေါ်လာသည်။ ယင်းပြဿနာများကို ၎င်းမဖြေရှင်းနိုင်သည့်အတွက် ပထမစာအိတ်ကို စတင်၍ ဖောက်သည်။

'ဝတ်လုံတော်ရမင်းနဲ့ တိုင်ပင်ပါ' ဟူသော စာကို ဖတ်ရသည်။ ဝတ်လုံတော်ရမင်းအတွက် ပေးရမည့် အမှုတိုင်ပင်ခ လုံလုံလောက်လောက် ရှိနေချိန်ဖြစ်သည်။ ယင်းစာပါအတိုင်း ဆောင်ရွက်လိုက်သည်။

များမကြာမီ ဒုတိယစာအိတ်ကို ထပ်ဖောက်ရသည့်အခြေအနေသို့ရောက်သည်။ ဒုတိယစာတွင်-

'တရားရုံးချုပ်ရှေ့နေနဲ့ တိုင်ပင်ပါ' ဟု ပါသည်။ တရားရုံးချုပ်ရှေ့နေအတွက် ပေးရမည့်အမှု တိုင်ပင်ခရှိနေချိန်ဖြစ်၍ ယင်းစာပါအတိုင်း ဆောင်ရွက်သည်။

မကြာမီ တတိယစာအိတ် ထပ်ဖောက်ရသည့်အခြေအနေ ဖြစ်လာသည်။ စာအိတ်ကို ဖောက်ကြည့်ရာ-

'အထက်တန်းရှေ့နေနဲ့ တိုင်ပင်ပါ' ဟု ပါရှိသည်။ အထက်တန်း ရှေ့နေအတွက်ပေးရမည့် အမှုတိုင်ပင်ခ လက်ကျန်ရှိသေးသည်ဖြစ်၍ ယင်းစာပါအတိုင်း ဆောင်ရွက်လိုက်သည်။

## ငွေတောင်းနည်းပညာ

ရှေ့နေတစ်ဦးက အခြားလုပ်ဖော်ကိုင်ဖက် ရှေ့နေတစ်ဦးကို မေးသည်။

'မိတ်ဆွေကြီး၊ မိတ်ဆွေကြီးက ကိုယ့်ဆီ အမှုလာအပ်တဲ့ အမှုသည်တိုင်းကို ဘာစားခဲ့သလဲ၊ ဘာစားခဲ့သလဲလို့ အမြဲတမ်း မေးလေ့ရှိတယ်လို့ သိရပါတယ်။ ဘာဖြစ်လို့ ဒီလိုမေးတာပါလဲ'

'ရှေ့နေခ ဘယ်လောက်တောင်းရင်ကောင်းမလဲဆိုတာ ချင့်ချိန် ခန့်မှန်းနိုင်အောင်လို့ပေါ့'

## ရှေ့နေပေးတဲ့အကြံ

ဂျင်မီသည် ရည်းစားဟောင်းနှင့် ချိန်းတွေ့ပြီးနောက် နံနက် ၄ နာရီ တွင် နေအိမ်သို့ ပြန်ရောက်လာသည်။ အိမ်ဝအရောက်တွင် မိတ်ဆွေ ရှေ့နေအကြံပြုသည့် အစီအစဉ်အတိုင်း ဆေးဖြူသုတ်ထားသော နံရံကို လက်နှစ်ဖက်ဖြင့် ပွတ်သည်။ ထို့နောက် ဆေးဖြူပေကျံနေသော လက်ဖြင့် နဖူး၊ ကုတ်အင်္ကျီနှင့် ဘောင်းဘီတို့ကို သုတ်လိမ်းသည်။ တံခါးကို ခေါက်လိုက်သည့်အခါ ဇနီးဖြစ်သူ တံခါးလာဖွင့်သည်။

ယောက်ျား။ မိန်းမရေ၊ မနေ့က ရည်းစားဟောင်းနဲ့တွေ့လို့ စိတ် မထိန်းနိုင်ဖြစ်ခဲ့တယ်၊ ကိုယ့်ကို ခွင့်လွှတ်ပါ။

မိန်းမ။ တော်စမ်းပါ၊ ကျွန်မကို လာဖြီးဖြန်းမနေနဲ့၊ ရှင် တစ်ညလုံး ဘီလိယက်ကစားလာပြန်ပြီ မဟုတ်လား။

## ရွှေနေလိုင်း

အဖေ။ ငါ့သား၊ မင်း ဆယ်တန်းအောင်ရင် ရွှေနေလိုင်း လိုက်ရမယ်။

သား။ အို၊ အဖေကလဲ မဖြစ်နိုင်တာ၊ ဘယ်ဟာ လိပ်၊ ဘယ်ဟာ ကြမ်းပိုးမှန်းတောင် သားက သိသေးတာမှ မဟုတ်တာ။

## တစ်လုံးတည်းရှိလို့

အမှုသည်အိမ်သို့ ရွှေနေက ဖုန်းဆက်၍ ကလေးငယ်တစ်ဦး ဖုန်းလာကိုင်သည်။

ရွှေနေ။ သမီးရဲ့ မိဘတွေနဲ့ စကားပြောချင်ပါတယ်။

ကလေး။ သူတို့ထဲက တစ်ယောက်နဲ့ပဲ ပြောလို့ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့အိမ်မှာ တယ်လီဖုန်းက တစ်လုံးတည်း ရှိလို့ပါ။

## လိုရာဆန္ဒ

| | |
|---|---|
| အမှုသည်။ | အမှုကို ရင်ဆိုင်နေရမှာထက် တစ်ခါတည်းသာ ထောင်ထဲ သွားနေလိုက်ချင်သည်။ |
| ရှေ့နေ။ | စိတ်ဆန္ဒတွေ သိပ်မစောပါနဲ့ဗျာ၊ နှစ်ခုစလုံးကို တစ်ပြိုင်တည်း လုပ်လို့ဖြစ်ပါတယ်။ |

## ခွဲတမ်း

| | |
|---|---|
| ရှေ့နေ။ | တကယ်လို့သာ ခင်ဗျားမှာ ခေါင်းနှစ်ခုရှိနေမယ်ဆိုရင် ဘာလုပ်မယ် စိတ်ကူးသလဲ။ |
| သက်သေ။ | အဓိပ္ပာယ်မရှိမေးခွန်းတွေ မေးမေးနေတဲ့ ပုဂ္ဂိုလ်ကြီးကို တစ်ခု ခွဲပေးလိုက်မှာပေါ့။ |

## အကြံပေးခ

အမှုသည်။ နေ့လယ်စာအတွက် ကျသင့်ငွေကို ငွေစာရင်းထဲ ထည့်ထားတာ ကျွန်တော် ဘာမှ မပြောလိုပါဘူး၊ ဒါပေမယ့် ဒီစာရင်းထဲမှာ နေ့လယ်စာအတွက် အကြံပေးခ ဒေါ်လာငါးဆယ်ဆိုတာကိုတော့ သိပ်မရှင်းဘူး။

ရှေ့နေ။ ဟာ၊ ခင်ဗျား မမှတ်မိဘူးလား၊ ခင်ဗျားက ဘာစားရင် ကောင်းမလဲလို့ မေးတယ်လေ၊ ဒီတော့ ကျွန်တော်က ပုစွန်ကင် စားပါလားလို့ အကြံပေးလိုက်ရသေးတယ် မဟုတ်လား။

## နောက်နေ့

အင်တာဗျူးသူ။ ရွှေ့နေမင်းရဲ့ တစ်နေ့တာအချိန်ဇယားကို သိချင်ပါတယ်။

ရွှေ့နေ။ မနက် (၇) နာရီမှာ အိပ်ရာထပါတယ်၊ မနက် (၈) နာရီမှာ နံနက်စာ စားပါတယ်၊ နံနက် (၉) နာရီမှာ အမှုသည်တွေနဲ့ လက်ခံတွေ့ဆုံပါတယ်၊ နံနက် (၁၀) နာရီမှာ တရားရုံးသွားပါတယ်၊ ဒီနောက် နေ့လယ်စာ စားတယ်။

ညနေ (၃) နာရီမှာ ဂေါက်ရိုက်သွားတယ်၊ ည (၇) နာရီမှာ ညစာစားတယ်၊ ည (၈) နာရီမှာ တီဗွီကြည့်တယ်၊ တီဗွီအစီအစဉ် ပြီးတာနဲ့ အိပ်ရာဝင်ပါတယ်။

အင်တာဗျူးသူ။ ဒီလိုဆို ဘယ်အချိန်မှာ စာဖတ်ပါသလဲ။

ရွှေ့နေ။ ဘယ်အချိန်မှာ စာဖတ်သလဲ၊ ဟုတ်လား၊ နောက်နေ့မှာ စာဖတ်တာပေါ့။

## စရိတ်မပေးနိုင်တဲ့လ

စကော့လူမျိုးတစ်ဦးက ၎င်း၏ ရှေ့နေရုံးခန်းရှိရာသို့ လာရောက်ပြောသည်မှာ-

'ဒီလ ကျွန်တော့်ဇနီးကို မယားစရိတ်ပေးနိုင်တဲ့အခြေအနေ မရှိဘူး၊ ဒီတော့ မပေးနိုင်တဲ့လမှာ ကျွန်တော့်မိန်းမနဲ့ ပြန်ပေါင်းနေလို့ ရမလားဆရာ'

## သက်သေအထောက်အထား

ရှေ့နေပေါက်စတစ်ဦးသည် ပထမအကြိမ် တရားရုံးတော်တွင် လျှောက်လဲချက်ပေးသည်။

'တရားသူကြီးမင်း ခင်ဗျား၊ ကျွန်တော့်ရဲ့ အမှုသည်ဟာ သူ့ရဲ့ ရှေ့နေအဖြစ် ကျွန်တော့်ကို ရွေးချယ်ကတည်းက ဆင်ခြင်တုံတရား အားနည်းသူ ဖြစ်တယ်ဆိုတဲ့ အချက်ကို သက်သေထူနေပါတယ်'

## ရှေ့နေဆင်ခြေ

'ကျွန်တော့်ရဲ့ အမှုသည်ကိုယ်တိုင်က ဘဏ်တိုက်ကို ဖောက်ထွင်းခဲ့မိပါတယ်လို့ ရုံးတော်ရှေ့မှာ ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ဝန်ခံချက် ပေးထားပါတယ်-

ဒါကြောင့် ဒီလို ရိုးသား ပွင့်လင်းပြီး မှန်မှန်ကန်ကန်ပြောတတ်တဲ့ လူတစ်ယောက်ဟာ ရာဇဝတ်မှုကျူးလွန်တယ်ဆိုတာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်တဲ့အကြောင်း လျှောက်လဲတင်ပြအပ်ပါတယ်'

## ရှော်လိုက်တဲ့သား

ဝတ်လုံတော်ရမင်း၏သား အထက်တန်းရှေ့နေကလေးက ၎င်း၏ဖခင်အား ဤသို့ပြောသည်-

'အဖေ၊ အဖေ အနှစ်သုံးဆယ်ကြာအောင်လိုက်ခဲ့တဲ့အမှုအခု သားလက်ထက်မှ ရုံးချိန်း နှစ်ချိန်းနဲ့ ပြီးပြတ်သွားပြီ၊ သား မတော်ဘူးလား'

'မင်း ရှေ့နေဖြစ်တဲ့အထိ အနှစ်သုံးဆယ်ကျော် အမှုလိုက်ခရနေခဲ့တဲ့အမှုကို မင်းက ရုံးချိန်း နှစ်ချိန်းနဲ့ ပြတ်အောင် ဖြတ်ပစ်တယ်ဆိုတော့ တော်သလား၊ ရှော်သလား မင်းဟာမင်းပဲ စဉ်းစား'

## အဆိုးဆုံးကို ရင်ဆိုင်ဖို့

| | |
|---|---|
| ရဲ။ | အဆိုးဆုံးကို ရင်ဆိုင်ဖို့ ပြင်ထားပါ။ |
| အမှုသည်။ | ကျွန်တော်မလုပ်ဘူးလို့ ငြင်းတာကို တရားရုံးက လက်ခံမှာ မဟုတ်ဘူးလို့ ဆိုလိုတာလား။ |
| ရဲ။ | မဟုတ်ဘူး၊ ရှေ့နေခ များများသာရှာထားဖို့ ပြောမလို့။ |

## သခင်ရှေ့နေ

မြင်းတစ်ကောင်က အခြားမြင်းတစ်ကောင်ကို ပြောသည်မှာ-

'ငါ့ကံကိုက ဆိုးပါတယ်ကွာ၊ ငါရတဲ့ပိုင်ရှင်က ရှေ့နေလေ၊ မနက်ကနေ ညပိုင်းရောက်တဲ့အထိ တစ်နေ့လုံး မနားတမ်းကိုခိုင်းတာ'

'ဒါဆိုရင် တိရစ္ဆာန်များကို ညှင်းဆဲမှုက ကာကွယ်တဲ့အဖွဲ့ကို စာရေးပြီး တိုင်ပါတော့လား'

'သွားမလုပ်နဲ့ မောင်ရေ၊ ငါ စာရေးတတ်မှန်းသိသွားရင် တရားရုံးမှာ တင်ရမယ့် သူ့ရဲ့ လျှောက်လဲချက်တွေကို ငါ့ကို အတင်း ထပ်ရေးခိုင်းနေဦးမှာ'

## အကြံပိုင်သော ရှေ့နေ

ရှေ့နေ။ မင်းတို့ သုံးယောက်ထဲမှာ အန္တရာယ်ကင်း ဂါထာ ဘယ်သူရသလဲ။

တရားခံ(က)။ ကျွန်တော်ရပါတယ်။

ရှေ့နေ။ အတော်ပဲ၊ တရားသူကြီးက မင်းတို့သုံးယောက်ထဲမှာ ပြစ်မှုကျူးလွန်သူ တစ်ယောက်တော့ ပါမယ်လို့ ပြောနေတယ်၊ ဒီတော့ တရားခံ(က) က အန္တရာယ်ကင်း ဂါထာရတယ်ဆိုတော့ အဲဒီဂါထာ နာနာရွတ်ပြီး ဝန်ခံလိုက်၊ ကျန်တဲ့တရားခံ (ခ) နဲ့ (ဂ) အပြစ်မရှိဘူး လို့ ငြင်းလိုက်။

## ပြောနိုင်သူ

မော်တော်ကားနှင့် တိုက်သည့်နေရာသို့ ယာဉ်ထိန်းရဲရောက်ရှိလာပြီး ဒဏ်ရာရသူတစ်ဦးအား ကားထဲမှ ဆွဲထုတ်ရင်း မေးသည်။

'ခင်ဗျားဒဏ်ရာ ဘယ်လိုအခြေအနေရှိလဲ'

'ဘယ်လိုလုပ်ပြီး ဒီကိစ္စကို ကျွန်တော်က ပြောနိုင်မှာလဲ၊ ကျွန်တော်က ဆရာဝန်လေ၊ ရှေ့နေမှ မဟုတ်တာ'

## မိုင် (၈၀) ပြေးတဲ့ကား

ကားစုတ်တစ်စီးကို မော်တော်ယာဉ်ရဲက တားသည်။

'ခင်ဗျားမောင်းလာတာ တစ်နာရီ မိုင်ခြောက်ဆယ်နီးပါး ရှိတယ်၊ အရှိန်မြင့်မောင်းမှုနဲ့ ဒဏ်ရိုက်ရပါလိမ့်မယ်'

'ဟုတ်ကဲ့၊ ဒဏ်ငွေဆောင်ပါ့မယ်၊ ဒါပေမယ့် တစ်ခုတော့ မေတ္တာရပ်ခံပါရစေ၊ ကျွန်တော် မောင်းတာ တစ်နာရီမိုင်ရှစ်ဆယ်နှုန်း ဖြစ်တယ်ဆိုတာတော့ ထည့်ရေးပေးပါနော်'

'ဘာဖြစ်လို့လဲ'

'ဒါမှ ဒီကားစုတ်ကြီး မြန်မြန်ရောင်းထွက်မှာမို့ပါ'

## ရှေ့နေပညာ

ရှေ့နေတစ်ယောက်ကို လူသားစားသည့် လူရိုင်းတစ်စုက ဖမ်းဆီးလိုက်သည်။ အဖြူရောင်သုတ်ထားသောကားစင်နှင့် အမည်းရောင်သုတ်ထားသော ကားစင်နှစ်ခုကို စိုက်ထူလိုက်ကြသည်။

လူရိုင်းခေါင်းဆောင်က ရှေ့နေကို ပြောသည်။

'မင်းကို မေးခွန်းတစ်ခု မေးမယ်၊ အဖြေမှားရင် အမည်းရောင်ကားစင်မှာ သတ်ပစ်မယ်၊ တကယ်လို့ အဖြေမှန်ရင် အဖြူရောင်ကားစင်မှာ သတ်ပစ်မယ် ရှင်းရဲ့လား'

ထိုအခါ ရှေ့နေက ရှင်းပါတယ်ခင်ဗျာလို့ ပြန်ဖြေလိုက်သည်။

'ကဲ မင်းကို ငါတို့ ဘယ်ကားစင်မှာ သတ်မှာလဲ၊ ဖြေပေတော့'

ထိုအခါ ရှေ့နေက ချက်ချင်းပင် ယုတ္တိနည်းကျကျ အဖြေတစ်ခုကို ပေးလိုက်သည်။ ရှေ့နေ၏အဖြေကြောင့် ၎င်းကို သတ်ရန်ခက်ခဲသွားသည်။ လူရိုင်းခေါင်းဆောင်လည်း ကျေနပ်သွားသည်။

ထိုရှေ့နေ၏ အဖြေ မည်သို့ရှိမည်နည်း။

ရှေ့နေပေးလိုက်သည့် အဖြေမှာ-

'မင်းတို့ ငါ့ကို အမည်းရောင်ကားစင်မှာ သတ်ကြမှာပါ'ဟုပင် ဖြစ်သည်။

လူရိုင်းခေါင်းဆောင်က 'မင်းဖြေတာ မှားတယ်၊ ဒါကြောင့် မင်းကို အမည်းရောင်ကားစင်မှာ သတ်ရမယ်' ဟု ပြောသည်။ ထိုအခါ ရှေ့နေက ငါဖြေတုန်းက မင်းတို့ ငါ့ကို အမည်းရောင် ကားစင်မှာ သတ်ကြမှာပါလို့ ဖြေထားပြီးသားပဲ၊ အခု မင်းတို့က ငါ့ကို အမည်းရောင်ကားစင်မှာသတ်ဖို့ စီစဉ်တယ်၊ ဒီတော့ ငါဖြေတဲ့ အဖြေက မမှားဘူး၊ ဒါကြောင့် မင်းတို့ သတ်မှတ်ထားတဲ့ စည်းမျဉ်း အရ ငါ့ကို အမည်းရောင်ကားစင်မှာ သတ်ခွင့်မရှိဘူး' လို့ ပြန်ပြော လိုက်သည့်အတွက် လူရိုင်းများက ၎င်းအား အမည်းရောင်ကားစင် တွင် သတ်ရန် မဖြစ်နိုင်မှန်း သိသွားကြသည်။

ထိုအခါ လူရိုင်းခေါင်းဆောင်က 'အေး၊ မင်းဖြေတာ မှန်တယ်၊ ဒါကြောင့်လဲ မင်းကို အဖြူရောင်ကားစင်မှာ သတ်မယ်' ဟူ၍ ပြောင်းလဲ ပြောကြားပြန်သည်။ ထိုအခါ ရှေ့နေက 'ငါဖြေတဲ့အဖြေက ငါ့ကို မင်းတို့ အမည်းရောင်ကားစင်မှာ သတ်မယ်လို့ ဖြေထားပြီး သား၊ အခု မင်းတို့က ငါ့ကို အဖြူရောင်ကားစင်မှာ သတ်မယ် ဆိုရင် ငါ့အဖြေဟာ ဘယ်လိုနည်းနဲ့မှ အမှန်မဖြစ်နိုင်ဘူး။

ငါဖြေတဲ့ အဖြေ မမှန်တဲ့အတွက် မင်းတို့ သတ်မှတ်ထားတဲ့ စည်းမျဉ်းအတိုင်း အဖြူရောင်ကားစင်မှာ ငါ့ကို သတ်ပိုင်ခွင့်မရှိဘူး' ဟူ၍ ပြောလိုက်ရာ၊ လူရိုင်းခေါင်းဆောင်လည်း ရှေ့နေအား မည်သည့် ကားစင်တွင်မှ သတ်၍ မဖြစ်နိုင်မှန်း သိသွားသည့်အတွက် ရှေ့နေ အား အပြီးလွှတ်လိုက်ရလေသည်။

## ဒါဆိုရင် ကျွန်မ ဖြစ်ပါတယ်

တရားခံအမျိုးသမီး။ တရားသူကြီးမင်းရှင်၊ ကျွန်မမှာ အပြစ်မရှိပါ။ ကျမ်းကျိန်ပြီး ပြောရဲပါတယ်။

တရားသူကြီး။ မင်းက အပြစ် မရှိဘူးလို့ ဆိုနေပေမယ့် အထောက်အထား အချက်အလက်တွေက အပြစ်ရှိတယ်လို့ ညွှန်ပြနေပါလား၊ ဟောဒီမှာ ကြည့်၊ သက်သေတစ်ဦးက တိတိကျကျ ခိုင်ခိုင်မာမာ ထွက်ဆိုထားပါလား။

'ငယ်ရွယ် နုပျိုရုံမျှမက အလှမှာ ဖက်ကင်းရှင်းသန့်ရုပ်ဝါ၊ ဆင်မယဉ်သာ လျှောက်ဟန်မျိုးဖြင့် အချိုးကျန ပြေပြစ်လှသော အမျိုးသမီး' တဲ့၊ ကဲ ဘာပြောမလဲ။

တရားခံအမျိုးသမီး။ အဲဒါဆို သူပြောတာ ကျွန်မကို ပြောတာပါ။ ကျွန်မ ကျွန်မ။

## အံ့ဩစရာ အကောင်းဆုံးအရာ

ပေါကြောင်ကြောင်နိုင်သည်ဟု အများက သတ်မှတ်သည့် ငယ်သူငယ်ချင်းတစ်ဦးကို နာမည်ကြီး ဝတ်လုံတော်ရက မေးသည်။

'သူငယ်ချင်း၊ လောကမှာ ထူးဆန်းအံ့ဩစရာအကောင်းဆုံးဟာ ဘာလို့ မင်းထင်သလဲ'

'ရိုးသားတဲ့ ရှေ့နေနဲ့ မီးလောင်တဲ့ မြစ်'

## အိမ်ရှင် အိမ်ငှား ဘဝပြောင်း

'ဒါနဲ့ လွန်ခဲ့တဲ့နှစ်က ခင်ဗျားအိမ်မှာ ငှားနေတဲ့ ရှေ့နေ အမှုလိုက်တာ ကောင်းရဲ့လား'

'အဲဒီရှေ့နေ အမှုလိုက်ကောင်းသလား၊ မကောင်းသလားတော့ မသိဘူး၊ အခုဆို ကျွန်တော်က သူ့အိမ်မှာ ငှားနေရတဲ့ အိမ်ငှား ဖြစ်သွားပြီ'

## အဖေကလဲပြောတယ်

ရှေ့နေနှစ်ယောက်၏ သားနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အားကျမခံ စကားနိုင်ထိုးနေကြသည်။

'ငါ့အဖေက မင်းအဖေထက် သာတယ်ကွ'

'မဟုတ်ဘူး၊ ငါ့အဖေက သာတယ်'

'ငါ့အစ်ကိုက မင့်အစ်ကိုထက် သာတယ်ကွ'

'မသာဘူး၊ ငါ့အစ်ကိုက သာတယ်'

'ငါ့အမေက မင်းမေထက် သာတယ်ကွ'

'အေး၊ အဲဒါတော့ ဟုတ်တယ်၊ မင်းပြောတာ မှန်တယ်၊ ငါ့ အဖေကလည်း ဒီလိုပဲပြောတယ်'

## ထောင်ကျရကျိုးနပ်သူ

'ကြားပြီးပြီလား၊ နောက်ဆုံးတော့ ကိုတုတ်ကြီး ထောင်ကျသွားတယ် ဆိုပဲ'

'အေး၊ ဟုတ်ပါရဲ့၊ သူ့အမှုကိုလိုက်ပေးတဲ့ ရှေ့နေတွေကလဲ ဒိတ်ဒိတ်ကြဲဝတ်လုံကြီးတွေဆို'

'ဒါဆိုရင် ကိုတုတ်ကြီး ထောင်ကျရကျိုးနပ်ပြီပေ့ါဟဲ့'

## ရှေ့နေဇနီး

သင်္ချိုင်းတွင်ဖြစ်သည်။ ကွယ်လွန်သွားသော ရှေ့နေ၏အလောင်းကို မြေမြှုပ်နေစဉ် ကွယ်လွန်သူရှေ့နေ၏ မိတ်ဆွေက ပြောသည်။

'ကျွန်တော့်သူငယ်ချင်းဟာ အသက်သုံးဆယ်အရွယ်ရှိဇနီးကို ထားပြီး ကျွန်တော်တို့အားလုံးကို စွန့်ခွာသွားပြီ'

ထိုစကားကို ကြားသောအခါ ပူဆွေးသောကရောက်နေသော ရှေ့နေ၏ ဇနီးက မျက်ရည်များကျနေသည့်ကြားက ဤသို့ ပြန်ပြောသည်။

'၂၈ နှစ်ပါရှင်'

## အမြည်းရှာနည်း

ရှေ့နေနှစ်ယောက် သစ်ပင်အောက်တွင်ထိုင်ကာ အရက်သောက်နေကြသည်။ သူတို့တွင် မြည်းစရာ အမြည်းမရှိဘဲဖြစ်လေရာ သစ်ပင်ပေါ်တွင် ဝက်အူချောင်းကိုက်ထားသော ကျီးကန်းကို မြင်သည်တွင် ၎င်းထံမှ ဝတ်အူချောင်းကို မည်သို့ရအောင် လုပ်ရမည်ကို ရှေ့နေတစ်ယောက်က စဉ်းစားသည်။

'ဟေ့ ကျီးကန်း၊ မင်းဆီမှာ ဖန်ခွက်ပါသလား'

'မပါဘူး'

ထိုသို့ဖြေစဉ် ကျီးကန်းပါးစပ်မှ ဝက်အူချောင်းကျလာသည်။ အမြည်းရသဖြင့် ရှေ့နေနှစ်ယောက် ဝမ်းသာအားရ သောက်စားကြသည်။

ဒုတိယပုလင်းကို ဖွင့်ချိန်တွင် မြည်းစရာ အမြည်းမကျန်တော့သဖြင့် သစ်ပင်ပေါ်သို့ မော့ကြည့်ပြန်ရာ ကျီးကန်း၏ ပါးစပ်တွင် ထောပတ်ခဲကိုက်ထားသည်ကို တွေ့ကြသည်။

'ဟေ့ ကျီးကန်း၊ မင်းဆီမှာ ဖန်ခွက်ပါသလား'

ကျီးကန်းက ဘာမှမပြောဘဲနေသည်။

'ကျီးကန်း၊ မင်းကော အရက်မသောက်ချင်ဘူးလား'

'သောက်ချင်တာပေါ့'

ထောပတ်ခဲကျလာသည်။ ရှေ့နေနှစ်ယောက် စားလိုက်သောက်လိုက်ကြပြန်သည်။

တတိယပုလင်းကို ဖွင့်ကြပြန်သည်။ မြည်းစရာ အမြည်းမရှိတော့သဖြင့် သစ်ပင်ပေါ်သို့ ကြည့်ပြန်ရာ စောစောက ကျီးကန်းကြက်ကင်တစ်ကောင် ကိုက်ထားသည်ကို တွေ့ရပြန်သည်။

'ဟေ့ကျီးကန်း၊ မင်းဆီမှာ အရက်ခွက်ပါလား'

ကျီးကန်းက ဘာမှ ပြန်မပြောဘဲ နေသည်။

ဤတွင် ရှေ့နေတစ်ဦးက ၎င်းအဖော်ရှေ့နေအား ပြောလိုက်သည်။

'ကျီးကန်းကို သွားမစနဲ့၊ ဒီကောင် တော်တော်မူးနေလောက်ပြီကွ'

'ဘယ်ကလာမူးရမှာလဲ၊ အရက်ဖြင့် ပေးမသောက်ဘဲနဲ့' ဟု ကျီးကန်းက မကျေမနပ် ပြောလိုက်သည်။

## သာဓက

တရားသူကြီး။ မိန်းမက သူ့ယောက်ျားရဲ့ ဦးခေါင်းကို မီးပူနဲ့ထု လိုက်တာကိုမြင်တော့ ခင်ဗျား ဘာဆက်လုပ်သလဲ။

သက်သေ။ ကျွန်တော်နဲ့ စေ့စပ်ထားတဲ့ မိန်းကလေးဆီ ဖုန်း ဆက်ပြီး လက်မထပ်နိုင်တော့တဲ့အကြောင်း ပြော ပစ်လိုက်တယ်။

## အချစ်လျော့ပြီ

ကွာလိုမှုလျှောက်ထားသောအမှုတွင် ဖြစ်သည်။

တရားသူကြီး။ ဘာဖြစ်လို့ ကွာရှင်းခွင့်လျှောက်ရတာလဲ။

တရားလိုမိန်းမ။ သူ ကျွန်မကို မချစ်တော့ဘူးလို့ သိလိုက်ရလို့ပါ။

တရားသူကြီး။ ဘယ်လိုသိလိုက်ရတယ်ဆိုတာကို လင်းပါဦး။

တရားလိုမိန်းမ။ သူနဲ့ ကျွန်မ လက်ထပ်ပြီးကတည်းက မနက်တိုင်း သူက ကျွန်မကို အနမ်းနဲ့ နှိုးပါတယ်။

တရားသူကြီး။ ဟုတ်ပါပြီ။ အခု သူက ခင်ဗျားကို မချစ်တော့ဘူး လို့ ဘယ်လိုသိလိုက်ရတယ်ဆိုတာကိုသာ ပြောပါ။

တရားလိုမိန်းမ။ မနေ့က ကျွန်မတို့လက်ထပ်ခဲ့တဲ့ နှစ်နှစ်မြောက် နှစ်ပတ်လည်နေ့လေ၊ အဲဒီမှာ သူက ကျွန်မကို လက်ဆောင်တစ်ခု ပေးတယ်။

တရားသူကြီး။ သူက ဘာပေးလို့လဲ။

တရားလိုမိန်းမ။ နာရီနှိုးစက်။

## တစ်လမ်းမောင်း

ဒရိုင်ဘာလိုင်စင်လာလျှောက်သူ လူငယ်အား ရဲအရာရှိက မေးသည်။

'တစ်လမ်းမောင်းဆိုတာ ဘာလဲ'

'ရှေ့ကသွားတဲ့ကားကို နောက်ကပဲတိုက်နိုင်တယ်ဆိုတဲ့လမ်းကို ဆိုလိုတာပါ'

## အကျင့်

'ဟိုငနဲက ဘာဖြစ်လို့ သီချင်းတစ်ပုဒ်ပြီးတိုင်း သူနဲ့တွဲကတဲ့ အမျိုးသမီးရဲ့ တင်ပါးဆုံကို လက်နဲ့ပွတ်ရတာလဲ'

'ဩော် ဒါလား၊ ဒီငနဲက တစ်ချိန်က နာမည်ကြီး ဖောက်ထွင်းရေးသမားလေ၊ သွားလေရာမှာ သူ့ရဲ့လက်ဗွေရာ မကျန်အောင် သုတ်ပစ်တဲ့အကျင့် ပါနေလို့'

## သူခိုးသမက်

'သူငယ်ချင်း၊ မင်းရဲ့သမီးကို ငွေကိုင်စာရေးနဲ့ ပေးစားလိုက်တယ်ဆိုတာ အမှန်ပဲလား'

'အေး၊ အမှန်ပဲ'

'မင်းပဲ ဒီကောင့်ကို မယုံဘူးဆို'

'ဟုတ်ပါတယ်၊ ဒါပေမယ့် ခုဆို သူခိုးတဲ့ငွေတွေကို ငါ့သမီးလက်ထဲ သူအပ်ရတော့မယ်လေ'

## ရန်သူ

'ဒေါက်တာ့ဆီမှာ ရန်သူရှိလားဟင်'

'မရှိပါဘူး၊ သူတို့အားလုံး တခြားကမ္ဘာကို ရောက်ကုန်ကြပြီလေ'

## အဆက်အစပ်

'ဟေ့ ဂျွန်၊ မင်းရဲ့ ထရမ်းပက်ကြီးကို ရောင်းလိုက်တယ်ဆိုတာ ဘာဖြစ်လို့လဲ'

'ဘေးခန်းအိမ်က သေနတ်တစ်လက်ဝယ်လိုက်တယ်လို့ သိုးသိုးသန့်သန့် ကြားလိုက်ရလို့ဟေ့'

## သေခါနီး မှာကြားချက်

အမှုသည်အား တရားသူကြီးရှေ့မှောက်တွင် စစ်မေးသည်။

ရှေ့နေ။ ခင်ဗျားအဖေ သေခါနီးဆဲဆဲမှာ ဘာများမှာသွားပါသလဲ။

အမှုသည်။ ကျွန်တော့်အဖေ သေခါနီးဆဲဆဲမှာသွားတဲ့စကားဟာ ရှေ့နေမင်းတို့နဲ့ မဆိုင်တဲ့အတွက်မပြောပါရစေနဲ့ခင်ဗျား။

ရှေ့နေ။ ဘာကြောင့် မဆိုင်ရမှာလဲ၊ ကျုပ်တင်မကဘူး၊ ဒီရုံးတစ်ရုံးလုံးနဲ့ ဆိုင်တယ်။

အမှုသည်။ ဩော် ဟုတ်ပေလိမ့်မယ်၊ ဒါကြောင့်ပဲ ထင်ပါတယ်၊ ကျွန်တော့်အဖေက သေခါနီးဆဲဆဲမှာသွားတဲ့စကားထဲမှာ 'ငါသေရင် အမွေစကား အငြင်းအခုန်မလုပ်ကြနဲ့၊ ရှေ့နေနဲ့ ရုံးစားလို့ ကုန်လိမ့်မယ်' လို့ မှာသွားခဲ့တာကိုး။

## နှစ်မျိုးမပြောတဲ့ သက်သေ

တရားသူကြီး။ ခင်ဗျားအသက် ဘယ်နှစ်နှစ် ရှိပြီလဲ။

မိန်းမသက်သေ။ လေးဆယ့်ငါးနှစ်။

တရားသူကြီး။ ဘယ်နဲ့လဲ၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ဒီရုံးမှာ တစ်ခေါက် သက်သေလိုက်ဖူးတယ်၊ အဲဒီတုန်းကလဲ လေးဆယ့်ငါးနှစ်ပဲ၊ အခုလဲ လေးဆယ့်ငါးနှစ်ပဲ။ ဘယ့်နဲ့ကြောင့် ရုံးတော်ကို လိမ်ပြောရတာလဲ။

မိန်းမသက်သေ။ ကျွန်မ စကားတစ်ခွန်းဆို တစ်ခွန်းပဲပြောတတ်ပါတယ်၊ အရင်ကတစ်မျိုး၊ အခုတစ်မျိုး၊ အမျိုးမျိုး ပြောင်းလဲပြီး မပြောတတ်လို့ပါ။

## ပြင်ဆင်ချက်

အိမ်နီးနားချင်း လင်မယား ရန်ဖြစ်သည့်အမှုတွင် လူပျိုကြီးကိုဘိုးတုတ် သက်သေလိုက်ရသည်။

တရားသူကြီး။ သူတို့လင်မယား ရန်ဖြစ်ကြတာ မောင်းမင်း ဘယ့်နဲ့ သဘောရသလဲ။

လူပျိုကြီးဘိုးတုတ်။ ဒီနှစ်ဆောင်းတွင်းအမီ မိန်းမယူမယ်လို့ ဆုံးဖြတ်ထားတဲ့ ကျွန်တော့်ဆုံးဖြတ်ချက် ပြင်လိုက်ရပါတယ် ခင်ဗျား။

## ရည်းစားနဲ့ အမြန်တွေ့ချင်လို့

မီးရှို့မှုဖြင့် တရားစွဲခံထားရသော မိန်းကလေး၏ အမှုကို စစ်ဆေးသည်။

တရားသူကြီး။ မိန်းကလေးက ဘာဖြစ်လို့ အိမ်ကို မီးနဲ့ရှို့ရတာလဲ။

တရားခံမိန်းကလေး။ ကျွန်မရည်းစားနဲ့ အမြန်ဆုံးတွေ့ဖို့လိုအပ်တဲ့အတွက် အိမ်ကို မီးရှို့လိုက်ရတာပါ။

တရားသူကြီး။ အိမ်ကို မီးရှို့တာနဲ့ ရည်းစားနဲ့တွေ့တာ ဘာဆိုင်လို့လဲ။

တရားခံမိန်းကလေး။ ကျွန်မရည်းစားက မီးသတ်သမားမို့ပါ။

## တရားတဲ့ရုံး

တရားသူကြီး။ မောင်မင်း၊ တရားရုံးကို ဘယ်နှစ်ခါ ရောက်ဖူးပြီးပြီလဲ။

တရားခံ။ မတရားတဲ့ရုံးကိုတော့ အခေါက်ခေါက်အခါခါ ရောက်ဖူးခဲ့ပြီးပါပြီ၊ ဒီတစ်ခါပဲ တရားတဲ့ရုံးကို ရောက်ဖူးတာပါ။

တရားသူကြီး။ တရားခံအား လွှတ်စေ။

## ကျုပ် ဘာသိမှာလဲ

ရတနာပစ္စည်း ရောင်းသော သူတစ်ယောက်သည် အဖိုးတန်ရတနာများကို အာမခံသေတ္တာထဲထည့်၍ သော့ပိတ်ပြီး သော့ကို ယူကာ ထမင်းစားထွက်သွားသည်။ ထမင်းစားမှအပြန် အာမခံသေတ္တာသည် သော့ပျက်ခြင်းမရှိဘဲအတွင်းမှ အဖိုးတန်ပစ္စည်းများ ပျောက်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် ဆိုင်ရှိ သက်ာမကင်းသူကို တရားစွဲသည်။

တရားခံရှေ့နေ။ ခင်ဗျားကိုယ်တိုင် သေတ္တာထဲကို ပစ္စည်းတွေ ထည့်တယ်၊ ကိုယ်တိုင် သော့ပိတ်တယ်၊ သော့ကိုလဲ ယူသွားခဲ့တယ် မဟုတ်လား။

တရားလို။ ဟုတ်ပါတယ်။

တရားခံရှေ့နေ။ ဒါဖြင့်ရင် သော့မရှိဘဲ တရားခံအနေနဲ့ အာမခံ သေတ္တာကို ဘယ်လိုလုပ်ဖွင့်နိုင်မှာလဲ။

တရားလို။ သူခိုးပုံတော့ ကျွန်တော် ဘယ်သိမလဲ၊ သိချင်ရင် တရားခံကို ခင်ဗျားကိုယ်တိုင် မေးကြည့်ပါလား ရှေ့နေမင်းရယ်။

## စိတ်အထင်ပဲ

ရွှေနေ။ အမှုဖြစ်ပွားတဲ့နေရာနဲ့ ခင်ဗျား မြင်တဲ့နေရာ ဘယ်လောက် ဝေးပါသလဲ။

သက်သေ။ ကျွန်တော့် စိတ်အထင်တော့-

ရွှေနေ။ စိတ်အထင်ကို မပြောပါနဲ့၊ အသေအချာ ဖြစ်တာကို ပြောပါ။

သက်သေ။ ကျွန်တော်က ရွှေနေလဲမဟုတ်၊ ဝတ်လုံတော်ရလဲ မဟုတ်လို့ သူတို့လို မသေချာတာကို လိမ်မပြောတတ်ဘူး၊ စိတ်အထင်ရှိတာ စိတ်အထင်ပဲ ပြောတတ်တယ်။

## မေးတာပဲ ဖြေနိုင်းလို့

မေးသည့်မေးခွန်းကို ဖြေကြားရာတွင် ရှည်လျားစွာ သွယ်ဝိုက်၍ သက်သေက ဖြေဆိုနေသည်ဖြစ်သောကြောင့်-

ရှေ့နေ။ ကျုပ်မေးတာကို မေးတဲ့အတိုင်း ဖြူရင် ဖြူတယ်၊ မည်းရင် မည်းတယ် ဖြေပါ၊ အပိုတွေ မပြောပါနဲ့။

သက်သေ။ ဟုတ်ကဲ့၊ မှတ်မိပါပြီ။

ရှေ့နေ။ တရားခံဟာ ခင်ဗျားအိမ်ရဲ့ မြောက်ဘက်မှာနေသလား။

သက်သေ။ မနေပါဘူး။

ရှေ့နေ။ အရှေ့ဘက်မှာလား။

သက်သေ။ မဟုတ်ပါဘူး။

ရှေ့နေ။ တောင်ဘက်မှာလား။

သက်သေ။ မဟုတ်ပါဘူး။

ရှေ့နေ။ ဒါဖြင့် အနောက်ဘက်မှာပေါ့။

သက်သေ။ ဟင့်အင်း၊ မဟုတ်ဘူး။

ရှေ့နေ။ (ဒေါပွ၍) ခင်ဗျား အတော်ခွလုပ်တယ်၊ အရပ်လေး မျက်နှာမှာ မရှိရင် ဘယ်နေရာမှာ ရှိနိုင်ပါ့မလဲ။

သက်သေ။ ကျွန်တော်နေတဲ့အိမ်ရဲ့ အပေါ်ထပ်မှာနေတယ်လေ။

## တရားခံ၏ ဖြေပုံ

တရားသူကြီး။ မောင်မင်းမှာ အပြစ်ရှိသလား၊ မရှိဘူးလား။

တရားခံ။ ကျွန်တော်မျိုးမှာ ဘာအပြစ်မှ မရှိဘူးဆိုရင် ငွေကုန်ကြေးကျ ဒီလောက်အကုန်အကျခံပြီး ပထမတန်းစား ဝတ်လုံတော်ရကိုငှားပြီး အမှုကို ခုခံပါ့မလား ခင်ဗျား။

## ခိုးရာပါပစ္စည်းဝယ်သူ

တရားသူကြီး။ မောင်မင်းရဲ့လက်ဝယ်မှာရှိတဲ့ ခိုးရာပါပစ္စည်းကို လက်ပူးလက်ကြပ် တွေ့နေတယ်၊ ဘာများ ပြောချင်သလဲ။

တရားခံ။ ကျွန်တော်မျိုး ဒီပစ္စည်းကို ငွေတစ်ရာနဲ့ ပေးဝယ်လိုက်ရပါတယ်။

တရားသူကြီး။ ဝယ်တုန်းက ခိုးရာပါပစ္စည်းမှန်း မောင်မင်း မသိဘူးလား။

တရားခံ။ မသိလို့ပေါ့ခင်ဗျား၊ ခိုးရာပါပစ္စည်းမှန်းသိရင် ငွေ ၁၀/- ထက် ဘယ်ပိုပေးလိမ့်မလဲ။

## စက်ရှင်မင်းကြီးလုပ်နေပြီး

တရားသူကြီး။ ဂျူရီလူကြီးအားလုံးက မောင်မင်းအပေါ်မှာ အပြစ်ရှိတယ်လို့ ဆုံးဖြတ်ကြတယ်။

တရားခံ။ တရားသူကြီးမင်းက စက်ရှင်မင်းကြီး တစ်ယောက်လုံး လုပ်နေပြီး ဘာမှလဲ မဆုံးဖြတ်တတ်ဘူးနော်။

## သေချာတဲ့သက်သေ

မိန်းကလေးတစ်ယောက်ကို လက်ဆွဲသည့်အမှုတွင် သက်သေအား ရှေ့နေက မေးသည်။

ရှေ့နေ။ တရားလိုမိန်းကလေးကို တရားခံက အတင်းလက်ကို ဆွဲခေါ်သွားတာ အတော်ဝေးဝေး ပါသွားတယ်လို့ ခင်ဗျားက ပြောတယ်။ ကိုင်း၊ ဘယ်လောက်ဝေးဝေး ပါသွားသလဲဗျာ။

သက်သေ။ တော်တော်ဝေးတယ်ရှင့်။

ရှေ့နေ။ ဝေးတယ်ဆိုတာကတော့ ခုနက ခင်ဗျားပြောပြီးပါပြီ၊ ဒါပေမယ့် ခြေဘယ်နှစ်လှမ်း၊ ကိုက်တောင်ဘယ်နှစ်ကိုက်၊ ဘယ်နှစ်တောင် ဝေးဝေးပါသွားသလဲဗျာ။

သက်သေ။ ခြေလှမ်းကတော့ နှစ်ဆယ့်နဲ့ ခုနစ်လှမ်း၊ ကိုက်တောင် အားဖြင့်ပြောရရင် နှစ်ဆယ့် သုံးတောင်နဲ့ ခြောက်လက်မခွဲ ရှိတယ်။

ရှေ့နေ။ အမယ်လေး၊ တယ်သေချာပါလား။ ဒါလောက် သေသေချာချာ ဘာကြောင့် ခင်ဗျားသိရတာလဲ။

သက်သေ။ သိဆို ဒီလိုလေ၊ ငါတော့ဖြင့် သက်သေပါတော့မယ်၊ သက်သေပါလို့ ရုံးမှာ ရှူးရှူးမိုက်မိုက် ရှေ့နေနဲ့တွေ့ရင် ငါ့ကိုတော့ အကွာအဝေးတွေကို စစ်စစ်ပေါက်ပေါက် မေးတော့မှာပဲ၊ ဒီလို မေးလာရင် ဖြေလို့ရအောင်ဆိုပြီး သေသေချာချာ တိုင်းကြည့်ထားလို့ သိနေတာပေါ့။

## လူကြီးလူကောင်းများ

တရားလိုရှေ့နေ။ ခင်ဗျားကို တရားခံက ယုတ်ယုတ်မာမာ ဘယ်လို ဆဲသလဲ ပြောပြပါ။

တရားလိုအမျိုးသမီး။ မပြောပါရစေနဲ့ ဝတ်လုံတော်ရမင်းရယ်၊ လူကြီး လူကောင်း မိသားစစ်စစ်၊ ဖသားစစ်စစ် နားကြား လို့မကောင်းအောင် ယုတ်မာညစ်ညမ်းလှပါတယ်၊ ရှက်စရာလည်းကောင်းပါတယ်။

တရားလိုရှေ့နေ။ ကိုင်း ကိုင်း၊ ဒါဖြင့်ရင်လည်း လူကြီးလူကောင်း မိသားစစ်စစ်၊ ဖသားစစ်စစ် နားနဲ့ မလျော်ဘူး ထင်ရင် တရားသူကြီး အနားနားကပ်ပြီး တခြားသူ မကြားအောင် တိုးတိုးလေး ပြောပြလိုက်၊ ပြော ပြလိုက်။

### အားပေးမှု

တရားသူကြီး။ မောင်မင်း ဘာလုပ်ကိုင်စားပါသလဲ။

သက်သေ။ ကျွန်တော်မျိုး လူကြီးများကို အားပေးတဲ့အလုပ် လုပ်ပါတယ်။

တရားသူကြီး။ ဘယ်လိုမျိုး အားပေးတာလဲ။

သက်သေ။ တခြားမဟုတ်ပါ။ ဂျာမဏီအားတိုးဆေးများကို ရောင်းပြီး လူအိုကြီးတွေ အားရှိအောင်လုပ်ပေးတာ မျိုးပါ။

# စဉ်းစားကြည့်ပါ

တရားသူကြီး။ သေသူကိုဘယ်လိုကြောင့်သတ်တယ်ဆိုတာ ပြောပြပါ။

တရားခံ။ ဒီလိုပါခင်ဗျား၊ ကျွန်တော်ဟာ မီးယပ်နဲ့ သားဖွား ဆရာဝန်တစ်ဦးပါ၊ တစ်နေ့ကို အမျိုးသမီးလူနာ လေးဆယ်ကျော် လာပြလေ့ရှိပါတယ်။

တရားသူကြီး။ အဲဒါ ဘာဖြစ်သလဲ၊ ဘယ်လိုကြောင့် သတ်တယ် ဆိုတာ ပြောပါ။

တရားခံ။ ကျွန်တော် အဲဒါကိုပဲ ရှင်းပြနေတာ ဖြစ်ပါတယ်။ တစ်နေ့တစ်နေ့ ကျွန်တော့်ထံ မိန်းမလူနာအယောက် လေးဆယ် လာတဲ့အပြင် တခြား ဆရာဝန်တစ်ယောက် ခွင့်သွားတဲ့ ရက်တွေမှာ မိန်းမလူနာ အယောက် ရှစ်ဆယ်ကျော် လာပြလေ့ရှိပါတယ်။

တရားသူကြီး။ ဟုတ်ပါပြီ၊ ကျုပ် သိချင်တာက သေသူကို ခင်ဗျား ဘယ်လိုကြောင့် သတ်ရတယ်ဆိုတာကိုပဲ သိချင်တာ။

တရားခံ။ ကျွန်တော်ဟာ မီးယပ်နဲ့သားဖွားဆရာဝန်ဖြစ်ပြီး တစ်နေ့ကို လူနာရှစ်ဆယ်ကျော် ကြည့်ပေးနေသူဖြစ် ပါတယ်။

တစ်နေ့မှာ ဘတ်စ်ကားစီးဖို့ မှတ်တိုင်မှာ ကားစောင့် နေတုံး မိန်းမတစ်ယောက် ကျွန်တော့်နားကပ်လာ ပါတယ်။ ‘ဦးလေးကြီး၊ ကျွန်မကို ငါးဒေါ်လာပေးပါ၊ အဲဒီလိုပေးတဲ့အတွက် ဦးလေးကြီးကို ကျွန်မ တစ်စုံ တစ်ရာပြမယ်’လို့ ပြောပါတယ်။ ကျွန်တော် ဘယ်လို ဖြစ်မယ်ဆိုတာ တရားသူကြီးမင်း စဉ်းစားကြည့်ပါ ခင်ဗျား။

## ဖော်ငြင်း ငြင်း

တရားသူကြီး။ ဒီပစ္စည်းကို မောင်မင်းခိုးတယ်မဟုတ်လား။
တရားခံ။ မခိုးပါဘူး။
တရားသူကြီး။ ဒါပေမယ့် ဒီသက်သေက မောင်မင်းခိုးတာကို အနီးကပ် တွေ့ခဲ့ရတယ်လို့ ဆိုနေပါလား။
တရားခံ။ အဲဒါ သူသက်သက်လိမ်တာ၊ ကျွန်တော်ယူတုန်းက အနားမှာ ဘယ်သူမှရှိတာမဟုတ်ဘူး။

## ဒီသုံးနှစ်အတွင်း

တရားသူကြီး။ ဒီသုံးနှစ်အတွင်းမှာ မောင်မင်းကို ဒီရုံးမှာ ခဏခဏ တွေ့နေရတယ်၊ သုံးနှစ်ဆိုတဲ့ အချိန်ဟာ နည်းတာ မဟုတ်ဘူး။ ဒီကာလ အတွင်းမှာ မောင်မင်းဟာ လူကောင်းဖြစ်နေဖို့ကောင်းပြီ။
တရားခံ။ ကျွန်တော် မငြင်းပါဘူး၊ တရားသူကြီးမင်းလည်း ဒီကာလအတွင်းမှာ တရားရေးဝန်ကြီးလောက်တော့ ဖြစ်ဖို့ကောင်းပြီ။

## အလုပ်ချိန်

တရားသူကြီး။ သူတစ်ပါးရဲ့ အိမ်ထဲကို ညအချိန်မတော် မောင်မင်း ဘာကြောင့် ဝင်ခိုးဖို့ ကြိုးစားရတာလဲ။

တရားခံ။ ခွင့်လွှတ်ပါ တရားသူကြီးမင်းခင်ဗျား၊ အရင်တစ်ခါ ကျွန်တော် ဒီရုံးကိုရောက်တော့ တရားသူကြီးမင်း ကပဲ ကျွန်တော့်ကို 'နေ့ခင်းကြောင်တောင် မင်း ဘာဖြစ်လို့ ခိုးဖို့ကြိုးစားရတာလဲ' လို့ ပြောခဲ့တယ်လေ။

## ဖြန်ဖြေချင်သော်လည်း

တရားသူကြီး။ ရန်ပွဲကို ခင်ဗျားမြင်တယ်။ သူတို့နှစ်ယောက် ကုလား ထိုင်တွေနဲ့ အပြန်အလှန် ပေါက်ကြတယ်။ ဒါကို တွေ့ရက်သားနဲ့ ခင်ဗျား ဘာဖြစ်လို့ ဝင်ပြီး မဖြန်ဖြေ တာလဲ။

သက်သေ။ တတိယကုလားထိုင်တစ်လုံး ရှာမတွေ့ခဲ့လို့ပါ။

## ဖြစ်နိုင်ပါတယ်

တရားသူကြီး။ ဒီလက်ကိုင်ပဝါဟာ ခင်ဗျားရဲ့ လက်ကိုင်ပဝါလို့ ဘာဖြစ်လို့ ပြောနိုင်တာလဲ။

တရားခံ။ ပုံသဏ္ဌာန်ချင်းတူတယ်၊ ပြီးတော့ ဒီလက်ကိုင်ပဝါမျိုး ကျွန်တော့်အိပ်ထောင်ထဲမှာ တစ်ခုမက ရှိနေပါတယ်။

တရားသူကြီး။ ဒါဟာ ခိုင်လုံတဲ့ အကြောင်းပြချက် မဟုတ်ဘူး။ ကျုပ်ရဲ့ အိပ်ထောင်ထဲမှာလည်း ဒီလက်ကိုင်ပဝါမျိုး တစ်ထည်ရှိနေတာပဲ။

တရားခံ။ ဖြစ်နိုင်ပါတယ်၊ ဒီလက်ကိုင်ပဝါမျိုး အများကြီး ကျွန်တော် အခိုးခံခဲ့ရတယ်ခင်ဗျ။

## ရိုးသားသူ

တရားသူကြီး။ တရားခံရဲ့ ရိုးသားမှုနဲ့ပတ်သက်ပြီး ဘာပြောနိုင်သလဲ။

သက်သေ။ ဒီလူဟာ အင်မတန် ရိုးသားပါတယ်။ ငါးမျှားတံနဲ့ ဘာမှမလုပ်ဘဲတစ်နေကုန် မြစ်ကမ်းနံဘေးမှာထိုင်နေပြီး ငါးတစ်ကောင်မှ မမိဘူးဗျာလို့ ဝန်ခံဝံ့တဲ့သူဆိုတာ ကျွန်တော် သိပါတယ်။

## ချဉ်ပေါင်ဟင်း

တရားသူကြီး။ မိန်းမနဲ့ ကွာချင်ရတဲ့အကြောင်းက ဘာကြောင့်လဲ။
တရားလို။ ချဉ်ပေါင်ဟင်း မချက်တတ်လို့ပါ။
တရားသူကြီး။ တခြားဟင်းတွေ အများကြီးရှိသေးတာပဲကွာ။
တရားလို။ တခြားဟင်းတွေကို သူမချက်ဘူးလေ။

## ကြာပါပြီ

တရားသူကြီး။ ရာဇဝတ်ပြစ်မှုနဲ့ အရင်က တရားစွဲခံရဘူးလား။
တရားခံ။ ခံရဖူးပါတယ်၊ ဒါပေမယ့် ကြာပါပြီ။
တရားသူကြီး။ ဘယ်တုန်းကလဲ။
တရားခံ။ လွန်ခဲ့တဲ့ဆယ်နှစ်ကပါ။
တရားသူကြီး။ အဲဒီနောက်ပိုင်း ခင်ဗျား ဘယ်လုပ်နေလဲ။
တရားခံ။ ဘာလုပ်ရမှာလဲ၊ ထောင်ထဲမှာ ထိုင်နေရတာပေါ့။

## မမိတဲ့အခါလဲ ရှိပါတယ်

တရားသူကြီး။ ခိုးတဲ့အလုပ်ကို ခင်ဗျား ဘယ်တော့ စွန့်လွှတ်မှာလဲ၊ ခိုးတိုင်း မိနေတာပဲ မဟုတ်လား။
တရားခံ။ မမိတဲ့အခါတွေလဲ ရှိပါတယ်ခင်ဗျာ။

## အမျိုးဂုဏ်

တရားသူကြီး။ ပစ္စည်းကိုခိုးဖို့ ကြိုးစားတုန်း မောင်မင်းကို ရဲက ဖမ်းမိပြီး မောင်မင်းနာမည်ကို မေးတဲ့အခါ ဘာဖြစ်လို့ နာမည်အမှန်ကို မပြောရတာလဲ။

တရားခံ။ အမေက မင်းလုပ်ချင်တာလုပ်၊ ဒါပေမယ့် တို့အမျိုးရဲ့ နာမည်ကို မပျက်စေနဲ့လို့ အမြဲမှာထားလို့ပါ။

## အသက်

တရားသူကြီး။ ခင်ဗျားအသက် ဘယ်လောက်လဲ။

တရားခံ။ ကျွန်တော့်အသက် ဘယ်လောက်လဲဟုတ်လား၊ နေဦး၊ တွက်ကြည့်ရရင် ၂၂ နှစ်လုံးလုံး အိမ်ထောင် မပြုဘဲ လူပျိုဘဝနဲ့ နေခဲ့တယ်၊ ၆ နှစ်တိတိ အိမ်ထောင်ရှိခဲ့တယ်၊ ၇ နှစ် မိန်းမနဲ့ မနေခဲ့ဘူး၊ မုဆိုးဖိုဖြစ်တာက ၉ နှစ်၊ ထောင်ထဲမှာက ၄ နှစ်၊ ကိုင်း ပေါင်းသာ ကြည့်ပါတော့ တရားသူကြီးမင်းရယ်။

## ငြင်းလို့

တရားသူကြီး။ စားလိုက်တဲ့ မှိုဟင်းက အဆိပ်ဖြစ်ပြီး ခင်ဗျားရဲ့ ပထမဇနီး သေတယ်၊ ဒုတိယဇနီးလည်း မှိုဟင်းအဆိပ်ကြောင့် သေတယ်၊ ဒါပေမယ့် တတိယဇနီးကျတော့ ခေါင်းက ဒဏ်ရာနဲ့ သေတယ်၊ ဘာကြောင့်လဲ။

တရားခံ။ မှိုဟင်းကျွေးတာ မစားဘဲ ငြင်းလို့။

## သိမ်းသွင်းသူ

တရားသူကြီး။ ခင်ဗျားကို တရားခံက သူ့ဘက်ပါအောင် သိမ်းသွင်းဖို့ ကြိုးစားတယ်ဆို။

သက်သေ။ ဟုတ်ပါတယ်၊ ကျွန်တော့် ယောက္ခမ အကြောင်း မကောင်းတာတွေ လာပြောပါတယ်။

## ကုလားကြီးနဲ့ အရာကြီး

တရားခံ။ အဲဒီတုန်းက ကျွန်တော် မမူးပါဘူး၊ သောက်ရုံပဲ သောက်ထားတာပါ။

တရားသူကြီး။ ဒီလိုဆိုရင် စီရင်ချက်ကို ပြင်ပေးပါ့မယ်။ ထောင် (၇) ရက်အစား တစ်ပတ်လို့။

## သိချင်လို့

တရားခံ။ ဒီကနေ့ အမှုမစစ်ဘဲရက်ချိန်းပေးဖို့ မေတ္တာရပ်ခံပါတယ်။ ကျွန်တော့်ရှေ့နေ ရောက်မလာလို့ပါ။

တရားသူကြီး။ သူများအိတ်ထောင်ထဲကို ခင်ဗျားလက်နဲ့ နှိုက်နေတဲ့ အချိန်မှာ ရဲက လက်ပူးလက်ကြပ်မိခဲ့တာပဲ၊ ခင်ဗျား ရှေ့နေက ဘာများ ပြောနိုင်မှာမို့လဲ။

တရားခံ။ ကျွန်တော်လဲ အဲဒါကိုပဲ သိချင်နေလို့ပါ။

## ရှေ့နေငှားခြင်း အစီပွာယ်

တရားစွဲခံရသော တောင်သူဦးကြီးကို တရားသူကြီးက မေးသည်။

တရားသူကြီး။ ခင်ဗျားရဲ့အမှုကို ဘယ်သူလိုက်ပါဆောင်ရွက်မှာလဲ။

ဦးကြီး။ ကျွန်တော်ကိုယ်တိုင်ပဲ ခုခံကာကွယ်ပါမယ်။

တရားသူကြီး။ ခင်ဗျားရဲ့အပြစ်ကို ဝန်ခံမလား၊ ဒါမှမဟုတ် ငြင်းမလား။

ဦးကြီး။ ဝန်မခံပါဘူး၊ ကျွန်တော့်ကိုယ်ကျွန်တော် အပြစ်ရှိတယ်ထင်ရင် ရှေ့နေငှားလာမှာပေါ့။

## နားထောင်ကြည့်ချင်သူ

တရားသူကြီး။ အပြစ်ရှိတယ်ဆိုတာ ဝန်ခံမလား။

တရားခံ။ ဝန်မခံနိုင်သေးပါဘူး၊ သက်သေတွေ ဘာပြောမလဲဆိုတာကို နားထောင်ကြည့်ချင်ပါသေးတယ်။

## ကာကွယ်ခုခံခွင့်

မိန်းကလေးတစ်ဦးကို ဖက်နမ်းသဖြင့် လူငယ်တစ်ဦးကို တရားရုံးသို့ တရားစွဲတင်သည်။ ရုံးတွင် တရားခံရှေ့နေက မိန်းကလေးကို မေးသည်။

တရားသူကြီး။ မင်းရဲ့ အလိုဆန္ဒမပါဘဲ ဒီလူငယ်က မင်းကို နမ်းတယ်ဆိုတာ ဟုတ်သလား။

မိန်းကလေး။ ဟုတ်ပါတယ်။ သူ ကျွန်မကို ဆယ့်နှစ်ကြိမ်ထက် မနည်း နမ်းပါတယ်။

တရားခံရှေ့နေ။ သူက ဒီလိုနမ်းနေတုန်းမှာ မင်းကရော သူ့ကို ပြန်နမ်းသေးသလား။

ထိုမေးခွန်းကို တရားလိုရှေ့နေက ကန့်ကွက်သည် သို့သော် ကန့်ကွက်ချက်ကို ရုံးက ပယ်သည် တရားခံရှေ့နေအား ဆက်မေးခွင့်ပြုသည်။

တရားခံရှေ့နေ။ ကဲ၊ မေးတဲ့မေးခွန်းကို ဖြေပါ။ မင်းကရော တရားခံကို နမ်းသေးသလား။

မိန်းကလေး။ နမ်းတယ်လေ၊ ဒါက ကိုယ့်ကိုယ်ကို ကာကွယ်တဲ့ အနေနဲ့ နမ်းတာပဲဥစ္စာ။

## ငါ့အကြောင်းမေးရင်

မြို့လေးတစ်မြို့တွင် ဖြစ်သည်။ အမျိုးသမီးကြီးတစ်ဦးအား အမှုတစ်မှုတွင် ဂျူရီလူကြီးတာဝန်ထမ်းဆောင်ရန် တရားရုံးက ခေါ်ယူသည်။ ထုံးစံအတိုင်း ရုံတော်က ၎င်းအား မေးသည်။

'တရားခံရဲ့ ရှေ့နေကို သိပါသလား ခင်ဗျာ'

'သိတာပေါ့၊ ဒီကောင် နည်းနည်းလေးမှ ကောင်းတဲ့ကောင် မဟုတ်ဘူး'

'ဒါဆို တရားလိုရှေ့နေကြီးကိုကော သိပါသလား'

'သူ့ကိုလဲသိတာပဲပေါ့၊ ဒီကောင်က ပိုတောင်ဆိုးသေး'

ထို့နောက် နှစ်ဖက်စလုံးမှ ရှေ့နေနှစ်ယောက်ကို တရားသူကြီးက ခေါ်၍ သတိပေးလိုက်သည်။

'ခင်ဗျားတို့နှစ်ယောက်စလုံး ကျွန်တော့်ကို သိလားလို့ အဲဒီအမျိုးသမီးကြီးကိုမေးရင် ရုံးတော်ကို စော်ကားမှုနဲ့ အရေးယူရလိမ့်မယ် သိလား'

## ရှေ့နေခ

ရှေ့နေ။ ခင်ဗျားအမှုအတွက် လိုက်ပါဆောင်ရွက်ပေးနိုင်ဖို့ ရှေ့နေခပေးဖို့လိုပါတယ်။

အမှုသည်။ ကျွန်တော် ဆင်းရဲသားပါ၊ ပေးစရာ ပိုက်ဆံမရှိပါဘူး၊ ဒါပေမယ့် ဖီးယက်ကားတစ်စီးတော့ရှိပါတယ်။

ရှေ့နေ။ ဒါဆိုလဲဖီးယက်ကားရောင်းပြီးပေးပေါ့။ ဒါနဲ့ ခင်ဗျား ဘာခိုးမှုနဲ့ အစွပ်စွဲခံရတာလဲ။

အမှုသည်။ ဖီးယက်ကားခိုးယူမှုနဲ့ပါ။

## ငြင်းဆန်မှု

တရားခံ။ တရားသူကြီးမင်းခင်ဗျာ၊ ငြင်းဆန်မှုနဲ့ ရဲက ကျွန်တော့်ကို ဖမ်းဆီးတာ ဖြစ်ပါတယ်။

တရားသူကြီး။ ငြင်းဆန်မှု ဟုတ်လား၊ ရှင်းစမ်းပါဦး။

တရားခံ။ သူ့ကို ကျွန်တော်က ဒေါ်လာ ၂၀ ပေးပါတယ်၊ သူက ဒေါ်လာ ၅၀ ပေးပါလို့ ပြောပါတယ်၊ အဲဒါ ကျွန်တော် မပေးနိုင်တဲ့အတွက် ငြင်းဆန်မှုဖြစ်တယ် ဆိုပြီး ဖမ်းဆီးတာ ဖြစ်ပါတယ်။

## အပ်မလို့ပါဘဲ

တရားသူကြီး။ ပိုက်ဆံအိတ်ကောက်ရရခြင်း ရဲဌာနကို ခင်ဗျားသွားအပ်ဖို့ကောင်းပါတယ်။

တရားခံ။ အဲဒီနေ့က ရဲစခန်းပိတ်တယ်ထင်မိလို့ပါ။

တရားသူကြီး။ နောက်နေ့မှာ အပ်ပေါ့။

တရားခံ။ နောက်နေ့ သွားအပ်မလို့ပါပဲ၊ ဒါပေမယ့် ပိုက်ဆံအိတ်ထဲမှာ ဘာမှ မကျန်တော့လို့။

## သတင်းများကြောင့်

ရွှေနေ။ ခင်ဗျား ထောင်ကလွတ်လွတ်ချင်း သတင်းစာ အယ်ဒီတာဆီ အရောက်သွားပြီး ဘာဖြစ်လို့ လက်သီးနဲ့ ထိုးရတာလဲ။

အမှုသည်။ ကျွန်တော် အနုကြမ်းစီးလို့ တကယ်ရတဲ့ပိုက်ဆံက ဒေါ်လာ ၅၀၀၊ သူက ဓားပြလက်ထဲဒေါ်လာ ၅ သောင်း ပါသွားတယ်လို့ ရေးတယ်လေ၊ ဒီတော့ ကျွန်တော်နဲ့ ကျွန်တော့်မိန်းမ ဘယ်လောက် စကားများကြရတယ်ထင်သလဲ။

## နောက်ထပ် နှစ်ချက်

ရွှေနေ။ ပထမချက်မှာတုန်းက တရားခံက ခင်ဗျားကို နှစ်ကြိမ်တိတိ လက်သီးနဲ့ထိုးတယ်လို့ တိုင်းထားတယ်။ အခု ခင်ဗျားက လေးကြိမ်ထိုးတယ်လို့ ဘာကြောင့် ပြောင်းပြီး ပြောရတာလဲ'

တရားလို။ သူနဲ့ ကျွန်တော် နောက်တစ်ကြိမ် ထပ်တွေ့ကြသေးတယ်လေ။ အဲဒီမှာ နှစ်ချက်ထပ်ထိုးတာ။

## ကြာမှာမို့

လင်ယောက်ျားကိုသတ်သည့် တရားခံအမျိုးသမီးအား တရားသူကြီးက မေးသည်-

တရားသူကြီး။ သူ့ကို သတ်မယ့်အစား တရားဝင် ကွာရှင်းလိုက်ရင်လဲ ဖြစ်တာပဲလို့ မစဉ်းစားမိဘူးလား။

တရားခံအမျိုးသမီး။ စဉ်းစားမိပါတယ်၊ ဒါပေမယ့် အဲဒါက အချိန်ကြာမယ်လေ။

## လူလိမ်ကြီးများ

ဂျက်ထံမှ မိမိချေးထားသော ငွေစတာလင်ပေါင်း ၁၀၀၀ ရလိုကြောင်း ဂျွန်က တရားရုံးတွင် လျှောက်ထားသည်။

ဂျက်က ၎င်းငွေစတာလင်ပေါင် ၁၀၀၀ အပြည့်အဝပေးဆပ်ပြီးဖြစ်ကြောင်း ထုချေသည်။ နှစ်ဖက်စလုံး အထောက်အထား ခိုက်လုံမှု မရှိသဖြင့် အမှုကို တရားရုံးက ပလပ်လိုက်သည်။ ရုံးမှ အထွက်တွင် ဂျက်ကို ဂျွန်က ဤသို့ ပြောသည်။

'မင်းလို လူလိမ်မျိုးကို ငါ မတွေ့ဖူးဘူး၊ တော်တော်တတ်နိုင်တဲ့ကောင်၊ ငါ့ဆီက တစ်ပြားတစ်ချပ်မှ ချေးထားတာ မဟုတ်ဘဲနဲ့များ အပြည့်အဝ ပြန်လည်ပေးဆပ်ပြီးပါပြီလို့ တရားရုံးမှာ မဟုတ်မတရား ထွက်ဆိုရဲတယ်'

## စားခိုင်းလို့

ယောက်ျားနှင့် ကွာရှင်းလိုကြောင်း လာရောက်လျှောက်ထားသော အမျိုးသမီးကို တရားသူကြီးက မေးသည်။

'ယောက်ျားနဲ့ ဘာဖြစ်လို့ ကွာရှင်းချင်ရတာလဲ'

'သူ့အတွက် ကျွန်မ ချက်တာမှန်သမျှကို သူက ကျွန်မကို အတင်းစားခိုင်းလို့'

## စိတ်ဆိုးမှာလား

တရားသူကြီး။ တရားခံက ခင်ဗျားကို 'နွားမ' လို့ ခေါ်တာ စိတ်ဆိုးစရာမှ မဟုတ်တာ'

တရားလိုအမျိုးသမီး။ 'တရားသူကြီးမင်းရှင့်၊ ဒီလိုဆိုရင် ရှင်ဟာ 'နွားသိုးကြီး' ကဲ။

## တစ်ခုတည်းသောနည်းလမ်း

ရှေ့နေ။ ဒီအမှုက ကျွန်တော့်ရဲ့ ပထမဦးဆုံးအမှု ဖြစ်နေပါတယ်။ ပထမဆုံးအမှုသည် ကွင်းလုံးကျွတ်ဖို့ သိပ်အရေးကြီးပါတယ်။

အမှုသည်။ ဒီအတွက် နည်းလမ်းတစ်ခုရှိမယ်ထင်တယ်၊ ရွှေဆိုင်ကို ဖောက်ထွင်း ခိုးယူတဲ့သူဟာ ကျွန်တော် အမှုသည် အဟုတ်ရပါဘူး၊ ကျွန်တော် (ရှေ့နေ)သာ ဖြစ်ပါတယ် လို့ ပြောလိုက်တဲ့နည်းလမ်းပဲ။

## တစ်ဝက်

'ခင်ဗျားဟာ တရားဝင်အိမ်ထောင်က မွေးတဲ့ကလေး ဟုတ်ပါတယ် နော်'

'တစ်ဝက်တစ်ပျက် တရားဝင်ပါတယ်'

'ဘယ်လိုတစ်ဝက်တစ်ပျက်လဲ'

'ကျွန်တော့်အဖေမှာ လက်ရှိ အိမ်ထောင်ရှိတယ်၊ အမေမှာ မရှိဘူး'

## ရှေ့နေမဲ့ တရားခံ

တရားသူကြီး။ 'ခင်ဗျား ဘာဖြစ်လို့ ရှေ့နေမငှားတာလဲ'

တရားခံ။ 'ဒေါ်လာငါးသန်းကို ကျွန်တော် တကယ်မယူမှန်း သိသွားကြပြီးတဲ့နောက်မှာ ကျွန်တော့်အမှုလိုက်ပေးဖို့ ငြင်းငြင်းသွားကြတဲ့အတွက် လိုက်ပေးမယ့်ရှေ့နေ မရှိလို့ပါ'

## မကူတာ

တရားသူကြီး။ ခင်ဗျားရဲ့ ယောက္ခမကို တရားခံက လည်ညှစ်သတ်နေတာ ခင်ဗျားမြင်တယ်ဆိုတာ အမှန်ပဲနော်။

သက်သေ။ မှန်ပါတယ်၊ တရားသူကြီးမင်း။

တရားသူကြီး။ ဒါဆို ဘာဖြစ်လို့ ဝင်မကူရတာလဲ။

သက်သေ။ ကျွန်တော် ဝင်ကူမလို့ပါပဲ၊ ဒါပေမယ့် လူသတ်သမား က သူလုပ်ရမယ့်လုပ်ငန်းကို တစ်ယောက်တည်း လုပ်နိုင်ကိုင်နိုင်တာကို တွေ့နေရတဲ့အတွက် ဝင်မကူဘဲ နေမိတာပါ။

## မှားပစ်မိလို့

| | |
|---|---|
| တရားသူကြီး။ | ခင်ဗျားနဲ့ အမဲအတူလိုက်တဲ့သူကို ဘာဖြစ်လို့ သေနတ်နဲ့ ပစ်ရတာလဲ။ |
| တရားခံ။ | သမင်တစ်ကောင်နဲ့ မှားသွားလို့ပါ။ |
| တရားသူကြီး။ | ဒီလိုမှားသွားမှန်း ဘယ်တော့သိသလဲ။ |
| တရားခံ။ | အဲဒီသမင်က ကျွန်တော့်ကို သေနတ်နဲ့ ပြန်ပစ်တော့မှ သိပါတယ်။ |

## နောက်တစ်ပန်းကန်

| | |
|---|---|
| အစိုးရရှေ့နေ။ | မစ္စစ်ဂွန်ဆင်ခင်ဗျား၊ ဟင်းချိုပန်းကန်ထဲကို အဆိပ်ခပ်ပြီး လင်ယောကျ်ားလုပ်သူကို သောက်ခိုင်းတဲ့ အခါမှာ လိပ်ပြာမသန့် မဖြစ်မိဘူးလား။ |
| တရားခံ။ | ဖြစ်မိပါတယ်ရှင်။ |
| အစိုးရရှေ့နေ။ | ဘယ်အချိန်မှာ ဖြစ်မိပါသလဲ။ |
| တရားခံ။ | နောက်တစ်ပန်းကန် ထပ်ပေးပါဦးလို့ သူတောင်းတဲ့ အချိန်မှာပါ။ |

## လိမ်လည်မှု

တရားသူကြီး။ ကိုင်း၊ ရှေ့နေမင်း၊ လျှောက်လဲချက်ကို အတိုးချုံးပါ၊ ရှေ့နေမင်းရဲ့ အမှုသည်က သူလိမ်လည်မှုကို ကျူးလွန်ပါတယ်လို့ အပြည့်အဝ ဝန်ခံပြီးနေပြီပဲ။

ရှေ့နေ။ တရားသူကြီးမင်းခင်ဗျား၊ လိမ်လည်မှု တရားခံကို ကျွန်တော့်ထက်ပိုပြီး ယုံတယ်လို့ ဆိုချင်တာလား ခင်ဗျာ။

## နှစ်ခါ မပြောချင်လို့

'ရဲရှေ့မှာ ထွက်ဆိုတုန်းကတော့ လုပ်မိပါတယ်ဆိုပြီး ဝန်ခံထွက်ဆိုတယ်၊ တရားရုံးရှေ့လဲရောက်ရော မလုပ်မိပါဘူးဆိုပြီး ငြင်းတယ်၊ ဘယ်လိုသဘောလဲ'

'ဘယ်လိုသဘောမှ မဟုတ်ပါဘူး၊ စကားတစ်ခွန်းကို နှစ်ခါ ထပ်မပြောချင်လို့'

## သံသယအကျိုး

ယာဉ်မောင်းတစ်ဦးကို အရက်မူးယစ်ပြီး ကားမောင်းသည့်အမှုဖြင့် တရားရုံးသို့ တရားစွဲတင်ပို့သည်။ တရားသူကြီးက အမှုကို ချက်ချင်း စစ်ဆေးပြီး အပြစ်ပေးရန်စီစဉ်သည်။

ထိုစဉ် ယာဉ်မောင်း တရားခံက တရားသူကြီးအား 'တောင်ပေါ်က ရှမ်းကလေး၊ လျှော်ထမ်းလို့ပြေး၊ တိုတဲ့လျှော်က တို၊ ရှည်တဲ့လျှော်က ရှည်' 'တုံးအောက်ကဖား၊ ပြားတဲ့ဖားက ပြား၊ ဖောင်းတဲ့ဖားက ဖောင်း' ဟူ၍ အမှားအယွင်း အထစ်အငေါ့မရှိ သွက်လက်စွာ ရွတ်ဆိုပြလိုက်သည်။

နောက်ဆုံး ထိုအမှုကို တရားသူကြီးက ဤသို့ သုံးသပ်လိုက်သည်။

'တရားခံအရက်မူးသည်မှာ မခိုင်လုံသဖြင့် အမှုမှ တရားသေလွှတ်သည်'

## လက်တွေ့

အသက် ၈၀ အရွယ်ရှိ အဘွားကြီးတစ်ဦးသည် မော်တော်ကားကို ကိုယ်တိုင်ကျွမ်းကျင်စွာ မောင်းနေကျဖြစ်သည်။ တစ်နေ့တွင် မီးအနီ တစ်ခုကို ဖြတ်ဝင်သည်ဆိုသည့်အမှုဖြင့် ယာဉ်ထိန်းရဲက ဖမ်းပြီး တရားရုံးသို့ အမှုစွဲပို့သည်။

တရားသူကြီး။ အသက် ၈၀ ဆိုတာ ဆံဖြူ သွားကျိုးတဲ့အရွယ်ကို ရောက်နေပြီ၊ မျက်စိလည်း မှုန်လောက်ပြီ၊ ကား မမောင်းသင့်တော့ဘူး။

ထိုအခါ အဘွားအိုသည် ၎င်း၏ ပိုက်ဆံအိတ်အတွင်းမှ အပ်တစ်ချောင်းကို ထုတ်၍ အပ်ပေါက်ကို အပ်ချည်ကြိုးတပ်ပြရာ ပထမ တစ်ကြိမ်တည်းနှင့် ရသွားသည်။ ထို့နောက် ထိုအပ်နှင့် အပ်ချည်ကြိုးကိုပင် တရားသူကြီးထံ ပေးအပ်၍ ဤသို့ ပြောလေသည်။

'ကဲ၊ ရှင့်အလှည့်၊ လုပ်ကြည့်စမ်းပါဦး'

## အိမ်နီးချင်း

အခြေအနေမဲ့လူနှစ်ဦးအား တရားရုံးသို့ တရားစွဲတင်ပို့သည်။

တရားသူကြီး။ မင်းက ဘယ်မှာနေတာလဲ။

အခြေအနေမဲ့(၁)။ ကျွန်တော်နေတာ နေရာတိုင်းမှာပါ၊ လယ်ကွင်းကျယ်ကျယ်ကြီးထဲမှာ၊ တောထဲမှာ၊ တောင်တွေပေါ်မှာ၊ ပင်လယ် ကမ်းခြေ သဲသောင်လွလွပေါ်မှာ၊ နေရာတိုင်းဟာ ကျွန်တော့်အိမ်ပါ။

တရားသူကြီး။ နောက်တစ်ယောက်ကကော ဘယ်မှာနေလဲ။

အခြေအနေမဲ့(၂)။ ကျွန်တော်လား၊ သူနဲ့အိမ်နီးနားချင်းပါ။

## အာယသူခိုး

တရားသူကြီး။ မောင်မင်းဟာ ဖောက်ထွင်းခိုးယူတဲ့နေရာမှာ ငွေကို မယူဘဲလက်ဝတ်ရတနာနဲ့ တခြားပစ္စည်းတွေကို ခိုးယူတာ ဘာကြောင့်ပါလဲ။

သူခိုး။ တရားသူကြီးမင်းခင်ဗျား။ ငွေကြေးက ခိုင်မာမှု သိပ်မရှိပါ၊ ခုလတ်တလော ငွေကြေးတန်ဖိုး အရမ်းကျဆင်းနေတယ် မဟုတ်လား။

## ကြောက်ရသူ

လင်မယားကွာလိုမှု လျှောက်ထားသောအမှုတွင်-

တရားသူကြီး။ ခင်ဗျားက ခင်ဗျားယောကျ်ားကို ပါးရိုက်တယ်လို့ ဆိုတယ်၊ ဟုတ်ပါသလား။

မိန်းမ။ မဟုတ်ပါဘူး။

ယောကျ်ား။ ပြောင်လိမ်တာပါ။

'ရှင့်ပါးစပ်ကို ပိတ်ထားစမ်း၊ နောက်တစ်ချက်ထပ်လိုချင်သေးလို့လား' ဟူ၏။

## ယောက္ခမကို ကယ်ခဲ့လို့

တရားခံ။ တရားသူကြီးမင်းခင်ဗျား၊ မနှစ်က တရားသူကြီးမင်းရဲ့ ယောက္ခမ ရေနစ်တုန်းက ကျွန်တော် သက်စွန့်ဆံဖျား ကယ်တင်ခဲ့ဖူးတာကို ပြန်လည် ဖော်ပြလိုပါတယ်။

တရားသူကြီး။ မောင်းမင်း၊ အလားတူပြစ်မှုမျိုး နောက်ထပ်ကျူး လွန်တာ ဘာရှိသေးသလဲ။

## အတုယူစရာ

တရားရုံးတွင် ဖြစ်သည်။

'အစိုးရရှေ့နေကြီး ပြောတဲ့အတိုင်း ခိုးယူခဲ့တယ်ဆိုတာ အမှန်ပဲလား'

'သူပြောတဲ့အတိုင်း မဟုတ်ပါဘူး၊ ဒါပေမယ့် အစိုးရရှေ့နေကြီး ပြောသွားတဲ့ ခိုးယူပုံ ခိုးယူနည်းတွေကတော့ ကျွန်တော့်အတွက် အတုယူစရာတွေချည်းပါပဲ'

## ယုံမှ

တရားသူကြီး။ ခင်ဗျားအပေါ် ယုံကြည်တဲ့သူတွေကို ခင်ဗျားမို့လို့ လိမ်ရက်တယ်။

လူလိမ်။ ရုံးမင်းရဲ့စကားဟာ ကျွန်တော့်အတွက် အတော် ထူးဆန်းနေပါတယ်၊ ကျွန်တော့်ကိုမယုံတဲ့သူကို ကျွန်တော် ဘယ်လိုလုပ်ပြီး လိမ်နိုင်မှာလဲ၊ သူတို့ယုံမှ ကျွန်တော် လိမ်လို့ရမှာပါ။

## ခွဲတမ်းမပြည့်သေးလို့

လင်မယားကွာရှင်းခွင့်ကို တရားရုံးတွင် ကြားနာသည်။ သားသမီး သုံးယောက် အညီအမျှ ခွဲဝေယူရေးနှင့်ပတ်သက်၍ အငြင်းပွားကြသည်။

လင်။ ကျွန်တော်က နှစ်ယောက်ယူပါမယ်၊ သူ့ကို တစ်ယောက် ယူပါစေ။

မယား။ ကျွန်မက နှစ်ယောက်ယူမှာပေါ့၊ သူ့ကို တစ်ယောက်သာ ပေးပါ။

အငြင်းပွားမှုမှာ အဆုံးမသတ်နိုင်တဲ့ လုံးချာလည်၍နေသည်။ တရားသူကြီးလည်း ခေါင်းတကုတ်ကုတ် ရှိ၏။ နောက်ဆုံးတွင် ခွဲခြမ်းရေး အဆုံးမသတ်နိုင်ဘဲ ရှိနေသဖြင့် မိန်းမက စိတ်မရှည် ဖြစ်ကာ ယောကျ်ားအား ဤကဲ့သို့ ပြောလိုက်လေသည်။

'ကဲ၊ ဒါဆိုရင်လဲ လာသွားကြမယ်၊ ကလေး လေးယောက် ပြည့်ပြီးတဲ့နောက် တစ်နှစ်ကြာမှပဲ ဒီကို တစ်ခေါက်ပြန်လာကြမယ်'

## ပျားရည်ဆမ်းလ

တရားသူကြီး။ လက်ထပ်ထားတာ တစ်ပတ်တောင်မရှိသေးဘူး၊ ကိုယ့်ဇနီးကို ရိုက်တယ်ဆိုတော့ မလွန်ဘူးလား၊ ရိုက်မှုနဲ့ ထောင်တစ်နှစ်အထိ ကျနိုင်တယ်ဆိုတာကို မင်းသိရဲ့လား။

တရားခံ။ တရားသူကြီးမင်း ခင်ဗျား၊ ဒီလဟာ ကျွန်တော်တို့ရဲ့ ပျားရည်ဆမ်းလမို့ မဖျက်ဆီးဖို့ တောင်းပန်ပါတယ်။

## အသစ်ချပ်ချွတ်

တရားသူကြီး။ မိန်းမကို ပန်းကန်ပြားနဲ့ပေါက်တယ်လို့ စွဲချက်မှာ ဆိုထားတယ်၊ ဒီအတွက် ခင်ဗျား နောင်တမရမိဘူးလား။

တရားခံ။ ပေါက်ပြီးတဲ့နောက်မှာပဲ နောင်တ ရလိုက်ပါတယ်။ ပန်းကန်ပြား အသစ်ချပ်ချွတ်ကြီးဆိုတော့ နှမြောလို့ မဆုံးပါဘူး။

## နှစ်ခါပြန်

'စခန်းရဲ့ မှုခင်းမှတ်တမ်းထဲမှာ ခင်ဗျားဟာ နှစ်ပတ်အတွင်းမှာ လူ (၄)ယောက်ကို ကားနဲ့ တိုက်ခဲ့တယ်လို့ ဆိုထားတယ်ဟုတ်သလား'

'မဟုတ်ပါဘူး၊ သုံးဦးထဲပါ'

'မှတ်တမ်းထဲမှာတော့ လေးဦးလို့ အတိအကျ ဖော်ပြထားတာပဲ'

'ဒါက ဒီလိုပါ၊ တစ်ယောက်ထဲကို ကျွန်တော်က နှစ်ခါပြန်တိုက်မိလို့ပါ'

## တရားသူကြီးကို မေးနေတယ်ထင်လို့

ရှေ့နေက သက်သေကို မေးခွန်းမေးသည်။

'အမှုပိတ်ပေးနိုင်အောင်လုပ်ပေးဖို့ ဒေါ်လာငါးရာပေးရတယ် ဆိုတာ ဟုတ်ပါသလား'

သက်သေက ဘာမှပြန်မဖြေဘဲ တရားရုံးအပြင်ဘက်သို့သာ ငေးမောလျက်ရှိနေသည်။

ရှေ့နေက မေးခွန်းကို ထပ်မေးသော်လည်း သက်သေက ယခင်အတိုင်း တရားရုံးအပြင်ဘက်သို့ ငေးမောမြဲ ငေးမောလျက် နေသည်။

ထိုအခါတရားသူကြီးက-

'မေးတဲ့မေးခွန်းကို ဖြေပါ'ဟု ဝင်ပြောသည်။

ထိုအခါ သက်သေက တအံ့တသြဖြစ်လျက်

'ဩော် မသိပါဘူး၊ ကျွန်တော်က တရားသူကြီးကို မေးနေတယ် ထင်လို့ပါ'

## သဘောပေါက်ချိန်

အမှုတစ်ဝက်ခန့် စစ်ဆေးပြီးသောအခါ တရားခံက ၎င်းတွင် အပြစ်ရှိကြောင်း ဝန်ခံသည်။

တရားသူကြီး။ အမှုစစ်တုန်းကတော့ အပြစ်မရှိဘူးလို့ ငြင်းပြီး၊ ခုမှ မင်းက အပြစ်ရှိပါတယ်လို့ဝန်ခံတော့ အချိန်တွေ အလကား အလဟဿ ဖြစ်ကုန်တာပေါ့။

တရားခံ။ အစပထမတန်းကတော့ ကျွန်တော့်ကိုယ်ကျွန်တော် အပြစ်မရှိဘူးလို့ ထင်ခဲ့လို့ပါ၊ အမှုက စစ်ရင်းစစ်ရင်း ကျွန်တော့်အပေါ် စွပ်စွဲချက်တွေ ခိုင်မာလာတဲ့အတွက် အပြစ်ရှိကြောင်း ကိုယ်ဟာကိုယ် သဘောပေါက်သွားလို့ပါ။

## မှာတဲ့အတိုင်း

တရားသူကြီး။ မီးခံသေတ္တာမဖွင့်မီ အဘွားကြီးကို ဘာကြောင့် မောင်မင်း သတ်ခဲ့ရတာလဲ။

တရားခံခိုးသူ။ ‘ငါသေပြီးမှ သေတ္တာကိုဖွင့်’ လို့ မီးခံသေတ္တာမှာ စာကပ်ထားလို့ပါ။

## ပြိုင်ဖက်တွေရှိလို့

'ဗဟိုဘဏ်တိုက်ကို ဖောက်ထွင်းမယ့်မင်းရဲ့ အကြံအစည်ကို အမှန်အတိုင်းနဲ့ အပြည့်အစုံ ရုံးတော်ကို ပြောပြပါ'

'မပြောပါနဲ့ခင်ဗျား၊ ဒီရုံးခန်းထဲမှာ ကျွန်တော့်ရဲ့ ပြိုင်ဖက်အတော်များများ ရှိနေကြလို့ပါ'

## ဘယ်နှစ်ခုနှစ်က ပြည့်ခဲ့တာလဲ

| | |
|---|---|
| တရားသူကြီး။ | ခင်ဗျားအသက်ကို ပြောပါ။ |
| သက်သေ။ | ကျွန်မအသက် ၃၀ ပြည့်ပြီးပါပြီ။ |
| တရားသူကြီး။ | လွန်ခဲ့တဲ့ ဘယ်နှစ်ခုနှစ်က အသက် ၃၀ ပြည့်ပြီးတာလဲ။ |

## စိတ်သာချ

သတင်းကျော်ဇောရှိသော တရားခံကို တရားသူကြီးက မေးသည်။

| | |
|---|---|
| တရားသူကြီး။ | ထောင်ကျဖူးသလား။ |
| တရားခံ။ | 'တစ်ခါမှ မကျဖူးပါဘူး ခင်ဗျား' |
| တရားသူကြီး။ | 'အေး အေး၊ ဒီတစ်ခါ ကျရပါစေ့မယ်ကွာ' |

## ဆန္ဒပြင်းပြရင်

တရားသူကြီး။ အစ်ကိုအရင်းခေါက်ခေါက်ရဲ့ အိမ်က ပစ္စည်းကို ခင်ဗျားမို့လို့ ခိုးရက်တယ်၊ အံ့ပါရဲ့'

တရားခံ။ တရားသူကြီးမင်းခင်ဗျား၊ ဆန္ဒပြင်းပြရင် မလုပ်နိုင်ဘူးဆိုတာ မရှိပါဘူး။

## မူးတဲ့အကြောင်း

တရားသူကြီး။ တရားခံ ဂရင်ကို၊ မစ္စတာစမစ်ရဲ့ ဦးခေါင်းကို ဘီယာခွက်နဲ့ ထုလိုက်ချိန်မှာ ခင်ဗျား မူးနေတယ်ဆိုတာ သက်သေထူပါ။

တရားခံ။ ရှင်းနေတာပဲဗျာ၊ ကျွန်တော်သာ မူးမနေဘူးဆိုရင် သူ့ခေါင်းကို ခွက်အလွတ်နဲ့ ထုလိုက်မှာပေါ့၊ ဘီယာကို ဘယ်အဆုံးခံပါ့မလဲဗျာ။

## မယုံလို့

တရားသူကြီး။ မင်း မနေ့က အဖမ်းခံတုန်းက အခုလိုမျိုး အစစ်ခံခဲ့တာ မဟုတ်ပါဘူး။

တရားခံ။ ကျွန်တော် မနေ့က အစစ်ခံတာကို တရားသူကြီးမင်းက ယုံမှ မယုံတာ။

## ကုတ်အင်္ကျီအဟောင်း၏ သက်တမ်း

တရားသူကြီး။ ကုတ်အင်္ကျီခိုးမှု ဟုတ်လား၊ နေပါဦး၊ မင်းကို ငါ မှတ်မိပါတယ်၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ကုတ်အင်္ကျီ တစ်ထည် ခိုးမှုနဲ့ ရောက်ခဲ့သေးတယ် မဟုတ်လား။

တရားခံ။ ဟုတ်ပါတယ်၊ ကုတ်အင်္ကျီဟောင်းတစ်ထည်ဟာ နှစ် ဘယ်လောက်ကြာကြာခံမယ်လို့ တရားသူကြီးမင်း ယူဆထားပါသလဲ။

## ထောင်အစစ်မဟုတ်

ဓမ္မကထိက။ အုတ်ဖြင့်ပြုလုပ်ထားသော သာမန်တံတိုင်းအတွင်း၌ နေရသည်ကား စင်စစ် ထောင်ကျသည်ဟု မဆိုသာ ပါ၊ သံသရာလောကကြီးပင်လျှင် ထောင်အစစ် ဖြစ်ပါ၏။

ထောင်သား။ ဒီလိုဆို ဒီထောင်ထဲမှာ ကျွန်တော်မျိုး ထောင်ဒဏ် (၁၀) နှစ် ကျခံပြီးတာတောင် ထောင်ကျရက်အဖြစ် မသတ်မှတ်ရသေးဘူး ဆိုပါတော့။

## ဖြည်းဖြည်းမောင်းလို့

မော်တော်ကားခိုးမှုဖြင့် လူတစ်ယောက် ထောင်ကျလျက်ရှိသည်။ တစ်နေ့သော် ဘုန်းကြီးတစ်ပါး ထောင်ထဲသို့ လာရောက် တရားဟောသည်။

'တကာကလေး ဘယ်လိုပြစ်မှုကြောင့် ဒီကို ရောက်လာရတာတုန်း'

'တခြားမဟုတ်ပါဘူး၊ မော်တော်ကားကို ဖြည်းဖြည်းမောင်းလို့ပါ'

'မော်တော်ကား ဖြည်းဖြည်းမောင်းဖို့ သက်ဆိုင်ရာကတောင် အမိန့်ထုတ်ထားသေးတာပဲ၊ ဘာဖြစ်လို့ ထောင်ကျရမှာလဲ'

'သူများမော်တော်ကားကို ခိုးပြီး ဖြည်းဖြည်းမောင်းလာတန်း ဥစ္စာရှင်က နောက်က အမီလိုက်လာနိုင်လို့ မိသွားပြီး ထောင်ကျတာပါ ဘုရား'

## ကြုံရင်ပြောပေးပါ

တရားသူကြီး။ မောင်မင်းမှာ ပြစ်မှုထင်ရှားတဲ့အတွက် ထောင်ဒဏ်နှစ်လကျခံဖို့ အမိန့်ချလိုက်တယ်၊ ကဲနောက်ထပ် ဘာပြောချင်သေးလဲ။

တရားခံ။ ဟုတ်ကဲ့၊ ဒီည အိမ်ပြန် ထမင်းမစားဖြစ်တော့ဘူးလို့ အိမ်ကမိန်းမကိုသာ ကြုံရင်ပြောပေးပါခင်ဗျား။

## မမှူးပါ

အရက်မူးသမားအား ရဲက ဖမ်း၍ တရားရုံးသို့ တင်ပို့သည်။

တရားသူကြီး။ မောင်မင်း၊ ဘာအတွက်ကြောင့် လမ်းမပေါ်မှာ အရက် မူးပြီး ရမ်းနေတာလဲ။

တရားခံ။ ကျွန်တော် မမူးရပါခင်ဗျား။

တရားသူကြီး။ မောင်မင်း မူးပြီး မရမ်းဘူးဆိုရင် ရဲတွေလိုက်တဲ့အချိန်မှာ ဘာဖြစ်လို့ ခတ်တိုင်ပေါ် တက်ပြေးရသလဲ။

တရားခံ။ ကျွန်တော့်နောက်လိုက်တာ ရဲတွေမှန်း လုံးဝ မသိပါဘူး၊ ဆင်နှစ်ကောင် ကျွန်တော့်နောက်က လိုက်နေတယ် ထင်လို့ပါ။

## ရောဂါကြောင့်

လက်ကိုင်ပဝါ (၁၂) ဒါဇင်ခိုးမှုနှင့် လူတစ်ယောက်ကို ဖမ်းဆီးပြီး ရုံးတင် စစ်ဆေးသည်။

တရားသူကြီး။ မောင်မင်းကို ဖမ်းဆီးရမိစဉ်က မောင်မင်းရဲ့ အိတ်ထဲက လက်ကိုင်ပဝါ (၁၂) ဒါဇင် ဖမ်းဆီး ရရှိတယ်လို့ ဆိုထားတယ်၊ ဘာများ ထုချေချင်သေးလဲ။

တရားခံ။ ဘာမှ မထုချေလိုပါ၊ ကျွန်တော်မျိုး ခိုးမိတာမှန်ပါတယ်၊ ဒါပေမယ့် ရောဂါကြောင့် ခိုးရတာပါ။

တရားသူကြီး။ တယ်လဲထူးဆန်းပါလား၊ ဘာရောဂါကြောင့်လဲ။

တရားခံ။ နှာစေး ချောင်းဆိုး ဖြစ်နေလို့ပါခင်ဗျား။

# စဉ်းစားပြီးမှ

ဟာသပညာနည်းသော တရားသူကြီးတစ်ယောက်သည် ရုံးခန်းထဲတွင် အမှုစစ်ဆေးချက်ရှိနေစဉ် ရှေ့နေက သက်သေကို မေးခွန်းအမျိုးမျိုး မေးသဖြင့် သက်သေက ရှေ့နေ နောက်ထပ်မေးခွန်း မမေးနိုင်ရန် ရယ်စရာပုံတိုတစ်ခု ပြောပြလိုက်သည်။ ရှေ့နေနှင့်တကွ ရုံးအတွင်းရှိ လာရောက်နားထောင်ကြသော ပရိသတ်ကြီးက ဝါးခနဲ အုန်းခနဲ ရယ်မောလိုက်ကြသည်။

သို့သော် တရားသူကြီးမှာမူ ရယ်စရာကို နားမလည်၊ မရိပ်မိသဖြင့် မရယ်ဘဲ နေခဲ့၏။ တရားသူကြီးသည် သက်သေမှပြောခဲ့သော ပုံတိုကလေးကို တစ်နေ့လုံးတွေး၍နေ၏။ ညနေခင်း ရုံးဆင်းခါနီးတွင်မှ အဓိပ္ပာယ်ပေါ်သဖြင့် အားရပါးရ ရယ်မောမိလေ၏။ အိမ်သို့ ရောက်သောအခါ တရားသူကြီးသည် နံနက်က သက်သေပြောသွားသော ရယ်စရာပုံတိုကလေးကို မယားဖြစ်သူအား ပြန်ပြောပြရာ-

မယား။ ရှင့်ပုံက ရယ်လဲ မရယ်ရပါလား၊ တွတ်ပီကာတွန်းဖတ်တာကမှ ရယ်ရဦးမယ်'

တရားသူကြီး။ မင်းမပြောနဲ့၊ ငါတောင် တစ်နေ့လုံး စဉ်းစားပြီးမှ ရယ်ရတာ၊ မင်းဆိုရင် မနက်ဖြန်လောက်မှ ရယ်ရမလား မသိဘူး။

## နောက်ဆုံးပြောချင်တာ

တရားသူကြီး။ မင်းကို သနားပေမယ့် ထောင်ချလိုက်ရတယ်၊ မတတ်နိုင်ဘူး၊ ဥပဒေအတိုင်း လုပ်ရတာပဲ၊ ကဲမင်း ဘာများ ပြောချင်သေးလဲ။

တရားခံ။ အထူးအထွေတော့ မရှိပါဘူးခင်ဗျား၊ ကျွန်တော့် အိမ်က မိန်းမကို ခိုးရာပါပစ္စည်း လက်ကောက်နှစ်ရံ ရောင်းပြီး ရတဲ့ငွေထဲက တစ်ဝက်ကို အထဲရောက် အောင် ပို့ပေးပါလို့ပဲ မှာပေးပါခင်ဗျား။

## သုံးနှင့်ဦး

မယားစရိတ်လျှောက်ထားသောအမှုတွင် ဖြစ်သည်။

တရားလိုမိန်းမ။ ကျွန်မကို ကျွန်မယောကျ်ားက စျေးသုံးဖို့ တစ်ပြား တစ်ချပ်မှ မပေးဘဲနေပါတယ်။

တရားသူကြီး။ ဒါဖြင့် ခင်ဗျား အခု ဘယ်ကရတဲ့ငွေနဲ့ သုံးစားနေ သလဲ။

တရားလိုမိန်းမ။ ကျွန်မယောကျ်ား အိပ်ပျော်နေတဲ့အချိန်တွေမှ တိတ် တိတ်ကလေး နှိုက်နှိုက်ယူထားတဲ့ငွေနဲ့ သုံးနေရ တာပါ။

တရားသူကြီး။ ဟ ဒါဖြင့် သုံးနှင့်ဦး သုံးနှင့်ဦး၊ နောက် သူ့အိတ် ထဲက နှိုက်ယူလို့ မရတဲ့အခါကျမှ တစ်ခါပြန် လာခဲ့။

## သဘောရိုးဆို

အိမ်တစ်အိမ်ပေါ်သို့ တက်ရောက်ပြီးလျှင် နောက်ဖေးလမ်းကြားမှ တိတ်တဆိတ် ပြန်ထွက်လာသောသူကို ရဲက ဖမ်းဆီးခေါ်ဆောင်ကာ တရားရုံးသို့ တရားစွဲတင်ပို့သည်။

တရားသူကြီး။ မောင်မင်းအိမ်ပေါ်ကို ဘာတက်လုပ်ပါသလဲ။

တရားခံ။ ကျွန်တော် သဘောရိုးနဲ့တက်တာပါ။

တရားသူကြီး။ မင်း သဘောရိုးနဲ့ အိမ်ပေါ်ကိုတက်ရင် ဘာဖြစ်လို့ နောက်ဖေးလမ်းကြားက ဆင်းပြေးရသလဲ။

တရားခံ။ အိမ်ရှေ့မှာ ရဲရှိနေလို့ပါခင်ဗျား။

## သေချာဖို့

လိမ်လည်မှုတွင် တရားခံရှေ့နေက သက်သေကို စစ်မေးသည်။

ရှေ့နေ။ ခင်ဗျား၊ ဒီတရားခံကိုသိတာ ဘယ်နှစ်နှစ်ရှိပြီလဲ။

သက်သေ။ (၁၀) နှစ် ကျော်လောက်ရှိပါပြီ။

ရှေ့နေ။ ဒါဖြင့်ရင် ဒီလူဟာ ငွေကိုလိမ်မယ့်သူလား မလိမ်မယ့် သူလား။

သက်သေ။ (အတန်ငယ်စဉ်းစားပြီးနောက်) ငွေက ဘယ်လောက်လဲ၊ ငွေများသလား နည်းသလားဆိုတာ သိရမှ ပြောနိုင်မှာပေါ့။

## အိပ်မက်ထဲက နတ်မိမယ်ဆို

မိန်းမ။ မနှစ်တုန်းကတော့ ရှင်က ကျွန်မကို အိပ်မက်ထဲက နတ်မိမယ်လေး ဘာလေးနဲ့ ပတ်ချွဲနပ်ချွဲ လုပ်ခဲ့ပြီး၊ အခုမှ ရှင်က ကျွန်မကို ကွာရှင်းခွင့်တောင်းဆိုတယ် ပေါ့လေ။

ယောကျ်ား။ ဟုတ်တယ်လေ၊ အခု ငါ့ အိပ်မက်က နိုးလာတာကိုး။

## ပစ္စည်းကိရိယာရှိလို့

အိမ်တစ်အိမ်အတွင်းသို့ ရဲတပ်ဖွဲ့ဝင်များ ဝင်ရောက်ရှာဖွေရာ အရက်ချက်သော ကိရိယာများကို တွေ့သွားသည်။

ရဲ။ ကိုင်း၊ ခင်ဗျားကို အရက်ခိုးချက်မှုနဲ့ အရေးယူရပါလိမ့်မယ်။

အိမ်ရှင်။ ကျွန်တော် အရက်မချက်ပါဘူး။

ရဲ။ ပစ္စည်းကိရိယာတွေကို တွေ့နေရပြီပဲဗျာ။

အိမ်ရှင်။ ဒီလိုဆို ရဲကြီးကိုလဲမုဒိန်းမှုနဲ့ ပြန်ပြီး အရေးယူအမှုဖွင့်ရပါလိမ့်မယ်။

ရဲ။ ကျုပ်ကို ဘာဆိုင်လို့ မုဒိန်းမှုနဲ့ အမှုဖွင့်ရမှာလဲ။

အိမ်ရှင်။ ပစ္စည်းကိရိယာရှိနေတယ်လေ၊ ငြင်းဦးမလို့လား။

## အနှောင့်အယှက်ကင်းကင်း

အိမ်ဝယ်မည့်သူက ပွဲစားကိုပြောသည်။

'အခု ခင်ဗျားပြတဲ့အိမ်ကိုတော့ ကြိုက်ပြီ၊ ဒီရပ်ကွက်က တိတ်ဆိတ်ပြီး အနှောင့်အယှက် ဘာမှရှိပုံမရဘူးနော်'

'အင်မတန်တိတ်ဆိတ်ပြီး အနှောင့်အယှက် အင်မတန်ကင်းပါတယ်၊ ဒီနှစ်အတွင်းမှာ အိမ်ငါးအိမ် အနုကြမ်းစီးခံရတယ်၊ လမ်းသွားလမ်းလာသုံးယောက် အသတ်ခံရတယ်၊ ဘယ်သူက ဘာမှ ဝင်ရောက်အနှောင့်အယှက်မပေးကြပါဘူး'

## ယာဉ်အန္တရာယ်သတိပေး

မြို့တစ်မြို့၏ မြို့ဝင်ကားဂိတ်တွင် ပိုစတာတစ်ခု စိုက်ထူ၍ စာချိတ်ထားသည်။

'မော်တော်ကားမောင်းသူများ ဆင်ဆင်ခြင်ခြင် သတိဖြင့်ကားမောင်းကြပါ၊ ဆရာဝန်နှင့် အခေါင်းလုပ်သူများ ခွင့်သွားနေကြသည်' ဟူ၏။

## တားတာမရှိလို့

မိန်းမပျိုတစ်ဦး ကန်ထဲရေဆင်းကူးရန် ပြင်ဆင်သည်။ ငါးမျှားနေသူက တစ်နေရာမှ လှမ်းကြည့်သည်။ အဝတ်အစားများချွတ်ပြီး ရေထဲဆင်းမည့်ဆဲဆဲ မိန်းမပျိုကို ငါးမျှားသမားက လှမ်းသတိပေးသည်။

'ဒီမှာ ရေမကူးရဘူး၊ ဥပဒေထုတ်ထားတယ်'

'ဒါဖြင့် ကျွန်မ အဝတ်အစားမချွတ်ခင်က ရှင် ဘာဖြစ်လို့ သတိမပေးတာလဲ'

'အဝတ်အစားချွတ်တာကိုတော့ ဒီမှာ ဥပဒေနဲ့ တားထားတာ မရှိလို့ပါ'

## ချွေတာလိုက်ပုံ

သား။ အဖေ၊ ကျွန်တော် ဒီနေ့ ငွေတစ်ကျပ် ချွေတာလိုက်တယ်။

ဖခင်။ ဟုတ်လား၊ ဘယ်လိုနည်းနဲ့ ချွေတာလိုက်တာလဲကွာ။

သား။ ဟိုဘက်ရပ်ကွက်က ကိုတုတ်ကြီးကို အမည်မဖော်ဘဲ ကြိမ်းမောင်းထားတဲ့ အဖေ့စာကို စာတိုက်က ထည့်မနေတော့ဘဲ ကျွန်တော် ကိုယ်တိုင် သွားပေးလိုက်တာပေါ့။

## ဖုန်းခေါ်သံ

ရဲစခန်းတွင် တယ်လီဖုန်းသံ ပေါ်လာသည်။

'ကယ်တော်မူပါ ကယ်တော်မူပါ'

'ဟုတ်ကဲ့ အခုပဲလာခဲ့ပါမယ်၊ ဘာဖြစ်လို့ပါလဲ'

'အခန်းထဲကို ကြောင်တစ်ကောင်ဝင်လာလို့ပါ'

'ဒီလို အသေးအမွှားကိစ္စတွေနဲ့ ရဲစခန်းကို အလုပ်ရှုပ်အောင် ဒုက္ခမပေးပါနဲ့ဗျာ၊ ဒါနဲ့ ခင်ဗျားက ဘယ်သူလဲ'

'ကျွန်တော်လား၊ ကြက်တူရွေးပါ'

## ဟင့်အင်းနေမှတော့

'ဒေါက်တာ ကျွန်တော့်ရင်ထဲမှာ တစ်မျိုးကြီး ခံစားနေရပါတယ်၊ ကျွန်တော့်မိန်းမဟာ ညတိုင်း 'ဟင့်အင်း ပီတာ၊ ဟင့်အင်း ပီတာ' လို့ချည်း ယောင်ယောင်နေပါတယ်'

'ခင်ဗျားနာမည် ပီတာလား'

'မဟုတ်ဘူး ဂျွန်'

'ကိုင်း မစ္စတာဂျွန်၊ ခင်ဗျားမိန်းမက 'ဟင့်အင်း'လို့ ပြောနေမှတော့ ဘာမှ ပူမနေနဲ့၊ စိတ်ချလက်ချသာ အိပ်စမ်းပါ'

## ဖြစ်တတ်ပါတယ်

လိုရာခရီးသို့ရောက်သောအခါ တက္ကစီဒရိုင်ဘာက ခရီးသည်ကို ပြောသည်။

'ဆောရီးပဲဗျာ၊ ကျွန်တော် မီတာချိုးခဲ့ဖို့ မေ့သွားတယ်'

'ကိစ္စမရှိပါဘူး၊ ရပါတယ်ဗျာ၊ ဒါမျိုး ဖြစ်တတ်ပါတယ်၊ ကျွန်တော်လည်း ပိုက်ဆံအိတ်ယူဖို့ မေ့ခဲ့တယ်'

## တုံ့ပြန်စေတနာ

ဒေါ်လာတစ်သောင်းတန် အသက်အာမခံစာချုပ်ကို ယောက်ျားက မိန်းမဖြစ်သူကို ပေးသည်။

'ငါ့အသက်ကို ဒေါ်လာတစ်သောင်းဖိုး အာမခံလုပ်လိုက်တယ်၊ ငါသေသွားရင် မင်းရှေ့ရေးအတွက် မပူရတော့ဘူးပေါ့ကွာ'

'ရှင့်ရဲ့ စေတနာကို ကျွန်မ အများကြီး လေးစားပါတယ်၊ နောင် ရှင်နေမကောင်းဖြစ်ရင် ဆရာဝန်ခေါ်စရာမလိုတော့ဘူးပေါ့'

## နောက်ကျသွားပြီ

လူရွယ်တစ်ဦး စာအုပ်ဆိုင်သို့ ရောက်ရှိလာပြီး ရာဇသတ်ကြီးဥပဒေ စာအုပ်လိုချင်ကြောင်း ပြောသည်။

အရောင်းစာရေးမက ထိုစာအုပ် ကုန်သွားပြီဖြစ်ကြောင်း ရက်ပိုင်းအတွင်း ထပ်ရောက်လာလိမ့်မည်ဖြစ်ကြောင်း၊ ရောက်ရောက်ချင်း အကြောင်းကြားမည်ဖြစ်ကြောင်း ပြောသည်။

နောက်တစ်ရက်အကြာတွင် ဆိုင်မှ စာရေးမက လူရွယ်အိမ်သို့ ဖုန်းဆက် အကြောင်းကြားသည်။ လူရွယ်၏ဇနီး တယ်လီဖုန်းလာကိုင်သည်။

'ကျွန်မ စာအုပ်ဆိုင်ကပါ၊ ရာဇသတ်ကြီးစာအုပ် ဆိုင်မှာ ရောက်နေတဲ့အကြောင်း ပြောမလို့ပါ'

'ရှင် နောက်ကျသွားပြီ၊ မနေ့မနက်ကပဲ သူ့ကို လာဖမ်းသွားကြပြီလေ'

## ကြံ့ဦးမှာပါ

ထောင်မှူးကြီး။ ဆောရီးပဲဗျာ၊ ကျွန်တော်တို့ရဲ့ လစ်ဟင်းမှုကြောင့် လွန်ခဲ့တဲ့ တစ်လကတည်းက ခင်ဗျားလွတ်ရက်စေ့နေတာကို သတိမထားမိလိုက်ဘူး၊ ဒီအတွက် စိတ်မကောင်းပါဘူး။

ထောင်ကျ။ ရပါတယ်ထောင်မှူးကြီးရယ်၊ နောင်ကြုံတဲ့အခါသာ အဲဒီရက်ကလေး ထပ်နှုတ်ပေးဖို့ မှတ်ထားပေးပါ။

## ဦးစားပေး

အမေရိကန် အကျဉ်းထောင်တွင် ဖြစ်သည်။ ထောင်ခန်းအတွင်းသို့ ထောင်ကျအကျဉ်းသားသစ်တစ်ယောက် ရောက်ရှိလာသည်။ ရှိနှင့်နေသောထောင်ကျအကျဉ်းသားက လူသစ်အား လှမ်းမေးသည်။

'ကိုယ့်လူ၊ ဘယ်လောက်ကြာကြာနေမှာလဲ'

'၂၅ နှစ်'

'ဒါဆို တံခါးပေါက်ဝနားက ခုတင်နေရာကိုယူ၊ ခင်ဗျားက ကျုပ်ထက် စောစောပြန်ထွက်ရမယ့်လူပါ'

## အထောက်အကူ

ဆရာဝန်။ ဟိုတစ်နေ့က ကျွန်တော်ရေးပေးလိုက်တဲ့ဆေးစာက ခင်ဗျားအတွက် အထောက်အကူဖြစ်ရဲ့လား။

လူနာရှင်။ ကျေးဇူးတင်ပါတယ် ဒေါက်တာရယ်၊ ဆေးကို ကျွန်တော့်ဦးလေး မှားသောက်မိလို့ အခုဆို ကျွန်တော်ပဲ အမွေစားအမွေခံအဖြစ် ကျန်ရစ်ပါတယ်။

## ဒေါ်လေးအသစ်

'မင်းနဲ့ မေရီတို့ လက်ထပ်မဲ့အစီအစဉ် ပျက်သွားတယ်ဆိုတဲ့သတင်း ကြားရတယ်၊ ဟုတ်သလား'

'အေး၊ ဟုတ်တယ်'

'မင်းရဲ့ဦးလေးဟာ သန်းကြွယ်သူဌေးကြီးတစ်ယောက်ဖြစ်ပြီး မင်းဟာလဲ သူဌေးကြီးရဲ့ တစ်ဦးတည်းသော အမွေစားအမွေခံဖြစ်တယ် ဆိုတာကို မေရီကို ပြောမပြလိုက်ဘူးလား'

'ပြောပြလိုက်တာပေါ့၊ အဲဒီလို ပြောပြလိုက်ပြီးတဲ့နောက်မှာ မေရီဟာ ငါ့ရဲ့ဒေါ်လေးဖြစ်သွားတာပဲဟာ'

## ရှင့်ကျေးဇူး

ထောင်ကျနေသော ရာဇဝင်လူဆိုးထံသို့ မိန်းမဖြစ်သူ ထောင်ဝင်စာ လာတွေ့သည်။

'မိန်းမရယ်၊ ငါမရှိတုန်း မင်းမှာ ငွေရေးကြေးရေးများ အခက် အခဲရှိနေသလား'

'စိတ်မပူပါနဲ့၊ ရှင့်ကို ဖမ်းမိအောင် လက်ထောက်ချခဲ့တဲ့ငွေနဲ့ အနှစ် ၃၀ လောက်တော့ နေနိုင်ပါသေးတယ်'

## ဖဲသမားသစ္စာ

ထောင်ပိုင်။ အကျဉ်းသားအမှတ် ၃၈၊ ဘယ်လိုနည်းနဲ့ ထွက်ပြေးသွားတာလဲ။

ထောင်ကြပ်။ သူ့ဆီမှာရှိတဲ့ အချုပ်ခန်းသော့နဲ့ဖွင့်ပြီး ထွက်ပြေးသွားတာပါ။

ထောင်ပိုင်။ သော့ကို သူဘယ်လိုလုပ် ခိုးသွားတာလဲ။

ထောင်ကြပ်။ ခိုးသွားတာမဟုတ်ပါဘူး၊ ကျွန်တော်နဲ့ သစ္စာရှိရှိ ဖဲကစားရင်း သူနိုင်လို့ ရသွားတာပါ။

## စိတ်လှုပ်ရှားလို့ မဖြစ်ပါ

ဆရာဝန်က လူနာ၏ဇနီးကို ပြောသည်။

'ပွင့်ပွင့်လင်းလင်းပြောရရင် ခင်ဗျားယောကျ်ားရဲ့အခြေအနေဟာ အားရစရာမရှိဘူး၊ ခင်ဗျား သူနဲ့ စကားပြောချင်တယ်ဆိုရင် ကျွန်တော် ခွင့်ပြုနိုင်ပါတယ်။ ဒါပေမယ့် စိတ်နှလုံးထိခိုက်စေမယ့် စကားတစ်ခွန်းမှ မပြောမိဖို့တော့ အထူးသတိပေးချင်တယ်၊ ခုချိန်မှာ သူ စိတ်သိပ်လှုပ်ရှားလို့ မဖြစ်ဘူး'

'ကျွန်မ နားလည်ပါတယ်ရှင်၊ သေတမ်းစာရေးထားပေးဖို့ပဲ ကျွန်မ သူ့ကို တောင်းပန်မှာပါ'

## လေယာဉ်လက်မှတ်ဝယ်နည်း

ဂျော်ဂျီယာသားတစ်ဦး အဲရိုးဖလုတ်လေကြောင်း လက်မှတ်အရောင်း ဌာနသို့ ရောက်လာသည်။ မိမိပတ်စပို့နှင့် ရှူဘယ်တစ်သောင်းကို စာရေးမဘက် ထိုးပေးလိုက်သည်။

'ညီမလေး မော်စကို ကို တစ်စောင်ရောင်းပါ'

'လက်မှတ်ကုန်နေပါပြီရှင်'

ဂျော်ဂျီယာသားသည် နောက်ထပ် ငွေငါးထောင်ထပ်ပေးလိုက်သည်။

စာရေးမက တယ်လီဖုန်း ကောက်ကိုင်သည်။

'ဟဲလို ရဲမှူးကြီးပါလားရှင်၊ လေယာဉ်ရုံးက ဆက်နေပါတယ်'

ဂျော်ဂျီယာသားသည် နောက်ထပ်ငွေငါးထောင် ထပ်ပေးလိုက်သည်။

ထိုအချိန် ဖုန်းကိုင်ထားသောစာရေးမက တစ်ဖက်ကို ဤသို့ ပြောသည်။

'ရဲမှူးကြီးရဲ့ လေယာဉ်နေရာကို ကျွန်မ ပယ်ဖျက်လိုက်ရပြီ၊ ဒီနေ့ ရဲမှူးကြီး မော်စကိုကို သွားလို့ မရပါဘူး'

## မမေ့စေချင်ဘူး

ဘဏ်ကို ဓားပြတိုက်သည်။ ဓားပြမှာ ရုပ်ချောသော လူငယ်ဖြစ်သည်။ ဓားပြသည် ပိုက်ဆံအိတ်ကိုထုတ်၍ လွယ်အိတ်ထဲသို့ထည့်နေစဉ် ဘဏ်စာရေးမက ဤသို့ပြောသည်။

'ထည့်ပေးလိုက်တဲ့အထုပ်ထဲမှာ ဒေါ်လာသုံးသိန်းပါတယ်၊ ကျွန်မ နာမည်နဲ့ လိပ်စာကတ်လည်း ထည့်ပေးလိုက်တယ်၊ ကတ်အောက်မှာ ကျွန်မ ဖုန်းနံပါတ်လည်းပါတယ်၊ မမေနဲ့နော်'

## လင်သတ်ပြဇာတ်

'လင်ကိုသတ်သူ' ပြဇာတ်မစမီ လာရောက်ကြည့်ရှုသော ပရိသတ်ထဲက မိန်းမက နံဘေးရှိ ယောက်ျားကို ပြောသည်။

'ဇာတ်သိမ်းခန်း ဘယ်လိုဖြစ်မယ်ဆိုတာ ကြိုမပြောနဲ့နော်၊ တော်တော်ကြာ ကြည့်ရတာ အရသာပေ့ါသွားမှဖြင့်'

## အိမ်ထောင်သည်အကြိုက် မိန်းမ

မြူနီစီပယ်ဈေးကြီးတစ်ခုရှေ့တွင် လူအများက ကုန်ဈေးနှုန်းကြီးမြင့်ကြောင်း ညည်းညူ ပြောဆိုနေချိန်တွင် အမျိုးသမီးငယ်တစ်ဦး အစာငတ်ခံပြနေသည်။ တစ်လတိတိရှိသွားပြီဟု ဆိုသည်။ ဤမျှ ခံနိုင်ရည်ရှိသော အမျိုးသမီးငယ်အကြောင်း သတင်းပျံ့လွင့်သွားပြီး လာရောက်ကြည့်ရှုသူမစဲရှိနေသည်။ လာရောက်ကြည့်ရှုသူများထဲမှ ဆရာဝန်တစ်ယောက်က မေးသည်။

'ဒီအမျိုးသမီး အစာမစားဘဲနေပြတာ တစ်လရှိပြီဆိုတာ အမှန်ပဲလား'

'သိပ်မှန်တာပေါ့'

'ဒီအတောအတွင်း ဘာမှ မဖြစ်ဘူးလား'

'ဘာမှမဖြစ်ဘူးလို့တော့ ပြောလို့မရဘူးထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီအတွင်းမှာ သူ့ကိုလာလာပြီး စေ့စပ်တဲ့ ယောကျ်ားဆယ်ယောက်တောင်ရှိသွားပြီ'

## ဘာဒေါက်တာပဲဖြစ်ဖြစ်

မိတ်ဆုံပွဲတစ်ခုတွင် ဖြစ်သည်။

'ကျွန်တော် ဒေါက်တာဝီလျံပါ'

'တွေ့ရတာဝမ်းသာပါတယ် ဒေါက်တာ၊ ဒါနဲ့ ဒေါက်တာကို တစ်ခုမေးပါရစေ၊ ဘယ်အစားအစာနဲ့ ဘယ်အစားအစာ စားမိရင် အဆိပ်ဖြစ်တတ်ပါသလဲရှင်'

'ကျွန်တော်က ဆေးဒေါက်တာ မဟုတ်ပါ၊ ဥပဒေပညာနဲ့ရတဲ့ ဒေါက်တာပါ'

'ဒီလိုဆို ပိုပြီး အဆင်ပြေတာပေါ့၊ ယောကျ်ားကို အဆိပ်ခပ်သတ်ရင် ဘာအပြစ်ရနိုင်သလဲဟင်'

## ဦးလေးအားကိုး

'ဟေ့လူ၊ ခင်ဗျား ကျုပ်အကြွေး ဘယ်တော့ဆပ်မှာလဲ'

'ကျွန်တော့်ဦးလေး အမေရိကားက ပြန်ရောက်ရောက်ချင်း ပေးပါ့မယ်'

'မင်း ဒီလိုပြောပြောနေတာ တစ်နှစ်ရှိပြီ၊ ငါ မယုံဘူး'

'မယုံရင် ဦးလေးရဲ့စာကို ပြပါမယ့်'

'စာထဲမှာ သူက ဘာတွေရေးထားလို့လဲ'

'ခရီးစရိတ် အမြန်ပို့ဖို့ ရေးထားတယ်'

## မနေပါ

မော်စကိုမြို့၏ ရဲစခန်းတစ်ခုတွင် ဖြစ်သည်။ အခန်းထဲသို့ ဒုရဲအုပ် ဝင်လာသည်။ လူတစ်ယောက်ကို ရဲသားများ ရိုက်စစ်နေသည်ကို တွေ့သည်။

'ဒီလူကို ဘာဖြစ်လို့ ရိုက်နေတာလဲ'

ရဲသားများက ပြန်ဖြေသည်။ 'သူဘယ်မှာနေသလဲဆိုတာကို ကျွန်တော်တို့ မေးတယ်၊ သူက ဖြေတယ်၊ သူပြောတဲ့လိပ်စာအတိုင်း သွားကြည့်တယ်၊ အဲဒီမှာ သူမနေတဲ့အကြောင်း ဘေးခန်းကလူက ပြောတယ်၊ ဒါကြောင့် နောက်ကို မလိမ်ရဲအောင် ဆုံးမနေတာပါ'

'အေး အေး၊ ဒီလိုဆို ဆက်ပြီး ဆုံးမလိုက်ကြ'

ဤသို့ပြောပြီး ဒုရဲအုပ် ထွက်သွားသည်။ မကြာမီ ရဲအုပ်တစ်ယောက် ထပ်ရောက်လာသည်။ စောစောက ဒုရဲအုပ်ကဲ့သို့ပင် မေးသည်။ ရဲသားများမှလည်း စောစောကအတိုင်း ဖြေသည်။

'အေး အေး၊ ဒီလိုဆိုရင် ဆက်ဆုံးမလိုက်ကြ' ဟု ပြောပြီး ပြန်ထွက်သွားသည်။

မကြာမီ ရဲမှူးကြီးရောက်လာသည်။ ယခင်အတိုင်း မေး၍ ရဲသားများကလည် ယခင်အတိုင်း ဖြေသည်။

'ဒီလောက်ဆို တော်လောက်ပြီ၊ သူ့ကို ပြန်လွှတ်လိုက်၊ တော်တော်ကြာ အသက်ပါ ပါသွားဦးမယ်'

အရိုက်ခံရသည့်သူသည် ဒဏ်ရာဒဏ်ချက်များဖြင့် ၎င်းအိမ်သို့ ပြန်လာသည်။ အခန်းကို သော့ဖွင့်စဉ် ဘေးအခန်းမှလူ ထွက်လာပြီး ဤသို့ ပြောသည်။

'ဟော့ကောင် နီလိုင်၊ မင်း ငါ့ကို အရက်ကောင်းကောင်းတိုက်ရမယ်၊ ရဲသားတွေ လာမေးပြီး မင်းကိုလာရှာတိုင်း မင်း ဒီမှာမနေပါဘူးလို့ ငါပြောပေးနေရတယ်'

## အိမ်ချစ်သူခိုး

ဆိုင်တစ်ဆိုင်ကို ဖောက်ခိုးနေသော သူခိုးအား ရဲက လက်ပူးလက်ကြပ် ဖမ်းမိလိုက်သည်။

ရဲ။ မင်းက ဘာဖြစ်လို့ ဒီဆိုင်ကိုမှ ဖောက်ရတာလဲ။

သူခိုး။ ဒီဆိုင်က ကျွန်တော့်အိမ်နဲ့နီးလို့ပါ၊ အိမ်ကိုပစ်ပြီးခပ်ဝေးဝေး မသွားရဲဘူး။

## ကြော်ငြာတယ်ထင်မှာစိုးလို့

ရုံးခန်းထဲတွင် ဖြစ်သည်။ ရုံးစာရေးတစ်ဦးက ရုံးသူရုံးသားများအား ရင်းကြုံခဲ့ရသည့် အဖြစ်တစ်ခုကို ပြောပြလျက်ရှိသည်။

'ငါ ရုံးကိုလာတုန်း ဘတ်စ်ကားပေါ်မှာ ပိုက်ဆံအိတ်ကောက်ရတယ်'

'ကောက်ရတဲ့ ပိုက်ဆံအိတ်ကို ရဲစခန်းသွားမပေးဘူးလား'

'ပထမတော့ အဲဒီလိုစဉ်းစားတာပဲ၊ ဒါပေမယ့် ကိုယ့်ကိုယ်ကို ဘယ်လောက်ရိုးသားတဲ့လူဆိုတာ အများသိအောင် ကြော်ငြာသလို ဖြစ်နေမှာစိုးတာနဲ့ ကိုယ့်ဟာကိုပဲ သုံးဖို့ ဆုံးဖြတ်လိုက်တယ်'

## ကံကောင်းချင်တော့

'ခင်ဗျား မနေ့က အလုခံရတယ်ဆို'

'ဟုတ်တယ်၊ လက်ပတ်နာရီနဲ့ ပိုက်ဆံအိတ် ပါသွားတယ်'

'ဒါနဲ့ ခင်ဗျားပြောတော့ သွားလေရာမှာ ခြောက်လုံးပြူး အမြဲ ဆောင်သွားတယ်ဆို'

'ဟုတ်တယ်လေ၊ ကံကောင်းချင်တော့ ခြောက်လုံးပြူးကို လုတဲ့အကောင်က တွေ့မသွားပေလို့ပေါ့'

## ထပ်ရွေးရမဲ့အခွင့်အရေး

အစည်းအဝေးတက်ရာမှ ပြန်လည်ရောက်ရှိလာသော ယောကျ်ားကို မိန်းမက မေးသည်။

မိန်းမ။ ရှင်ဟာ အစည်းအဝေးတွေပဲ တစ်ချိန်လုံးတက်နေပြီး အစည်း အဝေးမှာ ဘာတွေပြောကြတယ်၊ ဆွေးနွေးကြတယ်ဆိုတာ ဘယ်တော့မှ ကျွန်မကို မပြောဘူး။

ယောကျ်ား။ မင်းကလဲကွာ၊ ဆွေးနွေးတယ်ဆိုတာ ကိစ္စရပ်မျိုးစုံကို ဆွေးနွေးကြတာပါ၊ ဥပမာ ဒီကနေ့ ဆွေးနွေးတာဆိုရင် ယောကျ်ားတိုင်း မိန်းမနှစ်ယောက် ယူခွင့်ပြုရေး မပြုရေး ကိစ္စဆိုပါတော့။

မိန်းမ။ မိန်းမနှစ်ယောက် ဟုတ်လား၊ ရှင့်ကို ဘယ်သူက ကမြင်းကျော ထခွင့်ပြုမှာမို့လို့လဲ။

ယောကျ်ား။ အေးပါကွာ၊ ဒီကိစ္စက မပြတ်သေးပါဘူး၊ အကြိတ်အနယ် ဆွေးနွေးနေကြတုန်းပါ၊ မနက်ဖြန်မှ အပြီးသတ် ဆုံးဖြတ်ချက် ချကြမှာ။

နောက်တစ်နေ့တွင် မိန်းမသည်။ ယောကျ်ားအလာကို စိတ်မရှည်စွာ မျှော်၍နေသည်။ ယောကျ်ားပြန်ရောက်သောအခါ ရောက်ရောက်ချင်း လှမ်း၍ မေးသည်။

မိန်းမ။ မနေ့ကပြောတဲ့ကိစ္စ ရှင်တို့အစည်းအဝေးက ဘယ်လို ဆုံးဖြတ်ချက် ချခဲ့ကြသလဲ။

ယောကျ်ား။ ဆန့်ကျင်ဘက်ကို ဆုံးဖြတ်လိုက်ကြတယ်လေ၊ မိန်းမတိုင်း ယောကျ်ားနှစ်ယောက် ယူခွင့်ပြုရမယ်တဲ့။

မိန်းမ။ ဒီလိုဆို ဟန်ကျတာပဲ၊ အိမ်ရှေ့က လူပျိုကြီး ဂျော့နဲ့ အိမ်ဘေးက လူချောလေး ဂျွန်တစ်ယောက်ယောက်ကို ရွေးရလိမ့်မယ်။

## ဖအေတူသား

သရက်ပင်ပေါ်တက်၍ သရက်သီးများ ခိုးခူးနေသော နံဘေးခြံမှ ချာတိတ်ကို ခြံပိုင်ရှင်မှ ဖမ်းမိရာ-

'ဟေ့ကောင် ချာတိတ် လာလိုက်ခဲ့၊ မင်းအဖေ့ဆီ အခုသွားမယ်၊ သားသမီးကို ဆုံးမရကောင်းမှန်း မသိတဲ့ မင်းအဖေ့ကိုလည်း ပြောပစ်ရဦးမယ်'

'ရှူး တိုးတိုးပြောပါ ဦးရယ်၊ ဟိုဘက်သရက်ကိုင်းပေါ် အဖေ ရှိတယ်၊ ကြားသွားပါဦးမယ်'

## အဖေ့ရွေးချယ်မှု

'မေမေ ဈေးသွားရင် သားက အိမ်မှာ ဘာလုပ်ပြီး ကျန်ရစ်မှာလဲ ကွယ်'

'အိမ်ဖော်စုစုနဲ့ဖြစ်ဖြစ်၊ မော်တော်ကားနဲ့ဖြစ်ဖြစ် အဖော်လုပ် ကစားပြီး ကျန်ရစ်မှာပါ မေမေ၊ အဲ ဒါပေမယ့် အဲဒီနှစ်ခုအနက် ဒီမနက် ဖေဖေ ဘာကို ရွေးမယ်ဆိုတာတော့ ဖေဖေ့အပေါ် မူတည် ပါတယ်'

## အပြောမလွတ်

မိန်းမလုပ်သည် ယောက်ျား အပြင်မှပြန်ရောက်လာတိုင်း အင်္ကျီကို စစ်ဆေးလေ့ရှိသည်။ အင်္ကျီတွင် ဆံပင်တစ်ချောင်းတွေ့သည်နှင့် အခြားမိန်းမနှင့် ပျော်ပါးခဲ့သည်ဟု စွပ်စွဲသည်။

တစ်နေ့တွင် ယောက်ျား အပြင်မှပြန်လာရာ ထုံးစံအတိုင်း စစ်ဆေးသော်လည်း ဆံပင်တစ်ချောင်းမှ မတွေ့သည့်အဆုံးတွင် စိတ်ဆိုးမာန်ဆိုးဖြင့် ယခုလို ပြောလေသည်။

'ရှင်တော်တော်ကမြင်း၊ ဆံပင်မရှိတဲ့ မိန်းမကိုတောင် မရှောင်ဘူး'

## ပြေးမလွတ်

'ကျွန်တော်မောင်းတာ တစ်နာရီ မိုင် ၁၀၀ နှုန်းရှိတယ် ဟုတ်လား၊ လုံးဝ မဖြစ်နိုင်ပါဘူးခင်ဗျာ၊ ကျွန်တော်မောင်းတာ ကျွန်တော်အသိဆုံးပါ၊ တစ်နာရီ မိုင် ၄၀ လောက်ပဲရှိမှာပါ' ဟူ၍ ကားမောင်းသူက မော်တော်ယာဉ်ရဲအား အကြောက်အကန် ငြင်းသည်။

'ခင်ဗျားဆိုလိုတာက မော်တော်ကားကို ရပ်ထားတာပါလို့တောင် ပြောချင်တာ မဟုတ်လား'

'တကယ်လည်း ကားကို ရပ်ထားတာပဲ မဟုတ်လား'

'အိုကေ၊ ဒါဆိုရင် ဒဏ်ငွေ ၅၀၀ ဆောင်ပါ၊ ဒီနေရာက ကားရပ်ခွင့်မရှိတဲ့နေရာပါ'

## တစ်နာရီတောင် မပြည့်သေး

မော်တော်ဆိုင်ကယ်စီးလာသော အမျိုးသမီးကို ယာဉ်ထိန်းရဲက မေးသည်။

'ခင်ဗျားမောင်းနေတာ တစ်နာရီ မိုင် ၄၀ နှုန်းမောင်းနေတယ်' ဟု ပြောပြီး ဒဏ်ရိုက်ရန် ပြေစာ စာအုပ်ကို ထုတ်သည်။

'တစ်နာရီ မိုင်လေးဆယ်ဆိုတာ လုံးဝ မဖြစ်နိုင်တာရှင်၊ ကျွန်မ အိမ်ကထွက်လာတာပဲ တစ်နာရီတောင် မပြည့်သေးတဲ့ဥစ္စာ'

ထိုစဉ် ယာဉ်ထိန်းရဲ ခေါင်းကိုကုတ်ရင်း

'ဒါဆိုလဲ ဆောရီးပဲ၊ ကဲ သွား သွား'

## လွန်တာပေါ့

အိမ်အတွင်းသို့ ဝင်ခိုးသော သူခိုးကို အိမ်ရှင်က လက်ပူးလက်ကြပ် ဖမ်းမိသည်။

'ဟေ့ကောင်၊ မင်း အိတ်ထဲရှိသမျှ အကုန်ပြန်ထုတ်'

'ဟာ ဒါတော့ ဘယ်ဖြစ်မလဲ၊ အိတ်ထဲပါတဲ့ပစ္စည်း ထက်ဝက် ကျော်က အခြားအိမ်တွေက ခိုးလို့ရတဲ့ ပစ္စည်းတွေဗျ'

# ညည့်သည်

ရွာတစ်ရွာတွင် သူကြီးလင်မယား ၂၅နှစ်မြောက် မင်္ဂလာပွဲ ကျင်းပရာ တစ်ရွာလုံးမှလူများနှင့် ရွာနီးမှလူများ ခုနစ်ရက်ခုနစ်လီ စည်ကားစွာ လာရောက်ကြသည်။ သူကြီးလင်မယားမှာ ဧည့်သွားဧည့်ပြန်များကို ဧည့်ဝတ်ကျေစွာ ဧည့်ခံရသဖြင့် နောက်ဆုံးညတွင် ဖတ်ဖတ်မောဖြစ်ကာ စောစောအိပ်ရာဝင်ခဲ့ကြသည်။ ညဥ့်လယ်သို့ ရောက်သောအခါ မယားလုပ်သူ ရုတ်တရက်နိုးလာပြီး ယောက်ျားဖြစ်သူအား အတင်းနှိုးသည်။

'ကိုရင် ထထ၊ အိမ်ထဲ သူခိုးဝင်နေတယ်ထင်တယ်၊ ရှပ်ရှပ်ရှပ်ရှပ်နဲ့ အသံတွေကြားရတယ်'

ထိုအခါ သူကြီးက အအိပ်မပျက် အိပ်ချင်မူးတူးအသံဖြင့်-

'အိပ်မှာသာ အိပ်စမ်းပါ မိန်းမရယ်၊ သူခိုးဟုတ်လဲဘာဖြစ်သေးလဲ၊ ဧည့်သည်မဟုတ်ရင် ပြီးရောမဟုတ်လား'

## အခက်

အိမ်ပိုင်ရှင်၏ အဖိုးတန်ရတနာပစ္စည်းများကို အနုကြမ်းစီးသူများ သေတ္တာတစ်လုံးထဲ ထည့်နေကြသည်။ ၎င်းတို့အလစ်တွင် အိမ်ရှင်မ သည် တယ်လီဖုန်းကို အသာကိုင်၍ လက်ဝတ်ရတနာအရောင်းဆိုင် တွင် အလုပ်လုပ်နေသော သာမန်စာရေး မိမိလင်ယောကျ်ားထံ ဖုန်း ဆက် အကြောင်းကြားသည်။

'မောင်ရေ အိမ်မှာ အနုကြမ်းစီးသူတွေ ရှိသမျှပစ္စည်းတွေကို သိမ်းကျုံး ယူနေကြပြီ၊ ရဲကိုခေါ်ပြီး အမြန်လာခဲ့ပါ'

'ဟဲ့ မိန်းမ၊ မင်းရူးနေသလား၊ ရဲကို အကြောင်းကြားလိုက် လို့ တော်တော်ကြာ ငါရတဲ့လခလေးနဲ့ ဒီလောက်များတဲ့ အဖိုးတန် ရတနာပစ္စည်းတွေ ဘယ်ကရသလဲ၊ မေးရင် အခက် အခက်'

## အလီဘိုင်

'ဟဲလို၊ ဘော်ဘီလား၊ မင်းကို ရဲအဖွဲ့က အပူတပြင်း လိုက် ရှာနေကြတယ်၊ ဆီနိတ်တာအမတ် မစ္စတာအောဂရင်ကို မင်းသတ်တာ ဖြစ်ရမယ်လို့ သူတို့ သင်္ကာမကင်း ဖြစ်နေကြတယ်၊ ဒီတုံးက မင်း ဘယ်မှာရှိနေတယ်ဆိုတာကို အလီဘိုင် ပြနိုင်ဖို့လိုလိမ့်မယ်'

'မပူပါနဲ့ဗျာ၊ ငါ့မှာ ပြစရာ အလီဘိုင် ရှိပါတယ်၊ ဒီတုံးက ငါဟာ တရားဟောဆရာ မစ္စတာဘရောင်ကို လုပ်ကြံနေချိန်ပဲဟာ'

## လုံးလုံးလျားလျား

အာမေးနီးယားအဘိုးကြီးနှင့် အဘွားကြီးတို့၏ နှစ် ၅၀ မြောက် မင်္ဂလာပွဲ ကျင်းပသည်။ ကျင်းပပွဲအပြီးတွင် မြေးများက အဘိုးအား ဤသို့မေးသည်။

'အဘွားနဲ့ ဒီလောက်ကြာကြာကြီး နေခဲ့ကြတာ တစ်ခါတလေ ကွာရှင်းချင်တဲ့စိတ်ကလေးတောင် မဖြစ်ဘူးလား ဘိုးဘိုး'

'ကွာရှင်းချင်တဲ့စိတ်တော့ လုံးလုံး မဖြစ်မိဘူး၊ အဲ လည်လှီး သတ်ချင်တဲ့ ဆန္ဒတော့ ခဏခဏပဲဟေ့'

## ကိုရွှေသွား

ရဲစခန်းတစ်ခုတွင် ဖြစ်သည်။

'စခန်းရှေ့က လမ်းပေါ်မှာ လမ်းလျှောက်လာတုန်း ကျွန်တော့်လက်က နာရီကို လူတစ်ယောက် ဖြုတ်သွားလို့ပါ'

'ဒါဆို စခန်းနဲ့ နီးနီးလေးဥစ္စာ၊ ခင်ဗျား ဘာဖြစ်လို့ လှမ်းအော် ပြီး အကူအညီမတောင်းရတာလဲ'

'ပါးစပ်မဟရဲလို့ပါ၊ ကျွန်တော် ပါးစပ်ဟလိုက်ရင် ရွှေသွား တွေကို လုယက်သူ ထပ်တွေ့သွားမှာစိုးလို့ပါ'

## သက်သေခံပစ္စည်း

အဖွဲ့အစည်းတစ်ခု၏ အတွင်းရေးမှူးထံ အဖွဲ့အစည်းဝင်တစ်ဦး၏ ဇနီး အမျိုးသမီးတစ်ဦး ရောက်ရှိလာကာ ၎င်း၏ယောက်ျား ဖောက်ပြားနေသည့် အကြောင်း တိုင်ကြားသည်။

'ဖြစ်နိုင်ပါ့မလားဗျာ၊ ကျွန်တော် သိရသလောက် သူဟာ လူရိုးတစ်ယောက်ပါ'

'အထောက်အထားရှိလို့ ကျွန်မ စွပ်စွဲရတာပ' ဟု ပြောဆိုကာ ၎င်းယောက်ျားထံမှ ရရှိသော အမျိုးသမီးဝတ်ဘောင်းဘီကို ထုတ်ပြသည်။

'ဒါဆိုလဲ ဘောင်းဘီကို ထားခဲ့ပါ၊ ကျွန်တော် ခင်ဗျားယောက်ျားကို ခေါ်ပြီး မေးကြည့်ပါဦးမယ်'

ထိုသို့ ကတိပေးပြီးနောက် အတွင်းရေးမှူးသည် ဘောင်းဘီထုပ်ကို အံဆွဲထဲသို့ ထည့်ထားလိုက်သည်။ ထို့နောက် ကော်မတီဝင်များ လာရောက်မည်ဟု သတင်းရသဖြင့် ယင်းဘောင်းဘီထုပ်ကို ၎င်း၏ လက်ဆွဲအိတ်ထဲသို့ ပြောင်းလဲထည့်ထားလိုက်သည်။

ထိုနေ့က အစည်းအဝေးများဖြင့် ပင်ပန်းခဲ့သော အတွင်းရေးမှူးသည် ၎င်း၏ လက်ဆွဲအိတ်ကို ဆွဲ၍ အိမ်သို့ ပြန်သည်။

အိမ်သို့ရောက်သောအခါ သားဖြစ်သူက ရုပ်ရှင်သွားကြည့်ပါရစေဟု ပူဆာသည်။

'ဖေ့ဖေ့လက်ဆွဲအိတ်ထဲမှာ ပိုက်ဆံရှိတယ်၊ မင်းအမေကို ယူခိုင်းလိုက်'

အတွင်းရေးမှူး၏ မိန်းမသည် သားအတွက် ပိုက်ဆံယူရန် အတွင်းရေးမှူး၏ အိတ်ကို ဖွင့်လိုက်သည်။ အိတ်အတွင်းမှ အထုပ်တစ်ထုပ်ကိုတွေ့၍ ကြည့်လိုက်ရာ အတွင်းခံဘောင်းဘီ ဖြစ်နေသည်ကို တွေ့သည်။

အတွင်းရေးမှူး၏ဇနီးသည် ဝမ်းသာအားရလေသံဖြင့် 'ကျွန်မ အတွင်းခံဘောင်းဘီတွေ ပျောက်လို့ရှာနေတာ နှစ်ရက်လောက်ရှိပြီ၊ ရှင်က လက်ဆွဲအိတ်ထဲထည့်ပြီး ယူယူသွားနေတာကို'

## မသိသေးသူ

မနက်မိုးမလင်းမီ (၃) နာရီခန့်တွင် လူတစ်ယောက် သေတ္တာတစ်လုံး ဆွဲလာသည်ကို ရဲသားက မြင်သည်။

'ဟေ့ ရပ်လိုက်စမ်း၊ သေတ္တာထဲမှာ ဘာပါတယ်ဆိုတာ မြန်မြန်ပြော'

'ဘာပါတယ်ဆိုတာ ကျွန်တော် မသိရသေးပါဘူးခင်ဗျာ'

## ခြောက်ကြိမ်ထက်မနည်း

'အဘိုး၊ အဘိုးရဲ့ နားကို ခွဲစိပ်ကုသလိုက်တယ်လို့ ကြားတယ်၊ ဒါဆို ကောင်းကောင်းပြန်ကြားရပြီပေါ့နော်'

'အေး ဟုတ်တယ်ကွဲ့၊ ကောင်းကောင်းပြန်ကြားနေရပါပြီ'

'ဒါဆို အဘိုးရဲ့ ဆွေမျိုးသားချင်းတွေက အရမ်းဝမ်းသာကြမှာပဲနော်'

'ခွဲစိတ်ကုသလိုက်တာကော အဘိုးနားကောင်းကောင်းပြန်ကြားတာကော သူတို့ မသိကြသေးပါဘူး၊ ဒါကြောင့်လဲ အဘိုးရဲ့ သေတမ်းစာကို ပြန်ပြင်ရေးနေတာ ခြောက်ကြိမ်ထက်မနည်း ရှိပြီကွဲ့"

## ဗိုလ်လုပ်ချင်သူ

'ဂျော်နီ၊ မင်းကြီးလာရင် ဘာလုပ်မလဲ'

'ဗိုလ်ချုပ်ကြီးလုပ်မယ်'

'စစ်ပွဲမှာ မင်းကို သူများက သတ်မှာ မကြောက်ဘူးလား'

'ဘယ်သူက သတ်မှာလဲ'

'ရန်သူကပေါ့'

'ဒါဆိုရင် ကျွန်တော် ရန်သူလုပ်မယ်'

## အမြဲတမ်း ဖွင့်လျက်ပါ

ရပ်ဝေးမှဧည့်သည်က အိမ်ခံကို မေးသည်။

'ခင်ဗျားတို့ဆီမှာ ညကိုးနာရီကျော်နောက်ပိုင်းဖွင့်တာ ဘာမှ မရှိဘူးလား'

'ရှိပါတယ်၊ ရဲစခန်းပါ'

## စောစောက ပြောခဲ့ရင်

ကြိုးမိန့်ပေးခံရတော့မည့် အကျဉ်းသားကို ထောင်တာဝန်ခံက မေးသည်။

'ညစာအတွက် ဘာများစားချင်ပါသလဲ၊ စားချင်သောက်ချင်တာကို မင်း တောင်းဆိုပိုင်ခွင့် ရှိပါတယ်'

'အင်း ဝမ်းနည်းစရာပဲ၊ လွန်ခဲ့တဲ့ သုံးလလောက်ကသာ ဒီအခွင့်အရေးရခဲ့ရင် လူသတ် လုယက်တဲ့အလုပ်ကို ကျွန်တော် ကျူးလွန်ခဲ့မိမှာ မဟုတ်ဘူး'

## ဆုံချင်သေးရဲ့

ရာဇဝတ်လူဆိုးတစ်ဦး လွတ်ရက်စေ့၍ ထောင်မှအထွက်တွင်-

ထောင်မှူးကြီး။ ‘ကိုင်း ကွဲပေတော့၊ နောက်တစ်ကြိမ် ထပ်မဆုံမိကြဖို့ မျှော်လင့်ပါတယ်’

ရာဇဝင်လူဆိုး။ ‘ဘာလဲ၊ ထောင်မှူးကြီးက အလုပ်ပြောင်းတော့မှာမို့လား’

## အိမ်အတိုင်းပဲ

ယောက်ျားဖြစ်သူထံ ထောင်ဝင်စာလာတွေ့သော မိန်းမက မေးသည်။

‘ရှင် နေရထိုင်ရတာ အဆင်ပြေရဲ့လား’

‘ဘယ်မှလဲ မသွားရ၊ မထွက်ရ၊ စားရတာလည်း ခပ်ညံ့ညံ့ အိမ်မှာနေရတဲ့အတိုင်းပါပဲကွာ’

## နည်းနည်းအမှား

ငွေစက္ကူအတုပြုလုပ်မှုဖြင့် ထောင်ကျနေသော အကျဉ်းသားနှင့် အခြားထောင်သားတစ်ဦး အပြန်အလှန် ပြောဆိုနေကြသည်။

‘သေးငယ်တဲ့ အမှားကလေးတစ်ခုကိုသာ ငါ မလုပ်မိခဲ့ရင် ခုလောက်ဆို ငါဟာ သန်းကြွယ်သူဌေးကြီး ဖြစ်နေပြီ’

‘ဘယ်လိုအမှားလေးတစ်ခု ဖြစ်သွားလို့လဲ’

‘ငါ့ရဲ့ ရာတန်တွေဟာ အစိုးရထုတ်ငွေစက္ကူတွေထက် နှစ်မီလီမီတာ ပိုပြီး အစွန်းထွက်သွားလို့ပေါ့ကွာ’

## လူပိုလို့မထင်

သဘော်ာပျက်ပြီး သဘော်ာသားနှစ်ယောက်နှင့် အမျိုးသမီး ခရီးသည်တစ်ဦးတို့ ကျွန်းငယ်တစ်ခုပေါ်သို့ ရောက်သွားကြသည်။

အမျိုးသမီးကို သူယူမည်၊ ငါယူမည်ဟု အငြင်းအခုန်ဖြစ်ကာ ယောကျ်ားနှစ်ယောက်အပြန်အလှန် ထိုးသတ်ကြသည်။

ထိုအခါ အမျိုးသမီးက ၎င်းတို့နှစ်ဦးကြားဝင်ကာ ဤသို့ ပြောသည်။

'ဘယ်လိုဖြစ်ကြတာလဲရှင်၊ ရှင်တို့နှစ်ယောက်အနက် တစ်ယောက်ဟာ လူပို ဖြစ်တော့မယ်ဆိုတဲ့ အတွေးမျိုး ဘယ်လိုလုပ် ခေါင်းထဲဝင်ရတာလဲရှင်၊ ကျွန်မ နားကိုမလည်နိုင်ဘူး' ဟူ၏။

## အကြွေးမှတ်ထား

'ငါ့ကို ပိုက်ဆံတစ်ဆယ် ချေးစမ်းပါ'

'ငါ့ဆီမှာ ငါးကျပ်ပဲရှိတယ်'

'ဒီလိုဆို ငါးကျပ်ပဲပေး၊ ပြီးတော့ မင်းဆီမှာ ငါ့အကြွေးငါးကျပ် ကျန်နေသေးတယ်ဆိုတာ မမေ့နဲ့ဦး'

## ဘယ်သူ့အဖေလဲ

ဂျွန်သည် ရဲစခန်းရှိရာသို့ အပြေးရောက်လာကာ အကူအညီတောင်းသည်။

'ကူညီကြပါခင်ဗျား၊ ကူညီကြပါ၊ ဟိုမှာ ကျွန်တော့်အဖေကို လူတစ်ယောက် ရိုက်ပုတ်နေလို့ပါ'

ဂျွန်နှင့်အတူ ရဲသားတစ်ဦး လိုက်ပါသွားသည်။ လူနှစ်ယောက် အပြန်အလှန် ထိုးကြိတ်နေကြသည်ကို တွေ့သဖြင့် ဂျွန်ဘက်လှည့်ကာ ရဲသားက မေးသည်။

ရဲသား။ ဒီလူနှစ်ယောက်ကို လူချင်းခွဲလိုက်မယ်၊ ဘယ်သူဟာ မင်းရဲ့ အဖေလဲ။

ဂျွန်။ အဲဒီကိစ္စအတွက်ပဲ သူတို့အငြင်းပွားပြီး အဆုံးအဖြတ်ယူနေကြတာလေ။

## အိမ်ရှင်အိမ်ငှား

အခန်းငှားနေထိုင်သော ကျောင်းသားကို အခန်းရှင်က ပြောသည်။

အခန်းရှင်။ အခန်းခအကြွေးတွေ မပေးမချင်း မင်းကို အခန်းထဲက ပေးထွက်ခွင့်မပြုနိုင်ဘူး။

ကျောင်းသား။ ဒါဆိုရင် ဒီအခန်းမှာ ကျွန်တော်အချိန်ကြာကြာ ဆက်နေခွင့် ရသေးတယ်ဆိုတဲ့ သဘောပေါ့နော်၊ ကျေးဇူးပါပဲဗျာ။

## တဂျီဂျီ

နှီးစက်ပါသော နာရီတစ်လုံးကို အမှု၏ သက်သေခံပစ္စည်း အဖြစ် မသက်ာဟုဆိုကာ ရဲက သိမ်းဆည်းသွားသည်။

ညဘက်တွင် နာရီသိမ်းဆည်းသွားသော ရဲစခန်းတွင် တယ်လီဖုန်းသံ မြည်လာသည်။

တာဝန်ကျရဲ။ ဟုတ်ကဲ့ ပြောပါ၊ ရဲစခန်းကပါ။

ဖုန်းခေါ်သူ။ နေ့လယ်က ခင်ဗျားတို့ ရဲစခန်းက သက်သေခံ ပစ္စည်း အဖြစ် သိမ်းထားတဲ့ နှီးစက်ပိုင်ရှင် ရာဘင်ပါ။

တာဝန်ကျရဲ။ ဟုတ်ကဲ့၊ ကျွန်တော် ဘာများကူညီရပါမလဲ။

ဖုန်းခေါ်သူ။ ခု ဘယ်နှစ်နာရီရှိပြီလဲ သိချင်လို့ပါ။

တာဝန်ကျရဲ။ ညဉ့်တစ်နာရီတိတိ။

ဖုန်းခေါ်သူ။ ကျေးဇူးပါပဲ။

နောက်ထပ် ဆယ်မိနစ်ခန့်အကြာတွင် တယ်လီဖုန်းသံ မြည်လာသည်။

ဖုန်းခေါ်သူ။ ကျွန်တော် ရာဘင်ပါ။

တာဝန်ကျရဲ။ ခင်ဗျား စောစောကပဲ ဆက်သေးတယ် မဟုတ်လား။

ဖုန်းခေါ်သူ။ ခု ဘယ်နှစ်နာရီထိုးပြီလဲ သိချင်လို့ပါ။

တာဝန်ကျရဲ။ တစ်နာရီဆယ်မိနစ်။

ဖုန်းခေါ်သူ။ ကျေးဇူးပါပဲဗျာ။

နောက်ထပ် ဆယ်မိနစ်ခန့်အကြာတွင် တယ်လီဖုန်းသံ မြည်လာပြန်သည်။

ဖုန်းခေါ်သူ။ ရဲစခန်းကလား။ ကျွန်တော် ရာဘင်ပါ။ ဘယ်အချိန်ရှိသွားပြီလဲဆိုတာ သိချင်လို့ပါ။

တာဝန်ကျရဲ။ ကဲကဲ၊ ခင်ဗျားကိုယ်တိုင် ခင်ဗျားနာရီကို တစ်ခါတည်း လာယူပြီး ကြည့်ပေတော့ ကိုယ့်ဆရာရေ့။

## မီး မီး ဘာမီးလဲ

'အာမခံထားပြီး ရက်ပိုင်းအတွင်းမှာပဲ လူကြီးမင်းရဲ့နေအိမ် မီးလောင်သွားခဲ့ပါတယ်၊ သက်သေမကောင်းစရာဖြစ်ပေမယ့် လူကြီးမင်းဟာ ဂုဏ်သရေရှိ ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်နေတဲ့အတွက် အာမခံငွေကို ကျွန်တော်တို့ ထုတ်ပေးမှာဖြစ်ပါတယ်၊ နေအိမ် မီးလောင်ရာမှာ ပါသွားတဲ့ပစ္စည်းတွေကို အရင်ဆုံး ကျွန်တော်တို့ ပြုစုချင်ပါတယ်'

'မီးလောင်ရာမှာ ပါသွားတဲ့ပစ္စည်းတွေက

(၁) လွှစာနှစ်အိတ်

(၂) ရေနံဆီ (၁၀) ပုလင်း။

## သိလို့ ဆုံးဖြတ်ထားပြီးသား

'ကျွန်မရဲ့အဒေါ်ဆီက တိုက်သစ်တစ်လုံး အမွေရတာကို ရှင်သိလို့ ကျွန်မကို လက်ထပ်ခွင့်တောင်းတာ မဟုတ်လား'

'ကြံကြီးစည်ရာ အဓိပ္ပာယ်မရှိတာ မပြောပါနဲ့၊ မင့်အဒေါ် ဆီကပဲရရ၊ မင်းဦးလေးဆီကပဲရရ၊ ဘယ်သူ့ဆီက အမွေရရ ကိုယ် ကတော့ မင်းကို ကနဦးကတည်းက လက်ထပ်ဖို့ ဆုံးဖြတ်ထားပြီးသား'

## သီသီလေး လွဲခဲ့သူ

အီဗန်က ၎င်း၏မိတ်ဆွေကို သတင်းတစ်ခု ပြောပြသည်။

အီဗန်။ 'မနေ့က အာဘရမ် နေအိမ်ကို အပြန်မှာ သူ့မိန်းမ ခုတင်ထဲ သူစိမ်းယောက်ျားတစ်ယောက်ကို တွေ့လို့ အသေသတ်ပစ်လိုက်တယ်ဆိုပဲ'

မိတ်ဆွေ။ 'ဩော် တော်သေးတာပေါ့၊ နို့မဟုတ်ရင် အခြေအနေက ဒီထက်ပိုဆိုးဝါးသွားနိုင်တယ်'

အီဗန်။ 'တွေ့လို့ အသေသတ်ပြီးမှတော့ ဒီထက်ဆိုးတဲ့ အခြေအနေ ရှိနိုင်ဦးမှာမို့လို့လား'

မိတ်ဆွေ။ 'တကယ်လို့ အာဘရမ်ဟာ လွန်ခဲ့တဲ့နှစ်ရက်က ပြန်လာမယ်ဆိုရင် အသတ်ခံရမယ့်သူဟာ ငါဖြစ်သွားနိုင်တယ်'

## ထောင်ကျခြင်းအကြောင်း

ထောင်ကျတစ်ဦးက အခြားထောင်ကျတစ်ဦးကို မေးသည်။

'ကိုယ့်လူဘာဖြစ်လို့ ထောင်ကျတာလဲ'

'ခါချဉ်ကိုက်လို့'

'ခါချဉ်ကိုက်တာနဲ့ ခင်ဗျားထောင်ကျရောလား'

'ခါချဉ်ကိုက်လို့ ထအခုန်မှာ အစောင့်နိုးသွားလို့ပါ'

## မှတ်ကရော

ကုန်သည်နှစ်ဦး စကားပြောလျက်ရှိသည်-

'မစ္စတာစမစ်ရဲ့ စိန်ရွှေရတနာဆိုင်ကို သူခိုးဝင်ခိုးတာ သုံးကြိမ်ရှိပြီး ခုထိ သူခိုးကို ရဲက မမိသေးဘူး'

'မစ္စတာစမစ်က ရဲချည်း အားကိုးနေတာကိုး၊ သူ့ဟာသူကော ဘာမှ မလုပ်ဘူးလား'

'မလုပ်ဘဲနေပါ့မလား၊ ဆိုင်ရှေ့က မှန်ပြခန်းမှာ စိန်အတုတွေကို ခင်းပြီး ပြထားလိုက်တယ်၊ နောက်ပြီး ကျောက်တွေကို သူခိုးက လက်နဲ့ထိလိုက်တာနဲ့ အလိုအလျောက် ခလုတ်နှိပ်ပြီးသား ဓာတ်ပုံ ရိုက်ပြီးသားဖြစ်သွားမယ့် အကောင်းစား ကင်မရာတစ်လုံးကိုလည်း ထောင်ထားလိုက်တယ်'

'အင်မတန်ကောင်းတဲ့ စိတ်ကူးပဲ၊ အကြံပိုင်တဲ့ ပုဂ္ဂိုလ်ပါပဲ၊ အဲဒီနောက် ဘာဆက်ဖြစ်သလဲ'

'ကျောက်တွေကို သူခိုးက လက်နဲ့တောင် မတို့ဘူး၊ ကင်မရာကို ခိုးသွားတယ်'

## တရားခံတဲ့

သစ်တောထဲ လမ်းလျှောက်နေသော မြေခွေးသည် တင်းတိမ်ကျေနပ်နေသော အမူအရာဖြင့် လဲလျောင်းနေသော ယင်ကောင်ကို မြင်သည်။

မြေခွေး။ ဟေ့ကောင် ယင်ကောင်၊ မင်းကြည့်ရတာ အတော်တင်းတိမ်ကျေနပ်နေတဲ့ပုံပါလား။

ယင်ကောင်။ ဟိုဘက်နားမှာ ဆင်ကြီးကို ရေရေလည်လည် ဝိုင်းနှိပ်နေကြတယ်လေ။

မြေခွေး။ အဲဒါနဲ့ မင်းနဲ့ ဘယ်လိုဆိုင်လို့လဲ။

ယင်ကောင်။ ငါလည်း နည်းနည်းပါးပါး ဝင်နှိပ်ခဲ့လို့ပေါ့။

နောက်နေ့တွင် မြေခွေးသည် မနေ့ကအတိုင်း လမ်းလျှောက်လာရာ ငိုယိုနေသော ယင်ကောင်ကို တွေ့ရသည်။

မြေခွေး။ ဟေ့ကောင်၊ မင်းဘာဖြစ်လို့ ငိုယိုနေတာလဲ။

ယင်ကောင်။ မနေ့က ဝိုင်းနှိပ်လိုက်ကြလို့ ဆင်ကြီးသေသွားပြီလေ၊ အဲဒါ ငါတရားခံလို့ အားလုံးက ဝိုင်းအပြစ်ဖို့နေကြလို့။

## သူ့ထက်ကဲ

ထောင်ထဲသို့ ထောင်သား အသစ်တစ်ယောက် ရောက်လာသည်။ လူဟောင်းများက လူသစ်ကို ဝိုင်းမေးသည်။

'ဘာအမှုနဲ့ကျတာလဲ'

'ပုဒ်မ ၄၀၁'

'ဒီပုဒ်မ တစ်ခါမှ မကြားဖူးဘူး'

'မကြားဘူးရင် မှတ်ထား၊ လူသားစားတဲ့အမှု'

ထောင်သားများအားလုံး ရှဲခနဲဖြစ်သွားသည်။ အချို့က ထောင်ခန်းပြောင်းပေးဖို့ ထောင်အာဏာပိုင်အဖွဲ့ထံပြေး၍ တင်ပြတောင်းဆိုသည်။ သို့သော် ထူးထူးကဲကဲ ထောင်သားတစ်ဦးမှာ မတုန်လှုပ် အေးအေးဆေးဆေး ထိုင်လျက်ရှိသည်။ သူ့ကို ထောင်သားသစ်က မေးသည်။

'မင်းက ဘာပုဒ်မနဲ့ ရောက်တာလဲ'

'၄၀၂'

'တစ်ခါမှ မကြားဖူးဘူး'

'အဲဒါ လူသားစားတဲ့သူကိုမှ ရွေးပြီးစားတဲ့အမှု'

## ယောက္ခမအတွက် ပြင်းပြတဲ့ဆန္ဒ

ဓားပြတစ်ဦးက မိမိအဖော်ဓားပြကို ဤသို့ ပြောသည်။

'ငါ့ဆီမှာ အင်မတန် ပြင်းပြတဲ့ဆန္ဒတစ်ခုရှိနေတယ်၊ အဲဒါ ဘာလဲဆိုတော့ ဘဏ်ကို ဓားပြဝင်တိုက်ပြီး ယောက္ခမရဲ့ လက်ဗွေပုံစံကို ထားရစ်ခဲ့ချင်တဲ့ ဆန္ဒပဲ'

## သားလက်ချက်

ယောက်ျား။ ခင်ရေ၊ မောင့်အိတ်ထောင်ထဲက ပိုက်ဆံကို မင်းသား နှိုက်ယူသွားပြန်ပြီ။

မိန်းမ။ ရှင့်သားယူတယ်လို့ ရှင်က ဘာဖြစ်လို့ အတတ်ပြော နိုင်ရတာလဲ၊ ကျွန်မယူတာကော မဖြစ်နိုင်ဘူးလား။

ယောက်ျား။ မင်းယူတာတော့ မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ပိုက်ဆံကတစ်ဝက်ကျော်ကျော်ထိ ကျန်နေသေးလို့ပေါ့။

## တစ်လုံး ငါးနှစ်

ယောက္ခမ။ 'အသက်ငါးနှစ်လောက်တိုရင် တိုသွားပါစေ၊ ဒူးရင်းသီး ကောင်းကောင်းတစ်လုံးလောက် စားချင်လှပါတယ်'

သမက်။ 'ကျွန်တော်တို့ဆန္ဒတွေ မြန်မြန်ပြည့်အောင် ဒူးရင်းသီး လေးလုံးတောင် ဝယ်ခဲ့ပါတယ်'

## ပြန်လာလမ်းက စောင့်နေမယ်

| | |
|---|---|
| အရောင်းသင်ဝန်ထမ်း။ | စောစောက လူတစ်ယောက် ဖိနပ် တစ်ရံ လာဝယ်သွားတယ်၊ ပိုက်ဆံကိုတော့ မနက်ဖြန်မှ လာပေးပါရစေလို့ ပြောသွားတယ်။ |
| မန်နေဂျာ။ | ဒါဆို ဒီလူ ဘယ်တော့မှ ပြန်လာမှာ မဟုတ်တော့ဘူး၊ မင်း တယ်ညံ့တာပဲ။ |
| အရောင်းသင်ဝန်ထမ်း။ | မပူပါနဲ့၊ သူပြန်လာမှာပါ၊ ဖိနပ်နှစ်ဖက်စလုံးကို ဘယ်ခြေထောက်စီးတွေပဲ ကျွန်တော် ထည့်ပေးလိုက်တယ်။ |

## ဒူးမနာသား

'မောင်ရေ ခင်တို့လက်ထပ်ပြီးရင် ကလေးသုံးယောက်ရမယ်'

'ခင်က ဘာဖြစ်လို့ ဒီလိုကြိုပြီး ပြောနိုင်ရတာလဲ'

'ဘာဖြစ်လို့ ကြိုပြီး မပြောနိုင်ရမှာလဲ၊ ကလေးတွေက အခု လောလောဆယ် မေမေနဲ့ အတူနေကြတဲ့ဥစ္စာ'

## လူခိုးမှု

'ထောင်မှူးရဲ့သမီး ယောက်ျားယူသွားတဲ့ကိစ္စ သူ့အဖေထောင်မှူးကြီးဆိုတာ စိတ်ဆိုးလို့မဆုံးဘူး'

'ဘာဖြစ်လို့လဲ၊ ထောင်ကျအကျဉ်းသားနဲ့ ယူလိုက်လို့လား'

'ယူယုံတင် ဘယ်ကမလဲ၊ ကောင်မလေးက ဝေးရာကို တစ်ခါတည်း ခိုးပြေးသွားတာ'

## ကိုယ့်လမ်း ကိုယ်သိတာပဲ

ထောင်ထဲတွင် ဝင်၍ တရားဟောရသော ဘုန်းကြီးတစ်ပါးသည် ထောင်သားများအား၊ ဒုစရိုက်ဆယ်ပါး၏ အကြောင်းရင်းနှင့် ၎င်း ဒုစရိုက်ကို ပြုကျင့်လျှင် လောကတွင် ထောင်တန်းကျရုံမက နောင်တမလွန်ဘဝ၌ အပါယ်ငရဲသို့ သွားရကြောင်းကို အကျယ်တဝင့်ဟောပြောပြီးနောက် မိမိ၏ အနီးတွင် တရားနာနေသော ထောင်သားတစ်ဦးအား ခေါ်၍ 'ဟော့ပြောစမ်း၊ ခိုးမယ်၊ သူများအသက်ကို သတ်မယ်၊ သူတထူးကို နှိပ်စက်မယ်ဆိုလျှင် ဘယ်ကိုသွားရသလဲ သိလား'

ထောင်သား။ 'သိပါတယ်၊ သက်သေမရနိုင်တဲ့နေရာကို သွားရပါတယ် ဘုရား'

## အထင်ကြီးမိလို့

ထောင်သားတစ်ဦး။ မောင်ရင်က ဘာဖြစ်လို့ ထောင်ကျရတာလဲ။
အခြားတစ်ဦး။ ကိုယ့်ကိုယ် အထင်ကြီးမိလို့ပါ။
ထောင်သားတစ်ဦး။ ကျွန်တော်က တစ်ချိန်က အပြေးချန်ပီယံလေ၊ ရဲထက် ပိုပြီး အပြေးမြန်တယ်လို့ ကိုယ့်ကိုယ်ကို ထင်ခဲ့မိတာ၊ ကိုယ့်ထက် အပြေးမြန်တဲ့ရဲနဲ့ တွေ့လို့ ခါးပိုက်နှိုက်ပြီး ထွက်အပြေးမှာ ဖမ်းမိသွားလို့ပါ။

## အလုပ်ရှာပုံ

အလုပ်လုပ်ရမည်ကို ပျင်းရိပြီး အလုပ်မရှိသောသားကို ကျွေးမွေးထားရသော ဖခင်သည် သားအတွက် စိတ်မအေးနိုင်ဘဲ အလုပ်ရဖို့အရေး တွေးတောကြံဆလျက်ရှိသည်။ ထိုစဉ် အိမ်ရှေ့၌ လူနှစ်ယောက် ရိုက်နှက်သတ်ပုတ်ကြသည်ကို သိသဖြင့် သားဖြစ်သူအား ဤသို့ ပြောလေသည်။

'ဟေ့ကောင်၊ အိမ်ရှေ့မှာ ရန်ဖြစ်နေတာကို မင်း သွားကြည့်စမ်း၊ ကံကောင်းလို့ သက်သေလိုက်ရင် သက်သေစရိတ်လဲရ၊ အလုပ်တစ်ခုခုလဲရနေမှာ'

## လက်ဆောင်

စီးပွားရေးလုပ်ငန်းရှင်တစ်ဦးနှင့် ၎င်း၏ မိတ်ဆွေတို့ ပြောဆိုသံ ဖြစ်သည်။

'မွေးနေ့လက်ဆောင်အဖြစ် မနေ့ညက မိန်းမကို အင်မတန်လှတဲ့ စိန်ဘယက်တစ်ကုံး ပေးလိုက်တယ်'

'ဟင်း၊ ဒါနဲ့ သူက မွေးနေ့ပွဲမှာ မော်တော်ကားအသစ်တစ်စီး လိုချင်နေတယ်ဆို'

'ဟုတ်ပါတယ်၊ ဒါပေမယ့် မော်တော်ကားဆိုတာမျိုးက ဘယ်မှာ အတုရှိလို့လဲ၊ ဒါကြောင့် တစ်မျိုးစီစဉ်လိုက်ရတာလေ'

## ညောင်မြစ်ပေါ်

ဆာဂျင်စမစ်သည် မိမိ၏ ပိုက်ဆံအိတ်ကို နှိုက်သွားသော ခါးပိုက်နှိုက်ကို ရဲစခန်းသို့ အတင်းဆွဲခေါ်လာသည်။ ရဲစခန်းတွင် သူခိုးက ဖြောင့်ချက်ပေးသည်။

'ဟုတ်ပါတယ်၊ သူ့ပိုက်ဆံအိတ်ကို ကျွန်တော် နှိုက်မိပါတယ်၊ ဒီအမှုနဲ့ ကျွန်တော့်ကို ရုံးတင်တရားစွဲပါ၊ တစ်ဆက်တည်း ကျွန်တော့်မိန်းမနဲ့ ကွာရှင်းနိုင်အောင်လည်း ဆောင်ရွက်ပေးပါခင်ဗျား'

'ဘာဖြစ်လို့လဲ'

'သူ့ပိုက်ဆံအိတ်ကို ဖွင့်လိုက်တဲ့အခါမှာ ပိုက်ဆံတစ်ပြားမှ မတွေ့ရဘဲ ကျွန်တော့်မိန်းမနဲ့ သူတွဲရိုက်ထားတဲ့ ဓာတ်ပုံသုံးပုံ တွေ့ရလို့ပါ'

## ကားငှားခ

တက္ကစီကားကို အဝတ်အစား ဗလာကျင်းလျက်ရှိသာ ကိုယ်လုံးတီး အမျိုးသမီးတစ်ဦးက တားစီးသည်။ ကားနောက်ခန်းပေါ် လိုက်ပါလာသော အဆိုပါ အမျိုးသမီးအား တက္ကစီသမားက နောက်ခန်းသို့ တစ်ချိန်လုံး လှည့်လှည့်ကြည့်နေသည်။

'ရှင် ရှေ့ဘက်က ကားလမ်းကိုကြည့်ပြီး မောင်းပါ၊ ကျွန်မ အဝတ်အစား မပါတာကို ရှင်ကောင်းကောင်းကြည့်ချင်နေတယ်ပေါ့လေ'

'မဟုတ်ရပါဘူးဗျာ၊ တက္ကစီဖိုးကို ခင်ဗျား ဘယ်ကနေ ဘယ်လို ထုတ်ပေးမလဲဆိုတာကို သိချင်နေလို့ပါ'

## သေလို့ မဖြစ်သေးဘူး

ဟိုတယ်တစ်ခု၏ အပေါ်ဆုံးထပ် ပြတင်းပေါက်မှ လူတစ်ယောက် အောက်သို့ခုန်ချ၍ မိမိကိုယ်ကို အဆုံးစီရင်ရန် ပြုလုပ်နေစဉ် ရဲတပ်ဖွဲ့ဝင်များ ၎င်း၏ဇနီးကို ရှာဖွေ၍ ထိုသူရှိရာသို့ အမြန်ဆုံး ခေါ်ဆောင်သွားကြသည်။

ထိုနေရာသို့ ဇနီးရောက်ရှိသွားသောအခါ ဇနီးသည်က ဖျောင်းဖျောင်းဖျဖျ တောင်းတောင်းပန်ပန် ပြောဆိုသည်။

'ရှင် အသက်ရှင်နေဖို့ ကျွန်မအတွက် အများကြီးလိုအပ်နေပါသေးတယ်၊ ကျွန်မတို့ ကားဖိုးလဲ မပေးရသေးဘူး၊ တီဗွီအတွက်လဲ မပေးရသေးဘူး၊ ပြီးတော့ ရေခဲသေတ္တာအတွက်လဲ ပေးစရာကရှိနေသေးတယ်လေ'

## ကြိုးစားခဲ့ပုံ

'ကားနဲ့မတိုက်မိခင်မှာ ခင်ဗျားအနေနဲ့ ယာဉ်တိုက်မှုမဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားခဲ့ရပါသေးသလား'

ယာဉ်ထိန်းရဲက ယာဉ်မောင်းသူ အမျိုးသမီးကို မေးခြင်းဖြစ်သည်။ ထိုအခါ အမျိုးသမီးက အောက်ပါအတိုင်း ပြန်ဖြေသည်။

'ကြိုးစားခဲ့ပါသေးတယ်ရှင်၊ မျက်စိကို စုံမှိတ်ပြီး အသံကုန်အော်ဟစ်တာပေါ့'

## ကွေ့လို့ရတာပေါ့

ယာဉ်အသွားအလာ ရှုတ်ထွေးသော လမ်းဆုံနေရာတွင် ဖြစ်သည်။ 'မည်သည့်ယာဉ်မှ မကွေ့ရ' ဟု တားမြစ်ဆိုင်းဘုတ် ထောင်ထားသည်။

အမျိုးသမီးတစ်ဦးမောင်းသော ကားတစ်စီးသည် မကွေ့ရဆိုသော နေရာတွင် ကွေ့ရန် အချက်ပြနေသည်ကို ယာဉ်ထိန်းရဲမြင်၍ အနီးသို့ ချက်ချင်း သွားရောက် တားမြစ်ပြောဆိုသည်။

'ဒီနေရာမှာ မကွေ့ရဘူးလေ'

'ကျွန်မ သိပါတယ်၊ ဒါပေမယ့် ရှင် ဒီမှာရှိနေလို့ ကွေ့လို့မရတာ၊ ရှင် မရှိရင် ကွေ့လို့ရတာပေါ့'

## မိန်းမ နဲ့ ဖဲ

'မိန်းမရှိရင် ဖဲမကစားသင့်ဘူး'

'ဘာဖြစ်လို့လဲ'

'ဖဲရှုံးရင် မိန်းမအဆူအဆဲ ခံရပြီမှတ်၊ ဖဲနိုင်ရင် ငွေအားလုံးကို မိန်းမက သိမ်းယူပြီမှတ်'

## အလေ့အကျင့်

သန်းကြွယ်သူဌေးနှစ်ဦး မြေအောက်ရထား အတူစီးလာကြသည်။ ရထားမှာ ခရီးသည်များနှင့် ပြွတ်သိပ်၍ နေသည်

ခါးပိုက်နှိုက်တစ်ဦးသည် သန်းကြွယ်သူဌေးတစ်ဦးအနားသို့ ကပ်လာကာ သူဌေး၏အိတ်ထဲမှ ပိုးပဝါကို တဖြည်းဖြည်း ဆွဲထုတ်လျက်ရှိသည်။

ဤသည်ကို အတူပါလာသော အခြားသန်းကြွယ်သူဌေးက မြင်သဖြင့် အနားကပ်ကာ မိတ်ဆွေသူဌေးလေးကို တိုးတိုးလေး သတိပေးသည်။ ထိုအခါ အနှိုက်ခံနေရသော သန်းကြွယ်သူဌေးက သတိပေးသောသူဌေးကို ယခုကဲ့သို့ ပြောသည်။

'သူလုပ်နေတဲ့အလုပ်ကို သွားမနှောင့်ယှက်ပါနဲ့၊ တို့လဲ ဒီလို တန်ဖိုးနည်းတဲ့ ပစ္စည်းတွေကစပြီး အလေ့အကျင့်လုပ်ခဲ့ရတာပဲ မဟုတ်လား'

## သေချာအောင်

လူရွယ်တစ်ဦး သေနတ်ဝယ်ရန် သေနတ်ဆိုင်သို့ ရောက်လာသည်။

'ခြောက်တောင့်ထိုးယူမလား၊ ရှစ်တောင့်ထိုးယူမလား'

'ခဏဗျာ' ဟု လူရွယ်ကပြောပြီး မြို့နယ်ဘဏ်ခွဲရှိရာသို့ ဖုန်းဆက်သည်။

'ဟဲလို၊ ဘဏ်ကလား၊ ခင်ဗျားတို့ဘဏ်မှာ အမှုထမ်းဘယ်နှစ်ယောက် ရှိတယ်ဆိုတာ သိချင်လို့ပါ'

## ပညာကမနေ

လမ်းဖြတ်ကူးသူကို မော်တော်ဆိုင်ကယ်တစ်စီး ဝင်တိုက်ပြီး မောင်းပြေးသည်။ အခင်းဖြစ်ရာနေရာသို့ ရဲချက်ချင်း ရောက်လာသည်။ အတိုက်ခံရသူမှာ နာမည်ကြီးခါးပိုက်နှိုက်တစ်ဦး ဖြစ်နေသည်။

'တိုက်သွားတဲ့ မော်တော်ဆိုင်ကယ်နံပါတ်ကို မင်းမှတ်သားလိုက်သေးသလား'

'မမှတ်မိလိုက်ဘူး၊ ဒါပေမယ့် သူ့ပိုက်ဆံအိတ်ကိုတော့ နှိုက်ထားလိုက်မိတယ် ရော့'

## သတ္တိခဲများ

လူသုံးဦး (အမေရိကန်၊ ပြင်သစ်နှင့် ရုရှား) စုဝေးထိုင်နေကြပြီး မိမိလူမျိုး သတ္တိကောင်းပုံအကြောင်း ပြောဆိုလျက်ရှိသည်။

အမေရိကန်။ ကျုပ်တို့လူမျိုး သတ္တိကောင်းပုံများ ပြောရဦးမယ်၊ ဥပမာ- လူငယ်ဆယ်ယောက် ဆိုပါတော့၊ ကားဆယ်စီးရှိတယ်၊ အဲဒီ ကားဆယ်စီးအနက် တစ်စီးမှာ ဘရိတ်ပျက်နေတယ်၊ ဒါကို လူငယ်ဆယ်ဦးစလုံးက သိတယ်၊ ဒါပေမယ့် ဘယ်ကားမှာ ဘရိတ် ပျက်နေတယ်ဆိုတာကိုတော့မသိကြဘူး၊ သူတို့အားလုံး ကျရာ တစ်စီးစီယူစီးပြီး အပြိုင်မောင်းကြတယ်၊ လမ်းအကွေ့မှာ ဘရိတ်ပျက်နေတဲ့ ကားမှောက်သွားတယ်၊ အဲဒီ နောက်ပိုင်း ဆေးရုံတက်နေတဲ့သူဆီကို ကျန်ကိုးယောက်က လူနာသွားမေးရင်း အားပေးစကားပြောကြတယ်။

ပြင်သစ်။ ဒါလေများ သတ္တိကောင်းတယ်လို့ ခင်ဗျားမို့ပြောရက်တယ်၊ ကျုပ်တို့လူမျိုးကမှ တကယ့်သတ္တိခဲ။ လူငယ်ဆယ်ယောက် ရှိတယ်ဆိုပါတော့။ မိန်းမငယ်ဆယ်ယောက်အနက် တစ်ယောက်ဟာ အေအိုင်ဒီအက်စ်ပိုးရှိနေတယ်ဆိုတာ လူငယ်ဆယ်ယောက်စလုံးက သိကြတယ်၊ ဒါပေမယ့် ဘယ်တစ်ယောက်ဆိုတာတော့

မသိကြဘူး၊ လူငယ်ဆယ်ယောက်ဟာ သူတို့နှစ်သက်တဲ့မိန်းကလေးတစ်ယောက်စီကို ရွေးကြတယ်၊ နောက်ပိုင်းမှာ လူငယ်တစ်ယောက် ဆေးရုံတင်ရတယ်၊ ကျန်ကိုးယောက်က အေအိုင်ဒီအက်စ် ရောဂါ ရသွားတဲ့ လူငယ်ရဲ့ မိန်းမဆီသွားပြီး အားပေးစကားပြောကြတယ်။

ရုရှား။ ခင်ဗျားတို့ရဲ့ တင်ပြချက်တွေက သိပ်ပြီး စာမဖွဲ့လောက်ဘူးထင်တယ်။ ကျုပ်တို့လူမျိုး သတ္တိကောင်းပုံကမှ တကယ့်ကို စာဖွဲ့လောက်တာ၊ ပြီးတော့ ကျွန်တော်တို့ဆီမှာက ခင်ဗျားတို့လို ရှုပ်ရှုပ်ရှက်ရှက် သိပ်မရှိဘူး၊ လူဆယ်ယောက်ရှိတယ်၊ အရက်စုပြီး သောက်ကြတယ်၊ အဲဒီ ဆယ်ယောက်အနက် တစ်ယောက်ဟာ လက်ထောက်ချတဲ့လူဆိုတာ အားလုံး သိတယ်၊ ဒါပေမယ့် ဂရုမစိုက်ဘူး၊ ပျော်စရာမျိုးစုံ ပြောကြတယ်၊ အဲ နောက်ပိုင်း ဘာဖြစ်သလဲဆိုတော့ ဆယ်ယောက်အနက် ကိုးယောက် ထောင်ကျသွားတယ်၊ ကျန်တစ်ယောက်က သူတို့ဆီ ထောင်ဝင်စာ မှန်မှန်သွားတွေ့တယ်။

## ကံဆိုးပုံများ

ဖောက်ထွင်းရေးသမားနှစ်ယောက် စကားပြောနေကြသည်။

'ခုတစ်လော ငါကံနိမ့်နေတယ်ထင်တာပဲ၊ မနေ့တုံးက အိမ်တစ်အိမ်ကို ဖောက်ထွင်းဖို့ ကြိုးစားတာ မအောင်မြင်ဘူး ဖြစ်သွားတယ်'

'ကြိုတင်ပြင်ဆင်မှုတွေ ကောင်းကောင်း လုပ်မထားဘူးထင်တယ်'

'လုပ်ပါတယ်ကွာ၊ ဝင်ခိုးရမယ့်အိမ်က ခွေးကြီးကို သုံးရက်တိတိ ယဉ်ပါးအောင် ငါကိုယ်တိုင် အစာကျွေးခဲ့တာ'

'ဒါဖြင့် ဘာမအောင်မြင်တာလဲ'

'အိမ်ထဲအရောက်မှာ ကြောင်ရဲ့အမြီးကို တက်နင်းမိတယ်လေ'

## သက်သေ

လူတစ်ဦး မိတ်ဆွေရှေ့နေထံ ရောက်ရှိလာပြီး အကူအညီ တောင်းသည်။

'ငါ ခရီးသွားစရာရှိလို့ မင်းဆီမှာ ကိုယ့်ရဲ့ငွေ ၁၀၀၀၀ဝိ/- အပ်ထားခဲ့ချင်တယ်၊ အိမ်မှာထားရင် မိန်းမက အကုန်သုံးလိုက်မှာ စိုးလို့'

'ရပါတယ်၊ မင်း စိတ်အေးရအောင် သက်သေနှစ်ဦးရဲ့ရှေ့မှာ မီးခံသေတ္တာထဲ ထည့်လိုက်မယ်'

သက်သေနှစ်ယောက် ရောက်လာသည်။ ယင်းသက်သေများ ရှေ့တွင်ပင် ငွေ ၁၀၀၀၀ဝိ/-ကို မီးခံသေတ္တာထဲ ထည့်လိုက်သည်။

နောက်တစ်လကြာသောအခါ ခရီးသွားရာမှ ပြန်ရောက်လာသူက သူငယ်ချင်းရှေ့နေရုံးခန်းရှိရာသို့ ရောက်လာသည်။

'သူငယ်ချင်း၊ ငါအပ်ထားတဲ့ငွေကို ပြန်ယူတော့မယ်'

'ဘာငွေလဲ၊ ဘာပိုက်ဆံလဲ၊ ဘယ်တုန်းက အပ်ထားလို့လဲ၊ မသိဘူး'

'မင်း မေ့သွားပြီလား၊ သက်သေနှစ်ဦး ရှေ့မှာ ငါ့ရဲ့ငွေ ၁၀၀၀၀ဝိ/-ကို မီးခံသေတ္တာထဲ မင်းထည့်ခဲ့တယ်လေကွာ'

'မဟုတ်တာကွာ၊ ကဲ ကဲ၊ အဲဒီသက်သေနှစ်ဦးဆိုတာကို ငါ ခေါ်လိုက်မယ်'

သက်သေနှစ်ဦး ရောက်လာသည်။ ၎င်းသက်သေနှစ်ဦးက မည်သည့်ငွေ မည်သည့်ပိုက်ဆံမှ မမြင်ခဲ့ရကြောင်း မီးခံသေတ္တာထဲ ထည့်လိုက်သည်ကိုလည်း မမြင်ခဲ့ရကြောင်း အခိုင်အမာ ပြောဆိုကြသည်။

သက်သေနှစ်ဦး ထွက်သွားသောအခါ ပိုက်ဆံအပ်ခဲ့သူက စိတ်ဆိုးစွာပြောသည်။

'ဒါဆိုပြီးရော၊ ငါ့ပိုက်ဆံကို ပြန်မပေးတဲ့နောက်တော့ မင်းကို သူငယ်ချင်းအဖြစ်က စွန့်လွှတ်ယုံပေါ့'

'စိတ်မဆိုးပါနဲ့ကွာ၊ ရော့ မင်းငွေ၊ ငါ လက်ဖျားနဲ့တောင် မတို့ဘူး၊ ရေတွက်ကြည့်ဦး'

'ဟေ၊ ဒါဖြင့်ရင် စောစောက ဘာဖြစ်လို့ ငါ့ကို အကြောင်ရိုက် ရတာလဲ'

'ဘယ်လိုသက်သေတွေနဲ့ ငါ အလုပ်လုပ်နေရတယ်ဆိုတာ မင်း သိစေချင်လို့ပါကွာ'

## နမူနာ

စုတ်ပြတ်နွံချာသော အဝတ်အစားများ ဝတ်ထားသည့်လူတစ်ဦး လမ်းသွားလမ်းလာများထံမှ ပိုက်ဆံတောင်းခံနေသည်။

သားနားခန့်ညားစွာ ဝတ်ဆင်ထားသော လူတစ်ဦး လျှောက်လာသည်။

'နောင်ကြီးရယ်၊ စားစရာမရှိလို့ စေတနာရှိသမျှ မစပါခင်ဗျား'

'မပေးနိုင်ပါဘူး၊ မင်းကို ငါးဒေါ်လာလောက် ပေးကြည့်၊ ချက်ချင်း အရက်သောက်ပစ်မှာ'

'ကျွန်တော် အရက်မသောက်တတ်ပါဘူး ခင်ဗျာ'

'မသောက်လဲ မင်းဖဲကစားပစ်မှာပေါ့'

'ကျွန်တော် အလောင်းအစား မလုပ်တတ်ပါဘူး ခင်ဗျား'

'အလောင်းအစားမလုပ်တတ်ရင် မကောင်းတဲ့မိန်းမဆီ သွားမှာပေါ့'

'ဒါလဲ ဝါသနာမပါပါဘူး ခင်ဗျာ'

သားနားခန့်ညားစွာ ဝတ်ဆင်ထားသော သူသည် တောင်းရမ်းနေသူအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

'အိုကေ၊ မင်းကို ငါးဒေါ်လာပေးမယ်၊ ဒါပေမယ့် မင်း ငါ့အိမ်ကို လိုက်ခဲ့ရမယ် ဘာအပျော်အပါးမှ မလိုက်စားတဲ့ယောကျ်ားတွေ ဘယ်လိုဖြစ်တတ်တယ်ဆိုတာ ငါ့မိန်းမကို ကိုယ်တိုင်မြင်အောင် တွေ့အောင် ပြချင်လို့ပါ'

## စိုးရိမ်ပေလို့သာပေါ့

'ကို ဟိုဒင်း ရှင့်ကို ကျွန်မ ကြောက်တယ်ရှင့်'

'ဘာဖြစ်လို့လဲ'

'ရှင် ကျွန်မကို အစမ္မကျင့်မှာ စိုးလို့ပေါ့'

'မဟုတ်တာဗျာ၊ ခင်ဗျားက ငါးထပ်တိုက်ပေါ်မှာ ကျွန်တော်က ပထမထပ်မှာ ရှိနေတဲ့ဥစ္စာ'

'ဒါဆို ကျွန်မ ဆင်းခဲ့မယ်လေ'

## အဖေကိုများ အားကိုးရင်

ဖခင်ဖြစ်သူ နယ်သို့ ခရီးထွက်နေခိုက် ဖြစ်သည်။ အမေဖြစ်သူ ညဥ့်နက်မှ အိမ်သို့ပြန်ရောက်လာသည်။ တစ်ကိုယ်လုံး အဝတ်အစား သစ်သစ်လွင်လွင်နှင့် ဖြစ်သည်။ ကလေးများက ဝမ်းသာကြည်နူးအားရ ဆီးကြိုပြောသည်။

'မေမေ ဒီနေ့ အရမ်းလှတာပဲ၊ အင်္ကျီအဝတ်အစားတွေကလည်း အပျံစား၊ နားကပ်ကလဲ အကောင်းစား၊ ဘာလဲ ဖေဖေ ဝယ်ပေးတာလားဟင်'

ကိုယ်လုံးပေါ်မှန်ရှေ့တွင် မိမိကိုယ်ကို အရသာခံကြည့်နေရင်းက အမေက ပြန်ပြောသည်။

'မင်းတို့အဖေ ဝယ်ပေးတယ်၊ ဟုတ်လား၊ အဟင်း၊ မင်းတို့ အဖေကိုများ အားကိုးရင် မင်းတို့တောင် လူ့ပြည်ထဲရောက်လာကြမှာ မဟုတ်ဘူး'

## မှားတာ

သူဌေးကြီး၏အိမ်တွင် တယ်လီဖုန်း မြည်လာသည်။ စာဖိုမှူးက တယ်လီဖုန်းကို ကောက်ကိုင်သည်။

'သူဌေးမင်းလား ခင်ဗျာ'

'ဟေ့ အခု ငါကလပ်ကနေ ဖုန်းဆက်နေတာ၊ ငါအိမ်ပြန်နောက်ကျမယ်လို့ ငါ့မိန်းမကို ပြောလိုက်စမ်း'

'သူအိပ်ခန်းထဲ ဝင်သွားတာ ကြာပြီ၊ အိပ်ပျော်နေလောက်ပြီလို့ ထင်ပါတယ်ခင်ဗျား'

'ကိစ္စမရှိဘူး၊ သွားသာ သွားပြောစမ်းပါ'

တယ်လီဖုန်းခွက်ထဲတွင် စာဖိုးမှူးထွက်သွားသံ၊ ပြန်ရောက်လာသံများ ကြားနေရသည်။

'သူဌေးမင်းခင်ဗျား၊ သူဌေးမင်း အမိန့်ရှိတဲ့အတိုင်း ကျွန်တော်သွားပြီး အစီရင်ခံပါတယ်၊ အခန်းထဲကနေ သူဌေးမင်းရဲ့ အသံမျိုးနဲ့ 'ထွက်သွား' လို့ ကျွန်တော့်ကို အော်ပါတယ်ခင်ဗျား'

'ဟေ ဟုတ်လား၊ ဒါဆိုရင် သေနတ်ယူပြီး ငါ့မိန်းမနဲ့အတူအိပ်နေတဲ့ငနဲကို ပစ်သတ်လိုက်'

တယ်လီဖုန်းခွက်ထဲတွင် သေနတ်ပစ်သံ၊ ပြေးလွှားသံများ ကြားရသည်။

'သူဌေးမင်းခင်ဗျား၊ သူဌေးမင်းပြောတဲ့အတိုင်း ကျွန်တော်လုပ်ပါတယ်၊ ဒါပေမယ့် အဲဒီအမျိုးသားဟာ အိပ်ခန်းပြတင်းပေါက်ကို ခုန်ကျော်ပြီး အိမ်နား ပန်းခြံကတစ်ဆင့် ထွက်ပြေးသွားပါတယ်ခင်ဗျား'

'ဟာ၊ ငါ့အိမ်နားမှာ ပန်းခြံမှ မရှိတာ'

'အဲဒါဆို လူကြီးမင်း ဖုန်းမှားဆက်တာ ဖြစ်ပါလိမ့်မယ်ခင်ဗျား'

## မဟူရာကား ဒရိုင်ဘာ

တက္ကစီအငှားကားပေါ်တွင် ဖြစ်သည်။

ခရီးသည်။ ကားရှေ့မှန်က ညစ်ပတ်လှချည်လား၊ နည်းနည်း သုတ်လိုက်ပါဦးလားဗျာ၊ ဒါမှ ရှေ့ကို ကောင်းကောင်း မြင်နိုင်ပြီး ယာဉ်အန္တရာယ်ကင်းကင်း မောင်းနိုင်မှာ ပေါ့။

ဒရိုင်ဘာ။ မှန်ကို စင်အောင်သုတ်လိုက်လဲ သိပ်တော့ ထူးမယ် မထင်ပါဘူးဗျာ၊ ကားကို မောင်းသာ မောင်းနေရတာ ကျွန်တော့် မျက်မှန်က အိမ်မှာ ကျန်ခဲ့လို့ဗျ။

## အကဲခတ်မှားသူ

ဘဏ်မှထွက်လာသော အမျိုးသမီးတစ်ဦး၏ အနီးသို့ လူငယ် တစ်ဦး ကပ်လာပြီး ပြောသည်။

လူငယ်။ ကျွန်တော့်ကို ပိုက်ဆံပေးပါ။

အမျိုးသမီး။ ကြည့်စမ်း၊ ငယ်ငယ်ရွယ်ရွယ် သန်သန်မာမာကြီးနဲ့ အလုပ်လုပ်စားမယ် စိတ်မကူးဘူး၊ မရှက်မကြောက် တောင်းရမ်းစား တယ်လို့။

လူငယ်။ ဒါ တောင်းစားနေတာ မဟုတ်ဘူး၊ ခင်ဗျားကို အနု ကြမ်းစီးနေတာ သိရဲ့လား။

## နဂိုအတိုင်း

တိရစ္ဆာန်များရောင်းသည့် ဆိုင်တစ်ခုရှေ့၌ ဖြစ်သည်။

'ကြမ်းပိုး ၂၇၆ ကောင်၊ ပိုးဟပ် ၅၂၄ ကောင်နဲ့ ကြွက်အကောင် ၃၀ လိုချင်ပါတယ်'

'ဘာလုပ်မလို့ပါလဲ ခင်ဗျား'

'အိမ်ရှင် အိမ်ငှား စာချုပ်ရက်စေ့သွားပြီလေ၊ စာချုပ်ထဲမှာ အိမ်ခန်းကို ပြန်အပ်ရင် နဂိုမူလအတိုင်း အခန်းကို ပြန်အပ်ရမယ် ဆိုတဲ့ စည်းကမ်းချက်ပါနေလို့ပါ'

## ကြည့်တတ်သူ

ဆိုင်တစ်ဆိုင်၏ ဆိုင်ရှင်က အလုပ်သမားတစ်ဦးအား သွန်သင် ညွှန်ကြားလျက်ရှိသည်။

'ဈေးဝယ်လာတဲ့သူတွေကို သေသေချာချာ ဂရုစိုက်ပါ၊ တချို့ မရိုးမသားတာတွေ ရှိတယ်၊ ဟောဟိုမှာ တွေ့လား၊ ဈေးဝယ်တစ်ယောက် ပစ္စည်း (၆)ခု ယူရမယ့်အစား (၇)ခု ယူနေပြီ'

'ကျွန်တော် မြင်ပါတယ်ခင်ဗျား၊ သူက (၈)ခုဖိုးငွေချေထားပြီးသားမို့ ကျွန်တော် ဘာမှမပြောဘဲ ကြည့်နေတာပါ'

## တရားခံပုံသဏ္ဍာန်

ညပိုင်းက အလှကုန်ပစ္စည်းများရောင်းသော ဆိုင်ကို သူခိုး ဝင်ခိုးသည်။ ခေါင်းလျှော်ရည်ကလွဲ၍ ဆိုင်ရှိ ပစ္စည်းအားလုံး ပါသွားသည်။ မှုခင်းရဲက ဤသို့ ကောက်ချက်ချသည်။

'သူခိုးဟာ ထိပ်ပြောင်နေတဲ့သူ ဖြစ်မယ်'

## ပြေးကြည့်တာထက်ကောင်း

'ဟေ့ ဂျွန်၊ နားထောင်စမ်း၊ ကယ်ပါယူပါဆိုပြီး အော်နေတဲ့ အသံတွေ မင်းကြားရဲ့ မဟုတ်လား၊ ဘာဖြစ်တယ်ဆိုတာ သိရအောင် တို့ သွားကြည့်ရင် ကောင်းမယ်ထင်တယ်'

'ဘာသွားစရာလိုလဲကွာ၊ မနက်ဖြန်ထွက်မယ့် ဂျာနယ် တစ်စောင် ဝယ်ဖတ်လိုက်ရင် တို့သွားကြည့်တာထက်တောင် အပြည့်အစုံ ပါနေတာကို ဖတ်ရဦးမယ်'

## အလျှောက်ကောင်း အထောင်းသက်သာ

တရားသူကြီးက တရားခံကို မေးသည်။

'ခင်ဗျားလို လူကြီးလူကောင်းတစ်ယောက်က ကိုယ့်မိန်းမကို ကိုယ်ထိလက်ရောက် ထိုးကြိတ်ရိုက်နှက်တယ်ဆိုတာ ကျွန်တော်ဖြင့် မယုံကြည်နိုင်အောင် ဖြစ်နေမိတယ်'

'တစ်ချိန်လုံး ကျွန်တော့်ကို သူဆဲနေတဲ့အတွက် မခံမရပ်နိုင်လွန်းလို့ ပေါက်ကွဲပြီး ထိုးကြိတ်ရိုက်နှက်မိတာပါ'

'ဘယ်လို မခံမရပ်နိုင်ဖြစ်လွန်းလို့ ပေါက်ကွဲရတာပါလဲ'

'ရှင် ကျွန်မအသား ထိရဲထိကြည့်၊ သံချိုင်းဘက်ခြေတစ်ဖက်နင်းနေတဲ့ ဟိုတရားသူကြီး အစုတ်ပလုပ်ဆီကို ဆွဲခေါ်သွားပြမယ်လို့ သူက ပြောတာပါ'

ထို့နောက်

'ဒီအမှုကို ပိတ်လိုက်'

## သော့ဝိဇ္ဇာ

ဖောက်ထွင်းမှုဖြင့် သေဒဏ်ချမှတ်ခြင်းခံရတော့မည့် ဖောက်ထွင်း ဝိဇ္ဇာထံသို့ ခရစ်ယာန်ဘုန်းတော်ကြီး ရောက်ရှိလာသည်။

ဘုန်းတော်ကြီး။ 'သားတော် ကောင်းကင်ဘုံတံခါးကြီး ပိတ်မနေရအောင် ကိုယ့်ရဲ့ နောက်ဆုံးအချိန်မှာ အပြစ်တွေအားလုံးအတွက် ဘုရားသခင်ကို ဝန်ချတောင်းပန်လိုက်ပါ'

ဖောက်ထွင်းဝိဇ္ဇာ။ 'ကျုပ် ဖွင့်လို့မရတဲ့တံခါး ဒီနေ့ထိ မရှိသေးဘူးခင်ဗျ'

## တစ်လက်စတည်း

အိမ်ရှင်များ အလုပ်သွားနေခိုက် ဖောက်ထွင်းသမားတစ်စု မောင်းနှင်သော ကားတစ်စီးသည် အဆိုပါအိမ်ရှေ့သို့ ထိုးစိုက်လာသည်။ ကားပေါ်မှဆင်းကာ နေအိမ်တံခါးကိုဖွင့်၍ အတွင်းမှ တီဗွီတစ်လုံးနှင့် ရေခဲသေတ္တာတစ်လုံး ထုတ်ယူလာကြသည်။

ဤအဖြစ်အပျက်ကို မြင်သော အိမ်နီးချင်းတစ်ဦးသည် ဖောက်ထွင်းသမားများအနီးသို့ အပြေးရောက်ရှိလာကာ

'ဘာလုပ်ကြတာလဲ' ဟု မေးသည်။ ဖောက်ထွင်းသမားများက အိမ်ရှင်က မှာထားသောကြောင့် ပြင်ပေးရန်လာယူခြင်းဖြစ်ကြောင်း ပြောရာ အဆိုပါ အိမ်နီးချင်းပုဂ္ဂိုလ်က ဤသို့ ပြန်ပြောလေသည်။

'ဒီလိုဆို တစ်လက်စတည်း ကျွန်မ တီဗွီနဲ့ ရေခဲသေတ္တာပါ ပြင်ပေးဖို့ ပေးလိုက်ပါရစေရှင်'

## ဘာပြောချင်သေးလဲ

ဘာသာရေးတရားဟောဆရာတစ်ဦးသည် မိမိခြံထဲရှိ သီးပင်စားပင်များ သူခိုး၏ ဘေးရန်မှ ကာကွယ်ရန်အလို့ငှာ တိုင်မြင့်မြင့်ပေါ်တွင် 'ဘုရားသခင်က အားလုံးကိုမြင်သည်' ဟူ၍ စာတမ်းချိတ်ဆွဲထားသည်။

နောက်တစ်နေ့တွင် စာတမ်းအောက်၌ 'သို့သော်၊ လက်ထောက်မချတတ်ပါ' ဟူသော စာသားများ ထပ်ဖြည့်ထားသည်ကို တွေ့လိုက်ရသည်။

## အတု အတုချင်း

သွားဆရာဝန်အား ငွေအတုများပေးချေသည့်အတွက် ငွေပေးသူအား တရားရုံးက စစ်ဆေးသည်။ ထိုအခါ ငွေပေးသူက-

'သူ ကျွန်တော့်ကို စိုက်ပေးတဲ့သွားကလဲ အတုပဲဥစ္စာ'

## ပိုင်ဆိုင်လိုမှု

'ဘာအတွက်များ ခင်ဗျားတို့ ခြောက်နှစ်ကျော်ကြာအောင် အမှုဆိုင်နေကြရတာလဲ'

'အမျိုးကောင်း ခွေးတစ်ကောင်ကို သူပိုင်သင့်တယ်၊ ငါပိုင်သင့်တယ်ဆိုတာနဲ့ ပတ်သက်ပြီး အငြင်းပွားနေကြလို့ပါ၊ ရှေ့နေစရိတ် ရုံးစရိတ်တွေ နှစ်ဖက်စလုံး ဒေါ်လာသုံးသောင်းကျော်စီ ကုန်နေကြပါပြီ'

'ခွေးကိုကော ဘယ်သူရမယ်လို့ ခင်ဗျားထင်သလဲ'

'ဘယ်သူမှရမှာ မဟုတ်ပါဘူး၊ ခွေးသေတာပဲ လေးနှစ်လောက်ရှိနေပြီ'

## သေချင်သေ

ပင်စင်စားသူငယ်ချင်းနှစ်ယောက် တွေ့ကြသည်။

'မင်းဟာ အသက် ၆၀ ပြည့်နေပြီ၊ မိန်းမ ယူဦးမယ်ဆိုရင်လည်း ယူချင် ယူ၊ အသက် ၅၀ အရွယ် မိန်းမတစ်ယောက်ကို ဆေးပေး မီးယူအဖြစ် ရှာသင့်ပါလျက်နဲ့ အခုတော့ အသက် ၁၈ နှစ်သမီး အရွယ်ကို ယူတယ်ဆိုတော့ ကိုယ့်ဟာကိုယ် ကြိုးဆွဲချသေသလို ဖြစ်နေမယ်'

'မင်း ဘာနားလည်လို့လဲ၊ သံချေးတက်နေတဲ့လွှထက် အထက်ဆုံး သံမဏိဓားနဲ့ သေရတာက ပိုကောင်းတယ်ကွ'

## ဘဝတူချင်း

ထောင်ထဲတွင်ဖြစ်သည်။ နာရီသူခိုးနှင့် နွားသူခိုး နောက်ပြောင်ပြောဆိုလျက်ရှိသည်။

နွားသူခိုး။ ဟေ့ကောင်၊ ဘယ်နှစ်နာရီရှိပြီလဲ။

နာရီသူခိုး။ ဘယ်နှစ်နာရီဆိုတာတော့ အတိအကျ မသိဘူး၊ ဒါပေမယ့် နွားနို့ညှစ်ချိန်တော့ ရောက်ပြီထင်တယ်။

## လုံခြုံရာနေရာ

လူငယ်တစ်ဦး ရဲစခန်းရှိရာသို့ အမောတကော ပြေးဝင်လာပြီး ပြောသည်။

လူငယ်။ ‘ကျွန်တော့်ကို စခန်းမှာ ခုချက်ချင်းပဲ ချုပ်ထားပါ ခင်ဗျား၊ ခရစ်စမတ်ပွဲတော်အတွက် ဝယ်လာတဲ့ ငန်းကြီးနဲ့ ယောက္ခမဦးခေါင်းကို ကျွန်တော် ထုခဲ့မိလို့ပါ’

ရဲ။ ဘာလဲ၊ ခင်ဗျားယောက္ခမ သေပြီလား’

လူငယ်။ ‘မသေလို့ ကျွန်တော့်ကို အမြန်ဆုံးချုပ်ထားပေးဖို့ လာတောင်းပန်နေတာပေါ့ဗျား’

## ဒီလိုမှန်းသိရင်

ဆရာဝန်မတစ်ဦးထံ ၁၇ နှစ်အရွယ် မိန်းကလေး လာရောက်ဆေးစစ်ခံသည်။ စစ်ဆေးမှုပြုပြီးနောက် မိန်းကလေးငယ်တွင် ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်း ဆရာဝန်မက ပြောပြသည်။ မိန်းကလေးက ဝမ်းနည်းပက်လက် ငိုသည်။

‘အဟင့် အဟင့်၊ ဒီလိုသာဖြစ်မယ်မှန်းသိရင် အဲဒီနေ့က မိုက်ကယ်နဲ့ အိမ်မှာ မနေရစ်ခဲ့ပါဘူး၊ ဖေဖေ မေမေတို့နဲ့အတူ ရုပ်ရှင်လိုက်သွားပါတယ်’

‘လိုက်သွားဖို့ကောင်းတာပေါ့၊ ဘာဖြစ်လို့ လိုက်မသွားလဲ’

‘ဖေဖေပေါ့၊ သူတို့သွားကြည့်တဲ့ ရုပ်ရှင်က အသက် (၁၈) နှစ်အောက် မကြည့်ရတဲ့ ရုပ်ရှင်တဲ့’

## စိတ်ဖြင့်ရိုက်သူ

'ဘယ်လိုလဲ၊ ရှင့်ယောကျ်ား ရှင့်ကို မရိုက်တော့ဘူး မဟုတ်လား၊ ဟိုတစ်ခါ တရားသူကြီးက သူ့ကို ဒဏ်ငွေ ၅၀ ရိုက်လိုက်လို့ မှတ်သွားပြီထင်တယ်'

'ဟုတ်လောက်တယ်၊ အဲဒီကတည်းက လက်ဖျားနဲ့တောင် သူမတို့ဘူး၊ ဒါပေမယ့် ထူးဆန်းတဲ့အကျင့်တစ်ခုတော့ လုပ်လာတယ်၊ အလုပ်က ပြန်ရောက်ပြီဆိုရင် ကျွန်မကို သူ စူးစူးဝါးဝါး စားတော့ ဝါးတော့မတတ် ကြည့်တယ်၊ ပြီးရင် စုဘူးထဲ ငွေ ၅၀ ထည့်တော့တာပဲ'

## ကြမ္မာငင်တဲ့သူခိုး

'မနေ့ညက အိမ်ကို သူခိုးဝင်တယ်'

'ဟုတ်လား၊ တစ်ခုခုပါသွားသေးလား'

'ခိုးချိန်မရလိုက်ဘူးနဲ့တူတယ်'

'အခု သူ ဆေးရုံကိုရောက်နေပြီ'

'အိမ်က မိန်းမက ငါ အချိန်မတော်ပြန်လာတယ်ထင်လို့'

## လောဘကြီးမိလို့

ထောင်ကျတစ်ယောက်က ၎င်းအကြောင်းကို ကျန်ထောင်သားများအား ပြောပြသည်မှာ-

'လောဘကို မသတ်နိုင်လို့ အခုလို ငါထောင်ကျရတာပါ။ တစ်နေ့ညနေခင်း လမ်းလျှောက်လာတဲ့ လူကြီးတစ်ယောက်ကို ခြောက်လုံးပြူးနဲ့ တွေ့ပြီး 'ပါတာအကုန်ထုတ်' လို့ အမိန့်ပေးတယ်၊ သူကလဲ ပါသမျှ အကုန်ထုတ်ပေးရှာပါတယ်၊ ဒီလိုထုတ်ပေးပြီးမှ ခြောက်လုံးပြူးကို ကြည့်ပြီး 'ကျုပ်ကိုရောင်းပါလား၊ အခုပဲ ချက်လက်မှတ်ရေးပေးလိုက်မယ်' လို့ သူက ပြောတယ်လေ'

'ဒါနဲ့ပဲ သူ့ဆီက ချက်လက်မှတ်ရတဲ့အတွက် ခြောက်လုံးပြူးကို သူ့လက်ထဲအပ်ပြီးချိန်ရောက်မှ ငါမှားမှန်း သိရတော့တယ်'

'အဲဒါ လောဘကို အတောမသတ်နိုင်လို့ နောက်ဆုံး ထောင်နန်းစံလိုက်ရတာပဲ'

## တစ်ဆက်တည်း တွက်ကြည့်ပေးပါ

ဗေဒင်လာမေးသော အမျိုးသမီးကို ဗေဒင်ဆရာမက တွက်ချက်ပြီး ဟောသည်။

ဗေဒင်ဆရာမ။ 'ပြောရမှာ စိတ်မကောင်းစရာပဲ၊ ရှင်မကြာခင် မုဆိုးမဖြစ်တော့မယ်၊ ရှင့်ယောက်ျားကို တစ်ယောက်ယောက်က ရက်ရက်စက်စက် သတ်လိမ့်မယ်'

အမျိုးသမီး။ 'ဒီလိုဆို တစ်ဆက်တည်း ဆက်ပြီး တွက်ကြည့်ပါဦး၊ အဲဒီ လူသတ်မှုက ကျွန်မ လွတ်နိုင်ပါ့မလားလို့'

## ကိုသက်ရှည်

သက်ရှည်နုပျိုဆေး လိုက်လံရောင်းချနေသူတစ်ဦးအား ရဲက ဖမ်းဆီး၍ တရားစွဲရာတွင် အဆိုပါဆေးပြားရောင်းသူ၏ ကိုယ်ရေးရာဇဝင်ကို ရေးဖြည့်ရလေသည်။ အဆိုပါ ရေးဖြည့်ချက်တွင် တရားစွဲခံရသူသည် အလားတူ အမှုမျိုးနှင့် တရားစွဲခံခဲ့ရသည်မှာ ၁၇၇၈ ခုနှစ်က တစ်ကြိမ်၊ ၁၈၂၉ ခုနှစ်က တစ်ကြိမ်၊ ၁၉၀၄ ခုနှစ်က တစ်ကြိမ် ရှိခဲ့သည် ဟူ၏။

## ဖြေရခက်ကြီး

| | |
|---|---|
| ဇနီး။ | ဒါလင်၊ ကျွန်မ သေရင် ရှင် နောက်အိမ်ထောင်ပြုမှာလားဟင်။ |
| ခင်ပွန်း။ | မင်းမေးခွန်းက ဖြေရခက်လှပါတယ်။ |
| ဇနီး။ | ဘာခက်စရာရှိလို့လဲ ဒါလင်ရဲ့။ |
| ခင်ပွန်း။ | ကိုယ်က နောက်အိမ်ထောင်ပြုမယ်ဆိုရင် မင်းက ကိုယ့်ကို စိတ်ဆိုးမယ်၊ မပြုဘူးဆိုပြန်ရင်လဲ ဟိုတစ်ယောက်က ကိုယ့်ကို စိတ်ဆိုးမယ်။ |

## မှတ်ထားလိုက်မိတာ

ကားတိုက်ခံရ၍ ဒေါသထွက်နေသော အမျိုးသမီးကြီးတစ်ဦး ကို ယာဉ်ထိန်းရဲက မေးသည်။

ယာဉ်ထိန်းရဲ။ အစ်မကြီးကို တိုက်သွားတဲ့ ကားနံပါတ်ကို မှတ်မိလိုက်သလား။

အမျိုးသမီးကြီး။ ဘယ်မှတ်လိုက်နိုင်မှာတုံး၊ အဲ မောင်းတဲ့သူက တော့ ခေါင်းမှာ တရုတ်ပြည် ရှန်ဟဲကလုပ်တဲ့ ပိုးပဝါအနီစ စည်းထားတဲ့ မိန်းမတစ်ယောက် ဖြစ်တယ်ဆိုတာရယ်၊ သူ့အပေါ်အင်္ကျီက ပြင်သစ် ကုန်တိုက်ကြီးတွေမှာရောင်းတဲ့ သားမွေးအင်္ကျီ ဖြစ်တယ် ဆိုတာရယ်၊ သူ့လက်သည်းမှာ ဆိုး ထားတဲ့ လက်သည်း ဆိုးဆေးက ယူကေလုပ် သပြေရင့်ရောင်ဖြစ်တယ် ဆိုတာရယ်လောက်ပဲ မှတ်မိလိုက်တယ်။

## အတူတူပဲ

ရုပ်ရည်ချောမောသော လူဆိုးတစ်ယောက် အိမ်ထဲသို့ ဖောက် ထွင်းဝင်ရောက်လာသည်။ အသက်ငယ်ရွယ်၍ မုဆိုးမဖြစ်နေသော မိန်းမချောနှင့် ပက်ပင်းတွေ့သည်။

လူဆိုး။ ဘာမှ မစိုးရိမ်ပါနဲ့ဗျာ၊ ကျွန်တော် လူကို ဒုက္ခပေး ဖို့လာတာ မဟုတ်ပါဘူး၊ ငွေလိုချင်တာသက်သက်ပါ။

မိန်းမချော။ အို ရှင် အခုထွက်သွား၊ ရှင်လဲ အတူတူပဲ၊ တခြား ယောကျ်ားတွေလိုပဲ ငွေပဲ လိုချင်နေတာ။

## ကြောင်ထားခဲ့တဲ့ ငွေ ၅၀၀

ရာဘင်သည် ဂျူးလူမျိုးများဝတ်ပြုသော ကျောင်းသို့ ရောက်ရှိလာကာ မိမိမွေးထားသော ကြောင်သေသွားသဖြင့် ကျောင်းဝင်းအတွင်း မြှုပ်နှံပေးပါရန် ကြောင်ထိန်းသိမ်းရေးတာဝန်ခံ ဘာသာရေးတရားဟောဆရာထံ မေတ္တာရပ်ခံသည်။ ထိုအခါ တရားဟောဆရာက ခါးခါးသီးသီး ငြင်းသည်။

တရားဟောဆရာ။ မြင့်မြတ်တဲ့မြေမှာ ညစ်ပတ်တဲ့ မင်းရဲ့ကြောင်ကို မြှုပ်ပေးရမယ် ဟုတ်လား၊ မဖြစ်နိုင်တာ လာမပြောပါနဲ့၊ လုံးဝ မမြှုပ်ပေးနိုင်ဘူး။

ရာဘင်။ ဒီလိုဆို သေတမ်းစာအရ ဆရာ့အတွက် ကြောင်က ထားခဲ့တဲ့ ဒေါ်လာ ၅၀၀ ကို ကျွန်တော်ပေးလို့ရမှာ မဟုတ်တော့ဘူး။

တရားဟောဆရာ။ ဟေ မင်းက စိတ်တိုရန်ကော၊ သေသူကြောင်ဟာ ဂျူးဖြစ်တယ်ဆိုတာ စောစောက ပြောရောပေါ့ကွာ။

## အဖေ

ထူးခြားသော ဂြိုလ်နက္ခတ်များ ပူးချိန်တွင် သားယောကျ်ားကလေးတစ်ဦး မွေးသည်။ ငါးနှစ်သားအရွယ်ရောက်သည့်အထိ စကားကို ပြောဆိုခြင်း မရှိသဖြင့် ပယောဂဆရာတစ်ဦးကိုပင့်၍ ကြည့်ကြသည်။

'စိတ်မပူကြပါနဲ့၊ မကြာမီ ဒီကလေး စကားစပြောလာမှာပါ၊ တစ်ခုတော့ရှိတယ်၊ သူစတင်ခေါ်လိုက်တဲ့ နာမည်ရှင်သုံးဦးကတော့ အသက်ရှင်ဖို့လမ်း မမြင်ဘူး' ဟု ပယောဂဆရာက ပြောသည်။

မကြာမီ ကလေးသည် 'အဘိုး' ဟု ပထမအကြိမ် ခေါ်သည်။ ထိုနေ့မှာပင် အဘိုး ကွယ်လွန်သည်။ ထို့နောက် တစ်ဖန် 'အဘွား' ဟု ဒုတိယအကြိမ် ခေါ်သည်။ ထိုနေ့မှာပင် အဘွား ဆုံးသည်။

တစ်နေ့သော် မိန်းမလုပ်သူက လင်ယောကျ်ားအား 'ရှင်ကလေးနဲ့ ခဏနေလိုက်ဦး၊ ကျွန်မ ဈေးသွားလိုက်ဦးမယ်' ဟု ပြောဆို ထွက်သွားသည်။ မိန်းမထွက်သွားပြီး မကြာမီ ကလေးက 'အဖေ' ဟု ခေါ်သည်။

အဖေလုပ်သူသည် ကိုယ်လက်သုတ်သင်ကာ ခုတင်ပေါ် လှဲရင်း သေရန်ပြင်သည်။ ထိုအချိန်တွင် မိန်းမ ဈေးကပြန်ရောက်လာသည်။

'ရှင် ဘာဖြစ်လို့ ခုတင်ပေါ် လှဲနေရတာလဲ၊ ထထ ဘေးအိမ်က တော်မီ ခုပဲ သေတယ်၊ အသုဘသတင်းမေး သွားကြရအောင်'

## သဘာဝမကျတာကြောင့်

တရားသူကြီး။ ဒီဝရမ်းပြေးကို ကျုပ်တို့ရှာနေတာ (၂)နှစ် ရှိပြီ ဖမ်းလို့ကို မမိခဲ့ဘူး၊ ခင်ဗျား ဘယ်လိုနည်းနဲ့များ ဖမ်းလိုက်နိုင်သလဲ။

ရဲ။ ကျွန်တော်လည်း အမျိုးသမီးတစ်ဦးဟာ နောက်ဆုံးခေတ်ပေါ် အထည်အဆင်ဆန်းတွေ ရောင်းတဲ့ဆိုင် သုံးလေးဆိုင်ရှေ့က ဖြတ်သွားနေတာကို သတိထားမိပြီး ဒီအမျိုးသမီးဟာ အဲဒီ အဆင်ဆန်း အထည်ဆိုင်တွေကို တစ်ချက်ကလေးတောင် ငဲ့ကြည့်တာမျိုး မရှိခဲ့ပါဘူး၊ ဒါကြောင့် သင်္ကာမကင်းဖြစ်ပြီး ဖမ်းလိုက်တဲ့အတွက် အမျိုးသမီးယောင်ဆောင်ထားတဲ့ ဝရမ်း ပြေးကို မိလိုက်နိုင်တာ ဖြစ်ပါတယ်။

## အပတ်တိုင်းရချင်သူ

မိတ်ဆွေနှစ်ယောက် လမ်းတွင်တွေ့၍ အပြန်အလှန် စကား ပြောကြသည်။

'ခင်ဗျားကြည့်ရတာ မျက်နှာလဲမကောင်းပါလား၊ ဘာဖြစ် လို့လဲ'

'လွန်ခဲ့တဲ့ သုံးပတ်က ကျွန်တော့်အဘိုး ဆုံးတယ်၊ အဲဒါ အဘိုးက ကျွန်တော့်အတွက် အမွေအဖြစ် ဒေါ်လာသုံးသောင်း ထား ခဲ့တယ်'

'ဒေါ်လာသုံးသောင်းဆိုတာ မနည်းပါလား'

'လွန်ခဲ့တဲ့ နှစ်ပတ်က အဒေါ်ဆုံးတယ်၊ ကျွန်တော့်အတွက် ဒေါ်လာတစ်သောင်း ထားခဲ့တယ်'

'ဟန်ကျလှချည်လား၊ ဒါနဲ့တောင် မျက်နှာမသာမယာဖြစ်ရ သလားဗျာ'

'ခင်ဗျားပဲ စဉ်းစားကြည့်ပေါ့ဗျာ၊ ပြီးခဲ့တဲ့အပတ်က ကျွန်တော် ဘယ်ကမှ တစ်ပြားမှမရဘူး'

## ဆရာဝန်မရောက်မီ

'လူတစ်ယောက် ရုတ်တရက် အသည်းအသန်ဖြစ်နေတယ်ဆိုပါစို့၊ ဆရာဝန်မရောက်မီ ဘာလုပ်ထားရမလဲ'

'သေတမ်းစာ အမြန်ရေးခိုင်းထားရမှာပေါ့'

## တံခါးစောင့်

ထောင်အမှုထမ်းက အကျဉ်းသားသစ်ကို ပြောသည်။

"ဒီထောင်က စံပြထောင်၊ ဒီထောင်ကို ရောက်လာတဲ့ အကျဉ်းသားမှန်သမျှ အရင်က အပြင်မှာ လုပ်ခဲ့ဖူးတဲ့ အလုပ်တွေကို ဆက်လုပ်ခွင့်ရှိတယ်၊ ကဲ ပြော၊ မင်း အပြင်မှာ ဘာအလုပ်လုပ်ခဲ့သလဲ'

'ကျွန်တော် တံခါးစောင့်လုပ်ခဲ့ပါတယ်'

## တရားခံအစစ်

လင်မယားနှစ်ယောက်နှင့် ချောမောလှပသော အမျိုးသမီးငယ် တစ်ဦး ဓာတ်လှေကား အတူစီးလာကြသည်။ လှပသော အမျိုးသမီး ငယ်ကို ယောကျ်ားကြီးက ငမ်းလျက်ရှိနေရာ မမျှော်လင့်ဘဲ အမျိုးသမီးငယ် တုန်ခါသွားသည်။ ရုတ်ချည်းဆိုသလို အမျိုးသမီးငယ်သည် ရှေ့သို့ ခြေတစ်လှမ်းတိုးကာ နောက်သို့ပြန်လှည့်ပြီး ယောကျ်ားကြီး၏ ပါးကို ရိုက်ချလိုက်သည်။

'သူများသားသမီးကို ဖင်ဆိတ်ချင်ဦး'

ထို့နောက် စတုတ္ထအထပ်ရောက်တွင် အမျိုးသမီးငယ် ထွက်သွား သည်။ ဓာတ်လှေကား ဆက်လက်၍ မောင်းတက်လာစဉ် ယောကျ်ား ကြီးက ၎င်းပါးကို ပွတ်ရင်း

'ဒီလို ငါမလုပ်ရပါဘူးကွာ၊ မင်း ယုံပါ' ဟု ၎င်း၏ဇနီးကို ပြောသည်။ ထိုအခါ ၎င်း၏ဇနီးက ဤသို့ပြောသည်။

'ရှင် မဆိတ်ဘူးဆိုတာ ကျွန်မ အသိဆုံးပါတော်'

## လူပိုနေလို့

ရဲစခန်းတွင် တယ်လီဖုန်းသံ မြည်လာသည်။

'ဟဲလို ရဲစခန်းကလား၊ ကျွန်မ မစ္စစ်ဂျုံး စကားပြောနေပါ တယ်၊ အခု ကျွန်မတို့အိမ်ခန်းထဲမှာ လူစိမ်းယောကျ်ားနှစ်ယောက် ရောက်နေပါတယ်၊ အဲဒါ တစ်ယောက်ကို မောင်းထုတ်ပေးဖို့အတွက် ရဲသားကို လွှတ်ပေးပါရှင်'

## ဖို့ကားရှင်

သေတမ်းစာရေးနေသော ဝတ်လုံတော်ရမင်းကို အသည်းအသန် နာမကျန်းဖြစ်နေသော လူနာက ၎င်း၏ နောက်ဆုံးဆန္ဒကိုလည်း ရေးရန် ပြောသည်။ ၎င်းသေလျှင် ၎င်း၏ကားကို ၎င်းနှင့်အတူ မြှုပ်နှံရန် ဖြစ်သည်။

ရှေ့နေရော အမျိုးများကပါ အဓိပ္ပာယ်မရှိကြောင်း ဖျောင်းဖျသည်။ လူနာက လက်မလျှော့။ နောက်ဆုံးတွင် လူနာက အကြောင်းရင်းကို ဤသို့ရှင်းသည်။

'သိချင်ကြလွန်းတယ်ဆိုလို့ ပြောပြလိုက်ပါမယ်၊ ကျုပ်ရဲ့ဘဝ တစ်လျှောက်လုံးမှာ ဘယ်ချိုင့်၊ ဘယ်ချောက်ထဲပဲကျကျ ကျုပ်ရဲ့ 'ဖို့' ကားနဲ့ အပေါ်ကို ပြန်တက်နိုင်ခဲ့တာချည်းပဲ'

## အတူတူပဲ

စားပွဲထိုး။ မိတ်ဆွေပေးတဲ့ပိုက်ဆံက အတုဖြစ်နေပါတယ်။

စားသုံးသူ။ အခု ကျုပ်သောက်နေတဲ့ ဝီစကီကကော အစစ်လား ဟင်။

## အကြောင်းသိမို့

'သူငယ်ချင်း၊ မင်းရဲ့ ကွာရှင်းခွင့်ကိစ္စ ပြီးသွားပြီလား'

'အေး၊ အံ့ဩစရာကောင်းလောက်အောင်ကို လွယ်လွယ်ကူကူနဲ့ ပြီးသွားတယ်၊ ကွာရှင်းခွင့် လျှောက်လွှာကို ကမ်းပေးရုံရှိသေးတယ်၊ တရားသူကြီးက ချက်ချင်း လက်မှတ်ထိုးပေးတယ်ကွာ'

'မင်းဇနီးမပါဘဲနဲ့ တရားရုံးက လက်မှတ်ထိုးပေးလိုက်တာလား'

'ဟုတ်တယ်၊ ငါလဲ ပထမတော့ အတော်အံ့ဩသွားတယ်၊ နောက်မှသိရတာက တရားသူကြီးက သူ့ရဲ့ပထမယောက်ျားဆိုပဲ'

### ခဏ

ဖောက်ထွင်းရေးသမားတစ်ဦးက ၎င်း၏ လုပ်ဖော်ကိုင်ဖက် တစ်ဦးကို ပြောသည်။

'သူငယ်ချင်း ဘဏ်တိုက်ပိတ်ချိန်အထိ ငွေတစ်ထောင် ခဏချေးပါလား'

## မှတ်မိပါတယ်

ဒေါသတကြီးနှင့် အမျိုးသမီးတစ်ယောက်သည် တရားရုံးသို့ ရောက်ရှိလာပြီး ၎င်းယောကျ်ားနှင့် ကွာရှင်းခွင့်တောင်းသည်။

'ကျွန်မယောကျ်ားဟာ မြင်းလောင်းတာကလွဲလို့ တခြားဘာမှ မလုပ်ဘူး၊ တစ်ချိန်လုံးလိုလို မြင်းလောင်းဖို့ပဲ စဉ်းစားနေပါတယ် သူ့ခေါင်းထဲမှာလဲ မြင်းလောင်းဖို့ကလွဲလို့ တခြား ဘာမှ မရှိပါဘူး၊ ကျွန်မတို့ လက်ထပ်တဲ့ရက်ကို သူ့မေးကြည့်ပါ၊ သူမှတ်မိမှာတောင် မဟုတ်ဘူး'

'သူ အလကားပြောနေတာပါ တရားသူကြီးမင်းခင်ဗျား သူနဲ့ကျွန်တော် လက်ထပ်တဲ့ရက်ကို ကောင်းကောင်းမှတ်မိနေပါတယ်၊ အဲဒီနေ့က ကင်ဘတ်ကီးမြင်းပွဲမှာ ထွန်းတီးဂရင်းဆိုတဲ့မြင်း အနိုင်ရတဲ့နေ့ပါခင်ဗျား'

## အလားတူအပင်မျိုးရဦးမလား

ဆီဇာဂိုဆိုသူသည် သူငယ်ချင်းတစ်ယောက်ကို လူတစ်ယောက် အကြောင်း ပြောပြလျက်ရှိသည်။ ထိုသူမှာ သူ၏ဇနီးဖြစ်သူက ခြံထဲရှိသဖန်းပင်တွင် ဆွဲကြိုးချ၍ သတ်သေသွားသဖြင့် ဝမ်းနည်း ပူဆွေးနေကြောင်းကို ပြောပြနေခြင်းဖြစ်သည်။ ထိုအခါ ဆီဇာဂို၏ သူငယ်ချင်းက ဤသို့ မေးလိုက်သည်။

'ဒီလိုဆိုရင် အဲဒီလိုအပင်မျိုး ရနိုင်ဦးမလား၊ ကျွန်တော့်ခြံထဲမှာလဲ စိုက်လိုက်ချင်လို့'

# လက်ပူးလက်ကြပ် မမိသေးလို့

ကွမ်ဘီဆိုသော ထင်ရှားကျော်ကြားသည့် ရှေ့နေတစ်ယောက်သည် ထောင်ကျမည့်အနေအထားမှ ၎င်းအမှုလိုက်ပေးခဲ့မှုကြောင့် လွတ်မြောက်သွားသော လွန်စွာမှ ချောမောလှပသည့် အမျိုးသမီးတစ်ဦးကို လက်ထပ်ယူလိုက်သည်။ ထိုသို့ လက်ထပ်အပြီး တစ်နှစ်ခန့်အကြာတွင် မိန်းမအပေါ် သင်္ကာမကင်းဖြစ်လာသည်။ နောက်ကွယ်တွင် ဖောက်ပြန်နေသည်ဟု ထင်လာသည်။ တစ်နေ့တွင် အမှုကိစ္စတစ်ခုအတွက် ခရီးထွက်ရန်ရှိလာရာ မိတ်ဆွေရှေ့နေတစ်ယောက်ကိုခေါ်၍ ၎င်းမိန်းမအကြောင်း ပြောပြီး ၎င်းမရှိခိုက် စောင့်ကြည့်ရန်မှာထားလေသည်။

ခရီးထွက်ရာမှ ပြန်ရောက်သောအခါ သူငယ်ချင်းရှေ့နေဖြစ်သူကို တွေ့ပြီး ၎င်းမိန်းမအကြောင်းကို မေးမြန်းသည်။ မိတ်ဆွေရှေ့နေက ၎င်းသိသမျှကို ပြောပြသည်။

'မင်းထွက်သွားတဲ့ညကပဲပေါ့ကွာ၊ သားသားနားနား ရုပ်ဖြောင့်ဖြောင့် ငနဲတစ်ကောင်က မင်းမိန်းမဆီ ရောက်လာပြီး သူတို့အတူတူ ညကလပ်တစ်ခုဆီ သွားကြတယ်ကွ၊ ဒါနဲ့ ငါလဲ နောက်ကလိုက်သွားတော့ ညကလပ်မှာ သူတို့နှစ်ယောက် တွဲကတာကိုတွေ့ရတယ် မနက်သုံးနာရီလောက်ကျတော့ အငှားကားတစ်စီးရဲ့နောက်ဘက်မှာ နှစ်ယောက်သား ဖက်ပြီး ထွက်သွားကြတယ်လေ၊ မင်း အိမ်ရောက်တော့ သူတို့နှစ်ယောက်သား နမ်းရှုပ်နေတာကိုပြတင်းပေါက်ကနေ အတိုင်းသား မြင်နေရတယ်၊ ပြီးတော့ကွာအခန်းထဲကို နှစ်ယောက်သား ဝင်သွားကြတယ်၊ နောက်တော့မီးပိတ်လိုက်တာနဲ့ ငါလဲ ဘာမှ မမြင်ရတော့ဘူး'

'တောက်၊ နာတာပဲကွာ၊ အမြဲတမ်း မသင်္ကာဖြစ်စရာပဲတွေ့တွေ့နေရတယ်၊ ဘယ်တော့မှ လက်ဆုပ်လက်ကိုင်ကို မမိဘူး' ဟု ကွမ်ဘီရေရွတ်လေသည်။

## ပြန် ပြန်လာလို့

အမျိုးသမီးတစ်ယောက်သည် သူ့သားသမီး ၁၄ ယောက်အတွက် ၎င်းတို့ဖခင်ထံမှ ကလေးစရိတ်ရယူလိုမှုနှင့် တရားရုံးတွင် လာရောက်လျှောက်ထားလေသည်။ ထိုအခါ တရားသူကြီးကမေးသည်။

'ခင်ဗျားယောက်ျား ဘယ်တုန်းက ထွက်သွားတာလဲ'

'ဆယ့်သုံးနှစ်ရှိသွားပါပြီ'

'ဒါဆိုရင် သူက ဆယ့်သုံးနှစ်ကတည်းက ထွက်သွားတယ်ဆိုရင် ဒီကလေးတွေက ဘယ်လိုရတာလဲ'

'ဒီလိုပါရှင် သူမှားကြောင်း ပြန်လာလာပြီး ပြောတတ်လို့ပါ'

## ကြာလို့

အလွန်တရာ တုန်လှုပ်ချောက်ချားနေသော အမျိုးသမီးတစ်ဦးသည် ရဲစခန်းသို့ ဖုန်းဆက် အကြောင်းကြားသည်။ သူသည် သူငယ်ချင်းတစ်ယောက်နှင့် ဖုန်းဆက် စကားပြောနေစဉ် တစ်ဖက်မှ စကားပြောရပ်သွားပြီး အသက်ပြင်းပြင်းရှူသံများကြားနေရသဖြင့် ရဲကို သတင်းပို့ခြင်းဖြစ်သည်။ သို့နှင့် ရဲစခန်းမှ ရဲအရာရှိတစ်ယောက်သည် အချင်းဖြစ်ရာနေရာကို အပြေးအလွှား ရောက်ရှိသွားပြီး အိမ်ခန်းတံခါးကို ခေါက်သော်လည်း ဘာသံမျှ မကြားရပေ။ ထို့ကြောင့် အိမ်ဘေးပြတင်းပေါက်မှ အိမ်ထဲကို ကြည့်လိုက်ရာ အမျိုးသမီးတစ်ယောက်သည် တယ်လီဖုန်းနံဘေးတွင် လဲနေသည်ကို တွေ့ရသည်။

ရဲအရာရှိလည်း တံခါးကိုဖျက်၍ အိမ်ထဲမဝင်မီ နောက်ဆုံးကြိုးစားသည့်အနေနှင့် တံခါးခေါက်လိုက်သည်။ လဲနေသော အမျိုးသမီးသည် ထလာပြီး တံခါးလာဖွင့်ပေးသည်။ ထို့နောက် ဖြစ်ပုံကို ရှင်းပြသည်မှာ သူငယ်ချင်းနှင့် စကားပြောနေရာ တစ်နာရီကျော်ခန့် ကြာလာသည့်အတွက် အိပ်ငိုက်လာပြီး အိပ်ပျော်သွားခြင်းဖြစ်သည် ဟူ၏။

## လူသတ်သမားအကြောင်းဝတ္ထု

ကျွန်တော်သည် မော်တော်ကားရပ်နားခွင့် အချိန်လွန်သွားသဖြင့် ဒဏ်ငွေဆောင်ရန် သက်ဆိုင်ရာ ရဲစခန်းသို့ သွားရလေသည်။ ရဲစခန်းသို့ရောက်သောအခါ ကြောက်ကြောက်လန့်လန့်ဖြစ်နေသော အမျိုးသမီးတစ်ယောက်ကို တွေ့ရလေသည်။ ကျွန်တော်လည်း ဒဏ်ငွေဆောင်ပြီးနောက် ထွက်လာရာ အခန်းထောင့်ရှိ ခုံရှည်ပေါ်တွင် စာအုပ်တစ်အုပ်ကို ဖတ်ရင်း ထိုင်နေသည့် အမျိုးသမီးကို တွေ့ရပြန်သဖြင့် ကျွန်တော်က သွားပြီး မေးကြည့်သည်။

'အို ဘာမှ မဖြစ်ပါဘူး၊ ဒီလိုပါ၊ ဒီလူသတ်သမားအကြောင်း ဝတ္ထုကို အိမ်မှာ တစ်ယောက်တည်းဖတ်နေတာ ကြောက်လာတာနဲ့ ဒီကိုလာပြီး ဒီဝတ္ထုကို ပြီးအောင်ဖတ်နေတာပါ၊ ဒီမှာက ရဲတွေက အများကြီးပဲဆိုတော့ လုံခြုံမှုရှိတယ်လေ'

## ကွာရှင်းရခြင်းအကြောင်း

တရားသူကြီးက မိန်းမနှင့် ကွာရှင်းခွင့်တောင်းလာသော ယောက်ျားဖြစ်သူကို ဘာကြောင့် ကွာရှင်းချင်သလဲဟု မေးသည်။

'ဒီလိုပါ တရားသူကြီးမင်းခင်ဗျား၊ ကျွန်တော်က မြေအောက်ခန်းတံခါးထိပ်မှာ ဆေးသုတ်နေတုန်း ခြေချော်ပြီး မြေအောက်ခန်းလှေကားတစ်လျှောက် လိမ့်ကျသွားပါတယ်၊ အဲဒီမှာ ကျွန်တော့်မိန်းမဟာ အပြေးအလွှားရောက်လာပြီး သတိလစ်မတတ်ဖြစ်နေတဲ့ ကျွန်တော့်ကို ကြည့်ပြီး ဒီလို ပြောပါတယ်ခင်ဗျား'

'ဟင်နရီ၊ အဲဒီမီးဖိုထဲကို မီးသွေးထပ်ပြီးထည့်လိုက်ဦးတဲ့' ခင်ဗျာ။

## ချစ်တောင်မှ ချစ်တတ်သေးရင်

အသက် ၈၅ နှစ် အရွယ်ရှိပြီဖြစ်သော အဘွားအိုတစ်ယောက်သည် သူ့ယောကျ်ားကို မိန်းမပျိုကလေးတစ်ယောက်နှင့် ချစ်တင်းနှောနေကြသည်ကို တွေ့သည့်အခါ အလွန်တရာမှ ဒေါသထွက်သွားပြီး သူ့ယောကျ်ားကို ကုတ်မှဆွဲထုတ်လာ၍ အိမ်ရှေ့ဝရန်တာမှ အိမ်အောက်သို့ တွန်းချလိုက်လေသည်။

ထိုအခါ သူ့ယောကျ်ားမှာ သေဆုံးသွားလေတော့သည်။ ထို့ကြောင့် သူ့အား တရားစွဲ၍ ရုံးသို့ တင်ပို့လိုက်ရာ တရားသူကြီးက ဘာများ ပြောချင်သေးသလဲ မေးသည်။

အဘွားအိုက တရားသူကြီးအား ပြန်ပြောသည်မှာ-

'တရားသူကြီးမင်းရှင့်၊ ဒီ သက်ကျားအိုကြီးဟာ အသက်ကိုးဆယ့်နှစ်နှစ်ရှိတာတောင်မှ ချစ်တော့ ချစ်တတ်သေးရင် ကျွန်မ တွန်းချလိုက်တဲ့အခါ လေထဲမှာ ပျံတက်ရမှာပေါ့' ဟူသတည်း။

# မုဆိုးမလေးရဲ့မေတ္တာ

ကျေးလက်ဒေသသို့ ခရီးထွက်လာသော ဂျွန်နှင့် ဒေးဗစ် သူငယ်ချင်းနှစ်ယောက်၏ မော်တော်ကားမှာ တစ်နေရာတွင် စက်ပျက်ပြီး ထိုးရပ်သွားသည်။

သူတို့နှစ်ယောက်သည် မလှမ်းမကမ်းတွင် မြင်တွေ့ရသော အိမ်ကြီးဆီသို့ သွား၍ တံခါးကို ခေါက်လိုက်သည်။ တံခါးဖွင့်ပေးသူမှာ ရုပ်ရည်ချောမောလှပသော ငယ်ငယ်ရွယ်ရွယ် မုဆိုးမလေး ဖြစ်သည်။

အကျိုးအကြောင်းသိရသောအခါ မုဆိုးမလေးက 'ရပါတယ်၊ ဒီညတော့ ဒီမှာပဲ စိတ်အေးလက်အေး အိပ်ကြပါ၊ ကျွန်မရဲ့တပည့်တွေကို ရှင်တို့ကားပြင်ခိုင်းပေးပါ့မယ်'

လပေါင်းများစွာကြာသောအခါ ဂျွန်ထံသို့ ဥပဒေကြောင်းဆိုင်ရာ စာရွက်စာတမ်းများ ရောက်ရှိလာသည်။ ဂျွန်သည် စာရွက်စာတမ်းများကို လေ့လာသုံးသပ်ကြည့်ပြီးနောက် သူငယ်ချင်းဒေးဗစ်ထံသို့ ချက်ချင်း ဖုန်းဆက်လိုက်သည်။

ဂျွန်။ 'ဒေးဗစ်၊ တို့ ရွာတစ်ရွာမှာ ကားပျက်နေတုန်းက ဝင်တည်းတဲ့ အိမ်မှာ ညကျတော့ မင်းမုဆိုးမလေးရဲ့အခန်းကို ငါမသိအောင် သွားတယ် မဟုတ်လား'

ဒေးဗစ်။ 'အေးကွာ၊ မင်းပြောတာ မှန်တယ်'

ဂျွန်။ 'အဲဒီတုန်းက ကောင်မလေးကို ငါ့နာမည်သုံးခဲ့တယ် မဟုတ်လား'

ဒေးဗစ်။ 'အေး ဟုတ်တယ်၊ ဒီကိစ္စ မင်း ဘယ်လိုလုပ်ပြီး သိသလဲ'

ဂျွန်။ 'အဲဒီ မုဆိုးမလေး သေသွားပြီကွ၊ မသေခင်မှာ သူ့ပစ္စည်းတွေ အိမ်မြေယာတွေကို ငါ့နာမည်နဲ့ တရားဝင်လွှဲပြောင်းသွားလို့ကွ'

## ရွှေနေအကြံ

တစ်ယောက်နှင့်တစ်ယောက် အနေဝေးကြသော သူငယ်ချင်းနှစ်ဦးသည် တစ်နေ့တွင် လမ်းပေါ်၌ အမှတ်မထင် တွေ့ဆုံမိကြသည်

ပထမလူက 'သူငယ်ချင်း ချိုင်းထောက်ကြီးနဲ့ပါလား၊ ဘာဖြစ်လို့လဲ' ဟု မေးသည်။

ချိုင်းထောက်နှင့် သူငယ်ချင်းက 'လွန်ခဲ့တဲ့ခြောက်လလောက်က ကားတိုက်ခံရလို့ကွ'

ပထမလူက 'ကြာပြီပဲ၊ ချိုင်းထောက်က ဖြုတ်လို့မရသေးဘူးလား'

သူငယ်ချင်း 'ဆရာဝန်ကတော့ ဖြုတ်လို့ရပြီပြောတယ်၊ ဒါပေမယ့် ရွှေနေက မဖြုတ်နဲ့ဦးဆိုလို့'

## နိုင်ငံရေးသမား၏အကြံ

သြဇာရှိသော လုပ်ငန်းရှင်တစ်ဦးသည် နိုင်ငံရေးသမားတစ်ဦးအား ကားတစ်စီးလက်ဆောင်ပေးလိုကြောင်း ကမ်းလှမ်းသည်။

| | |
|---|---|
| နိုင်ငံရေးသမား။ | ခင်ဗျား၊ ကျုပ်ကို ဘာအောက်မေ့လို့လဲ၊ ဒါဟာ လာဘ်ပေးလာဘ်ယူအမှုဗျ၊ လက်မခံနိုင်ဘူး။ |
| လုပ်ငန်းရှင်ကြီး။ | ဒီလိုဆိုရင်ဗျာ၊ ဒီကားသစ်ကို ဒေါ်လာ ၂၀ နဲ့ ရောင်းမယ်ဗျာ။ |
| နိုင်ငံရေးသမား။ | ဟုတ်လား၊ ဒါဆိုရင် ကားနှစ်စီး။ |

## ရဲတွေမရှိဘူး မောင်းလိုက်ကြစို့

တောမှတက်လာသော လူငယ်နှစ်ယောက်သည် ကုန်တင်ကား ယာဉ်မောင်းများ ဖြစ်လာသည်။

တစ်နေ့တွင် ၎င်းတို့နှစ်ယောက်သည် ကုန်အပြည့်တင်ဆောင်ပြီး အဝေးပြေးလမ်းမကြီးအတိုင်း မောင်းနှင်လာရာ တံတားကြီးတစ်ခုသို့ ရောက်ရှိလာသည်။ တံတားကြီးထိပ်တွင် '၁၀ ပေ ၂ လက်မ အမြင့်ထက် ကျော်သော ယာဉ်များ မဝင်ရ' ဟု စာတန်းရေးထားသည်။

၎င်းတို့နှစ်ဦးသည် ကုန်တင်ကားကြီးကို ရပ်ပြီး ပေကြိုးခွေဖြင့် တိုင်းကြည့်ရာ တံတားကြီးမှာ ၁၀ ပေနှင့် ရှစ်လက်မရှိသည်ကို တွေ့ရသည်။

ဤတွင် တစ်ယောက်က 'ဟေ့ကောင် ဒီနားမှာ ရဲတွေမရှိဘူးကွ၊ ကဲ မောင်းလိုက်ကြစို့'

## ကျွန်မယောကျ်ား ရှာပေးပါ

အမျိုးသမီးတစ်ဦးသည် ရဲစခန်းသို့လာရောက်ကာ ၎င်း၏ ယောကျ်ား ပျောက်နေကြောင်း ရဲစာရေးထံ တိုင်ချက်ဖွင့်သည်။

'ကျွန်မယောကျ်ားက အသက် ၂၉ နှစ်၊ အရပ်က ခြောက်ပေ သုံးလက်မ၊ တောင့်တောင့်တင်းတင်းနဲ့ ရုပ်လဲချောတယ်၊ ရှာပေးကြပါရှင်'

အနားတွင်ရှိနေသော ရဲတပ်ကြပ်ကြီးက 'ခင်ဗျားယောကျ်ားကို ကျွန်တော် သိပါတယ်၊ အသက်က ၄၈ နှစ်၊ အရပ်က ခပ်ပုပု၊ ဗိုက်က ပူပူနဲ့'

ထိုမိန်းမက 'ရှင်ပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ဒီလိုလူကြီးကို ဘယ်သူက ပြန်လိုချင်မှာလဲ'

## အမူးပြေဆေး

လူတစ်ယောက်သည် အရက်ဆိုင်ထဲတွင် အရက်တစ်ခွက်ပြီး တစ်ခွက် မှာသောက်ရင်း အလွန်အကျွံ မူးနေသည်။

ထိုသူက စားပွဲထိုးကို လှမ်းခေါ်ပြီး-

'ငါသိပ်မူးနေပြီကွ၊ အမူးပြေဆေးလေး ရှာပေးစမ်းပါကွယ်'

စားပွဲထိုးက ပြန်ပြောလိုက်သည်မှာ-

'မပူပါနဲ့ဆရာ၊ ငွေတောင်းခံလွှာလာတဲ့အခါ အမူးပြေသွားမှာပါ'

## သိပ်သိမှာ စိုးလို့

သားငယ်က မိခင်ဖြစ်သူအား လှမ်းပြောလိုက်သည်။

'ကျွန်တော်တော့ သိပ်သိအောင် မလေ့လာတော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီ မေမေ'

မိခင်က

'ဟဲ့ ဘယ်လိုကြောင့်တုံး'

'လူတစ်ယောက်ကို အီတလီမှာ သေနတ်နဲ့ ပစ်သတ်သွားတယ်လို့ သတင်းစာထဲမှာ ဖတ်ရတယ်၊ ဘာကြောင့်လဲဆိုတော့ သိပ်သိနေလို့ သတ်ပစ်လိုက်တာတဲ့ မေမေ'

## ထောင်ထဲကအကြံ

ထောင်ကျတစ်ဦး အကျဉ်းထောင်သို့ရောက်ရှိလာသော ပေးစာမှန်သမျှကို သက်ဆိုင်ရာက စိစစ်ပြီးမှ ဖြန့်ပေးနေကြောင်း သတိထားမိသည်။

တစ်နေ့တွင် သူ့ထံသို့ ဇနီးဖြစ်သူထံမှ စာတစ်စောင်ရောက်လာသည်။ စာထဲတွင် အိမ်နောက်ဖေးခြံအတွင်း ဘယ်အချိန် အားလူးစိုက်ရမလဲ မေးမြန်းထားသည်။

သူက ချက်ချင်း စာပြန်လိုက်သည်။

နောက်ဖေးခြံထဲကို ဘယ်အခြေအနေရောက်ရောက် လုံးဝတူးခြင်း ဆွခြင်း မလုပ်ပါနဲ့၊ အဲဒီခြံထဲမှာ ငွေသေနတ်တွေအားလုံး မြှုပ်ထားခဲ့တယ်။

ရက်ပိုင်းအတွင်း သူ့ဇနီးထံမှ အောက်ပါအတိုင်း စာရသည်။

'လူခြောက်ယောက်ရောက်လာပြီး နောက်ဖေးခြံတစ်ခုလုံးကို တစ်လက်မတောင် မချန်ဘဲ တူးဆွသွားကြတယ်'

ဇနီးဖြစ်သူသည် ခင်ပွန်းသည် အကျဉ်းသားထံမှ ရရှိသည့် ပြန်စာတွင် 'ကဲ အခုအချိန်ကစပြီး အာလူးစိုက်ပေတော့' ဟု ဖော်ပြထားသည်ကို တွေ့ရ၏။

## မင်းအပြစ်

လေးရက်ကြာခန့် တောလိုက်သွားခဲ့သော ခင်ပွန်းသည် အိမ်ရောက်ရောက်ချင်း သူ့ လက်ထပ်လက်စွပ် ပျောက်ခဲ့ကြောင်း မြည်တွန် တောက်တီး ပြောကြားနေသည်။

ဇနီးသည်က 'ဘယ်လိုဖြစ်ခဲ့တာတုံး' ဟု မေးသည်။

'ဘယ်လိုဖြစ်ရမှာလဲ၊ မင်းအပြစ်ကြောင့် လက်စွပ်ကျပျောက်ခဲ့တာ၊ ငါ့အင်္ကျီ ဘောင်းဘီအိတ်ကတ်တွေမှာ အပေါက်တွေ ဖြစ်နေတယ်လို့ မင်းကို ငါ ခဏ ခဏ ပြောထားသားပဲ'

## ကြောင်လည်း ချမ်းသာမပေး

'စက်ဘီး...လမ်းမပေါ်မှာ ကြောင်လေးတွေမွေးမိတဲ့ ကြောင်မကြီးတစ်ကောင်အကြောင်း ခင်ဗျား ကြားပြီးပြီလား၊ အဲဒီ ကြောင်မကြီးကို လမ်းညစ်ပတ်အောင်လုပ်မှုနဲ့ ဒဏ်ရိုက်လိုက်သတဲ့'

## အခုမှ သတိရတော့တယ်

လူတစ်ယောက်သည် တစ်ညလုံး ပျော်ပါးသောက်စားပြီး တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် အိမ်သို့ပြန်လာရာ လမ်းကျမှ သူ့ဦးထုပ် ပါမလာကြောင်း သိရသည်။

သူ့ဦးထုပ်အစားပြန်ရဖို့ ဘုရားရှိခိုးကျောင်းသွားပြီး တစ်ယောက်ယောက်၏ ဦးထုပ်တစ်လုံးကို အလစ်သုတ်မည်ဟု ဆုံးဖြတ်လိုက်သည်။

ဘုရားရှိခိုးကျောင်းထဲရောက်သည့်အခါ ခရစ်ယာန်ဘုန်းတော်ကြီးက ပညတ်တော်ဆယ်ပါးအကြောင်း ဟောပြောနေသည်ကို တွေ့ရသည်။

ဟောပြောအပြီးတွင် သူသည် ဘုန်းတော်ကြီး ရှေ့မှောက်သွားရောက်ကာ မိမိလာစဉ်က ဦးထုပ်တစ်လုံးခိုးရန် ရည်ရွယ်ခဲ့ကြောင်း၊ သို့ရာတွင် ဘုန်းတော်ကြီး၏ တရားကို နာရပြီးနောက် ဦးထုပ်ခိုးမည့် အကြံအစည်ကို စွန့်လွှတ်ခဲ့ပါကြောင်း ပြောကြားသည်။

ဘုန်းတော်ကြီးက 'အေးကွာ၊ ကောင်းတာပေါ့၊ ဘယ်လိုတရားသဘောပေါက်ပြီး စိတ်ပြောင်းသွားတာလဲ' ဟု မေးသည်။

၎င်းတွင် ထိုသူက 'ဘုန်းကြီးက သူများသားမယားကို ပစ်မှားခြင်းအကြောင်း ဟောလိုက်တာကြားလိုက်ရတော့ ကျွန်တော့် ဦးထုပ် ဘယ်မှာကျန်ရစ်ခဲ့တယ်ဆိုတာ သတိရသွားလို့ပါ' ဟု ဖြေလိုက်သည်။

# အကြံအဖန်

ပင်စင်စားသုံးဦးသည် ပင်လယ်ကမ်းခြေစခန်းတစ်ခုရှိ ခုံတန်းပေါ်တွင် ထိုင်နေရင်း စကားပြောကြသည်။

ပထမပင်စင်စား။ ဘယ်လိုလုပ်ပြီး ခင်ဗျား ဒီကိုရောက်လာတာလဲ။

ဒုတိယပင်စင်စား။ ကျွန်တော် အထည်စက်ရုံထောင်တယ်၊ ပထမကတော့ လုပ်ငန်းအဆင်ပြေတယ်၊ နောက်တော့ အပြိုင်အဆိုင်တွေ သိပ်များလာတော့ တွက်ခြေမကိုက်တော့ဘူး၊ တစ်နေ့တော့ စက်ရုံက ပိုက်လုံးတွေ ပေါက်ကွဲပြီး အထည်စက်တစ်ခုလုံး သုံးမရအောင် ပျက်စီးသွားတယ်၊ အလုပ်က အငြိမ်စားယူပြီး အဲဒီ စက်ရုံကရတဲ့ အာမခံငွေနဲ့ ဒီကို ရောက်လာတာပဲ၊ ခင်ဗျားကကော။

ပထမပင်စင်စား။ ကျွန်တော်က သေတ္တာကုမ္ပဏီတစ်ခု ထောင်ခဲ့တာ၊ အစပိုင်းမှာ လုပ်ငန်းကောင်းပါတယ်၊ နောက်ပိုင်းမှာ ကုန်ကြမ်းဈေးတွေ အရမ်း ထိုးတက်ကုန်တော့ ကျွန်တော့်လုပ်ငန်း ပျက်ပြီး ဒေဝါလီခံရမလို ဖြစ်သွားတော့တာပါပဲ၊ ကံကောင်းချင်တော့ စက်ရုံ မီးလောင်ခံရပြီး ရတဲ့အာမခံငွေနဲ့ ဒီကို ရောက်လာတာပါပဲ။

တတိယပင်စင်စား။ ကျုပ်ရဲ့ အထည်ချုပ်စက်ရုံက အစပိုင်းတော့ အဆင်ပြေသား။ တခြားပြိုင်ဘက်လုပ်ငန်းရှင်တွေက ဈေးတွေချပြီး အပြိုင်ရောင်းကြတော့ ကျွန်တော့် လုပ်ငန်းပျက်ပြီး ချွတ်ချုံကျလုနီးပါး ဖြစ်သွားတယ်၊ အဲဒီမှာတင် လေမုန်တိုင်းကြီးတိုက်လိုက်တာ ကျွန်တော့် အထည်ချုပ်စက်ရုံတစ်ခုလုံး ပြားပြားဝပ် ပျက်စီးတယ်၊ ဒီအတွက် ရတဲ့ အာမခံငွေနဲ့ အငြိမ်းစားယူပြီး ဒီကို ရောက်လာတာ။

ဤတွင် ပထမပင်စင်စားနှင့် ဒုတိယပင်စင်စားတို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မေးလိုက်သည်မှာ-

'ခင်ဗျား လေမုန်တိုင်းတိုက်အောင် ဘယ်လိုလုပ်လိုက်တာလဲ'

## ငြင်းလို့မရတော့ဘူး

တရားရုံးတစ်ရုံးတွင် ဘိန်းဖြူရောင်းချသည်ဆိုမှုဖြင့် တရားခံတစ်ဦးအား စစ်ဆေးလျက်ရှိသည်။

တရားသူကြီးတစ်ဦးက တရားမဝင်ရောင်းချသော ဘိန်းဖြူ ပမာဏကို သိလိုသဖြင့် တရားလိုအကျိုးဆောင်နှင့် တရားခံအကျိုးဆောင်တို့အား 'တစ်အောင်စမှာ ဂရမ်ဘယ်လောက်ရှိသလဲ' ဟု မေးလိုက်သည်။

အကျိုးဆောင်နှစ်ဦးမှာ ရုတ်တရက် မပြောတတ်သဖြင့် ၎င်းတို့၏ မှတ်စုစာအုပ်များကို ဟိုလှန်သည်လှန်လုပ်နေစဉ် တရားခံက ဂုဏ်ယူသောလေသံဖြင့် ဖြေလိုက်သည်။

'တစ်အောင်စကို ၂၈ ဒသမ ၃၀ ဂရမ်ရှိပါတယ် တရားသူကြီးမင်း'

ဤတွင် တရားခံအကျိုးဆောင်က ပြောလိုက်ပုံမှာ-

'ကိုယ့်လူ အပြစ်ရှိပါတယ်လို့သာ ဝန်ခံလိုက်ပေတော့' ဟူသတည်း။

## သတင်းထောက်ဆိုတော့

သတင်းထောက်ပေါက်စ တစ်ဦးသည် လူသတ်မှုဖြစ်ပွားကြောင်း ဦးဦးဖျားဖျား သတင်းရရှိသဖြင့် တက္ကစီတစ်စီးကို ချက်ချင်းမှာလိုက်ပြီး ကားထဲသို့ ခုန်ဝင်ကာ ယာဉ်မောင်းအား လိပ်စာပေးလိုက်သည်။ လူသတ်မှုဖြစ်ပွားရာသို့ ရောက်သောအခါ လူအချို့ဝိုင်းအုံနေကြသည်ကို တွေ့ရသည်။

သတင်းထောက်ပေါက်စသည် ရပ်ကြည့်နေသူများအား အခင်းဖြစ်ပွားပုံကို မေးမြန်းသည်။ အသတ်ခံရသူ၏ အိမ်နီးနားချင်းများနှင့် တွေ့ဆုံမေးမြန်းသည်။ အသတ်ခံရသူ၏ ဆွေမျိုးသားချင်းနှင့်လည်း တွေ့ဆုံသည်။ အမှုဖြစ်ပွားပုံကို ပြောပြခိုင်းသည်။

ထို့နောက် သူသည် လှုပ်ရှားမှုအဝဝကို စိတ်ဝင်စားစွာလေ့လာကြည့်ရှုနေသော လူတစ်ယောက်အား တွေ့ရသဖြင့် ၎င်းထံသွားပြီး 'ခင်ဗျားက အိမ်နီးနားချင်းလား' ဟု မေးသည်။

ထိုသူက 'မဟုတ်ပါဘူး'

'သေသူနှင့် ဆွေမျိုးတော်သလား'

'မတော်ပါဘူး'

အသတ်ခံရသူနဲ့ ခင်ဗျား ဘယ်လိုပတ်သက်သလဲ'

'ဘယ်လိုမှ မပတ်သက်ပါဘူး'

'ဒါဖြင့် ဘာဖြစ်လို့ ခင်ဗျား ဒီနေရာကို လာခဲ့တာလဲ'

ဤတွင် ထိုသူက ဖြေလိုက်သည်။

'ဘာဖြစ်လို့ ဒီနေရာကို လာရသလဲဆိုတော့ ကျုပ်က ခင်ဗျားကို ခေါ်လာတဲ့ ယာဉ်မောင်းလေ'

# အကြံပိုင်လိုက်ပုံများ

လူတစ်ယောက်သည် ဆံပင်ညှပ်ဆိုင်အတွင်းသို့ ဝင်လာပြီး ဆံပင်ညှပ်ဆရာအား မေးလိုက်သည်။ 'ဘယ်နှစ်ယောက်ကျန်သေးလဲ'

ဆံပင်ညှပ်ဆရာက 'ခြောက်ယောက်ရှိသေးတယ်' ဟု ပြန်ဖြေသည်။

ထိုလူက 'ကောင်းတယ် ကောင်းတယ်' ဟု ပြောပြီး၊ ပြန်ထွက်သွားသည်။ သုံးလေးရက်ခန့်အကြာတွင် ထိုလူသည် ဆိုင်အတွင်းသို့ ပြန်ရောက်လာသည်။

'ဘယ်နှစ်ယောက်ကျန်သေးလဲ' ဟု မေးပြန်သည်။ ဆံပင်ညှပ်ဆရာက 'ကိုးယောက်ကျန်သေးတယ်' ဟု ပြန်ဖြေသည်။

'ဟာ သိပ်ကောင်းတာပဲ' ဆိုပြီး ထိုလူသည် ဆိုင်ထဲမှ ပြန်ထွက်သွားသည်။ နောက်တစ်နေ့၌လည်း ထိုလူရောက်ရှိလာပြီး အလားတူမေးကာ ပြန်ထွက်သွားသည်။ ဤတွင် ဆံပင်ညှပ်ဆရာသည် မသင်္ကာဖြစ်လာသည်နှင့် သူ့တပည့်တစ်ဦးကို 'ဟေ့ကောင်၊ အဲဒီငနဲ နောက်ကို လိုက်ကြည့်စမ်း၊ ဘယ်သွားသလဲလို့' ဟု ခိုင်းလိုက်သည်။

သူ့တပည့်က ခိုင်းသည့်အတိုင်း လိုက်သွားသည်။ ခဏအကြာတွင် တပည့်ဖြစ်သူ ပြန်ရောက်လာပြီး အဖြေပေးလိုက်သည်။

'ဆရာ့အိမ်ထဲ ဝင်သွားတာတွေ့ရတယ်'

## ဘယ်သူသေမှာလဲ

သေတော့မည်ကို သိနေသော အဘိုးအိုက ဇနီးသည်ကိုခေါ်ပြီး သားသမီးများအတွက် မှာကြားသည်။

'ဆာရာရယ်၊ ကိုယ်မရှိတော့ရင် သားကြီးဒေးဗစ်ကို စတိုးဆိုင်လေးကို ထိုင်ခိုင်းပါကွယ်'

ဇနီးသည်က 'အဖေကြီးကလဲ ဒေးဗစ်ကို ထိုင်ခိုင်းလို့ ဘယ်ဖြစ်မလဲ၊ ဂျိုးကမှ စိတ်ချရတာ၊ သူထိုင်မှ ဖြစ်မယ်'

အဘိုးအိုက အားမရှိသောလေသံဖြင့် ခေါင်းကိုညိတ်ရင်း၊ 'အင်း လုပ်လိုက်လေ၊ ဒါပေမယ့် မြင်းရထားကိုတော့ သားငယ်ဟယ်ရီကို ပေးလိုက်ပါ'

'ဘင်နီတို့မိသားစုအတွက် ပိုပြီးလိုတယ် အဖေကြီးရဲ့' ဇနီးသည်က ပြောလိုက်သည်။

'ကဲ ကွယ် မင်းသဘောပဲ၊ ဘင်နီကိုပေးလိုက်၊ သမီးအန်းကိုတော့ တောကအိမ်လေးကို ပေးလိုက်ပါကွယ်'

'အဖေကြီးကလဲ အန်းက တောဆိုရင် သိပ်မုန်းတာအဖေကြီးသိသားနဲ့၊ အဲဒီအိမ်ကို ရှိုးသာလီကို ပေးလိုက်ပါ'

ဤတွင် အဘိုးအိုက ထအော်လိုက်သည်။

'အမေကြီး၊ သေမှာက မင်းလား ငါလား'

## လိမ်တာပဲ

ဂွန်သည် သူ၏ ကြက်တူရွေးကို စကားပြောသင်ပေးနေသည်။

ဂွန်။ ငါပြောတာလိုက်ဆို၊ ကျွန်တော် လမ်းလျှောက်နိုင်ပါတယ်။

ကြက်တူရွေး။ ကျွန်တော် လမ်းလျှောက်နိုင်ပါတယ်။

ဂွန်။ ကျွန်တော် စကားပြောနိုင်ပါတယ်။

ကြက်တူရွေး။ ကျွန်တော် စကားပြောနိုင်ပါတယ်။

ဂွန်။ ကျွန်တော် ပျံနိုင်ပါတယ်။

ကြက်တူရွေး။ အဲဒါ လိမ်တာပဲ။

## မပူပါနဲ့ကွယ်

တစ်ခုသောလင်းအားကြီး နံနက်ခင်းအချိန်တွင် ခိုးရာလိုက်ပြေးရန် စီစဉ်ထားသော အမျိုးသမီးလေးသည် အိပ်ခန်းပြတင်းပေါက်ကို ခေါက်သံကြားသဖြင့် အိပ်ရာမှထပြီး ဖွင့်ကြည့်လိုက်ရာ ချိန်းထားသော ချစ်သူရည်းစား လှေကားထောင်၍ တက်လာသည်ကို တွေ့ရသည်။

ရည်စားက 'အဆင်သင့်ဖြစ်ပြီလား၊ လှေကားက ဆင်းမယ်လေ'

ချစ်သူအမျိုးသမီးက အသံတိုးတိုးဖြင့် 'ရှင့်အသံက သိပ်ကျယ်တာပဲ၊ ရှင့်ကြောင့် ဖေဖေနိုးလာရင် ခက်ကုန်လိမ့်မယ်' ဟု ပြောလိုက်သည်။

ဤတွင် ရည်းစားက 'ဖေဖေနိုးလာမယ် ဟုတ်လား၊ မပူပါနဲ့ကွယ်၊ အောက်ကနေပြီး လှေကားကိုင်ပေးနေတာ ဘယ်သူအောက်မေ့လဲ' ဟု မေးလိုက်၏။